# (၁၀) ကြိမ်မြောက် နှစ်ပတ်လည် အမျိုးသမီးနှီးနှောဖလှယ်ပွဲ၏ မှတ်တမ်း

၂၀၁၁ ခုနှစ် မတ်ချ်လ ၆–၉ ရက်နေ့



ရောင်းရန်မဟုတ်ပါ

Burmese Version

# မာတိကာ


- ထုတ်ဝေသူ၏အမှာ ...... ၂
- ဦးဆောင်ဖို့အချိန်တန်ပြီ ...... ၃
- သမိုင်းကိုပြန်လည်ထင်ဟပ်ခြင်းနှင့် ရှေ့သို့နှင်ခြင်း ...... ၅
- ဒေသအသီးသီးမှ အမျိုးသမီးနိုးနှောဖလှယ်ပွဲအုပ်စုများ၏ ၂၀၁၀ ခုနှစ်အတွင်း လှုပ်ရှားဆောင်ရွက်မှုများအား အစီရင်ခံစာတင်သွင်းခြင်း ...... ၆
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆန့်ကျင်ရေး ...... ၂၀
- နိုင်ငံရေးဆိုင်ရာ ငွေကြေးအကူအညီ ...... ၂၄
- အိမ်တွင်းအလုပ်အား အလုပ်အဖြစ် အသိအမှတ်ပြုခြင်း ...... ၂၇
- စီဒေါ ...... ၃၃
- လိင်ပိုင်းဆိုင်ရာပညာပေး ...... ၃၆
- ရွှေ့ပြောင်းခြင်းနှင့် အလုပ်သမားများအပေါ် ခေါင်းပုံဖြတ်ခြင်း ...... ၃၉
- အာစီယံနှင့် လူ့အခွင့်အရေးဆိုင်ရာယန္တရားများ...... ၄၁
- ပြည်တွင်းရွှာပုံးရှာရှောင် ဒုက္ခသည်အမျိုးသမီးနှင့် ကလေးများ၏အခြေအနေ ...... ၄၅
- နပျိုလန်းဆန်းခြင်းအစီအစဉ်များ ...... ၅၀
- နှစ်(၁၀၀) ပြည့် နိုင်ငံတကာအမျိုးသမီးများနေ့အထိမ်းအမှတ်အတွက် အမျိုးသမီးနိုးနှောဖလှယ်ပွဲအဖွဲ့၏ အထူးအစီအစဉ် ...... ၅၁
- တက်ရောက်လာသူအမျိုးသမီးများမှ ဒေါ်အောင်ဆန်းစုကြည်၏ သတင်းစကားအပေါ် ပြန်လည်တုံ့ပြန်ခြင်း ...... ၅၃
- နှစ်တစ်ရာပြည့်နိုင်ငံတကာအမျိုးသမီးများနေ့ချီတက်ပွဲတွင် ကိုင်ဆောင်မည့်စာတမ်း၊ ဆိုင်းဘုတ်များပြင်ဆင်ခြင်းနှင့် ချီတက်ရာတွင် ရွတ်ဆိုမည့်သံပြိုင်အတွက် လေ့ကျင့်ခြင်း ...... ၅၅
- တက်ရောက်လာသော အမျိုးသမီးများအတွက် ညစာစားပွဲကျင်းပခြင်း ...... ၅၆
- အမျိုးသမီးနိုးနှောဖလှယ်ပွဲကြီး နောက်ဆုံးနေ့အစီအစဉ် ...... ၅၇
- နောင်နှစ်မှာ ဘယ်လိုအပြောင်းအလဲမြင်ချင်လဲ ...... ၅၈



စာအုပ်ရဲ့မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသည့်နှစ် | မတ်ချ်လ ၂၀၁၂ (အုပ်ရည် ၁၀၀၊ ပထမအကြိမ်) |
| | မျတ်ချလ ၂၀၁၃ (အုပ်ရည် ၅၀၀၊ ဒုတိယအကြိမ်) |
| ထုတ်ဝေသူ | မက် (ပ်) ဖေါင်ဒေးရှင်း |
| စီစဉ်သူ | ကျက်ဂိဖေါလောက်ခ်၊ မိုင်းမိုင် နှင့် အာရ်အဲ (ပ်)အေ အဖွဲ့ |
| အချက်အလက်စုဆောင်းသူ | (၁၀) ကြိမ်မြောက်နှစ်ပတ်လည်အမျိုးသမီးနိုးနှောဖလှယ်ပွဲ၏မှတ်တမ်း |
| စာသားတည်းဖြတ် | မိုင်းမိုင် |
| မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း | တုမ်မောက်ဟန် |



MAP Foundation
P. O. Box 7. Chiang Mai University, Chiang Mai 50202
Tel/Fax: 053 811 202 / 053 271 551
E-mail: media@mapfoundationcm.org
Website: www. mapfoundationcm.org

# ထုတ်ဝေသူ၏ အမှာ

ဤစာအုပ်သည် ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ၂၀၁၁ ခုနှစ် မတ်လ ၆–၉ ရက်နေ့အတွင်း ကျင်းပသော (၁၀) ကြိမ်မြောက်နှစ်ပတ်လည်အမျိုးသမီးနှီးနှောဖလှယ်ပွဲ၏မှတ်တမ်းများကို စုစည်းပြီး အမျိုးသမီးတို့နှင့်သက်ဆိုင်သော စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်တွင်းအကြမ်းဖက်မှုနှင့်ဆိုင်သော အကြောင်းအရာများတို့ပါဝင်ပြီး ထုတ်ဝေသောစာအုပ်ဖြစ်ပါသည်။

ဤစာအုပ်ထုတ်ဝေခြင်း၏ရည်ရွယ်ချက်မှာ အမျိုးသမီးနှီးနှောဖလှယ်ပွဲတွင် ဆွေးနွေးခဲ့ရသောအကြောင်းအရာများနှင့် ဗဟုသုတများကို နှီးနှောဖလှယ်ပွဲတွင်ပါဝင်ကြသော ညီအစ်မများမှ မိမိဒေသအသီးသီးသို့ ပြန်ရောက်သွားသည့်အခါ ဒေသအသီးသီးမှာရှိနေကြသော အမျိုးသမီးများကို ပြန်လည်တင်ပြဆွေးနွေးရန်ဖြစ်သည့်ပြင် အမျိုးသမီးထုတစ်ရပ်လုံး၏အနေအထားမြှင့်မားတိုးတက်လာအောင်ဖြစ်သည်။ ထို့အပြင် ဤစာအုပ်တွင်ပါဝင်သော အကြောင်းအရာများကိုလည်း အမျိုးသမီးစွမ်းရည်မြှင့်တင်ရေးအတွက် ဆွေးနွေးပွဲများပြုလုပ်ရာတွင်လည်းအသုံးပြုနိုင်ပါသည်။

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အချက်အလက်များကိုစုဆောင်းတင်ပြဆွေးနွေးပေးခဲ့သော ဦးဆောင်သူများအားလုံး၊ စိတ်အားထက်သန်စွာပါဝင်ဆွေးနွေးခဲ့ကြသော အမျိုးသမီးများအားလုံးကိုသော်လည်းကောင်း၊ မှတ်တမ်းတင်ပေးသော ညီအစ်မများအားလုံးတို့ကို ကျေးဇူးအထူးတင်ရှိပါကြောင်း လေးစားစွာဖြင့်မှတ်တမ်းတင်လိုက်ပါသည်။

မက် (ပ) ဖေါင်ဒေးရှင်း
တိုင်းရင်းသားအလုပ်သမားကျန်းမာရေးနှင့် ပညာပေးအစီအစဉ်

# နှစ် ၁၀၀ ပြည့် နိုင်ငံတကာအမျိုးသမီးများနေ့ ထုတ်ပြန်ကြေညာချက်

# ဦးဆောင်ဖို့ အချိန်တန်ပြီ

၂၀၁၀ ခုနှစ်၊ မတ်ချီလ ၈ ရက်။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ က မတ်ချီလ ၈ ရက်နေ့ဟာ တစ်ကမ္ဘာလုံးအတွက် နေ့ထူးနေ့မြတ်တစ်ရက်ဖြစ်ခဲ့ပါတယ်။ တစ်နှစ်ပတ်လုံးမှာ ဒီမတ်ချီလ ၈ ရက်နေ့ဟာ အမျိုးသမီးတွေရဲ့ စစ်မှန်တဲ့ အသံကြားရတဲ့ရက်ဖြစ်သလို အမျိုးသမီးတွေရဲ့ လှုပ်ရှားမှုတွေကို ဂုဏ်ပြုကျင်းပတဲ့ နေ့ရက်လည်း ဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ နှစ် ၁၀၀ နောက်ပိုင်းမှာတော့ တစ်ရက်ဆိုတဲ့ အချိန်ဟာ ကျမတို့အတွက် မလုံလောက်တော့ပါဘူး။ ကျမတို့ရဲ့ အသံတွေကို နေ့တိုင်း ထုတ်ဖော်ပြောဆိုချင်တယ်၊ ကျမတို့ရဲ့ လှုပ်ရှားဆောင်ရွက်မှုတွေကို နေ့တိုင်းဂုဏ်ပြုချင်ပါတယ်။ နေ့စဉ်နေ့တိုင်း၊ နှစ်စဉ်နှစ်တိုင်းမှာ အမျိုးသမီးအားလုံးအတွက် တန်းတူညီမျှမှုကို လိုချင်ပါတယ်။ ကျမတို့လိုချင်တဲ့ ပန်းတိုင်ကိုရောက်ဖို့အတွက် ဒီနေ့ဒီအချိန်ဟာ ကျမတို့အမျိုးသမီးတွေအနေနဲ့ နိုင်ငံရေး၊ အလုပ်သမားရေး၊ ဒီမိုကရေစီရေးနဲ့ ငြိမ်းချမ်းရေးလှုပ်ရှားမှုတွေမှာ လက်တွေ့ကျကျ ဦးဆောင်မှုနေရာကို ယူသင့်တဲ့အချိန် ကျရောက်နေပြီလို့ ကျမတို့ ယုံကြည်ပါတယ်။

နိုင်ငံတကာအမျိုးသမီးများနေ့ကို ဖြစ်ပေါ်လာစေတဲ့ အဓိကကျတဲ့ လှုပ်ရှားမှုတွေ ရှိခဲ့ပါတယ်။ အဲဒီနေ့ကို အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့မှာရှိတဲ့ အမျိုးသမီးအလုပ်သမားတွေ၊ အများအားဖြင့် ရွှေ့ပြောင်းအမျိုးသမီး အလုပ်သမားတွေကနေ အလုပ်ချိန်လျှော့ပေးဖို့၊ သင့်တင့်လျောက်ပတ်တဲ့ လုပ်အားခရရှိဖို့နဲ့ မဲပေးခွင့်ရဖို့အတွက် ချီတက်ဆန္ဒပြခဲ့ရာကနေ စတင်ခဲ့ပါတယ်။ အဲဒီနေ့ကို ဥရောပမှာရှိတဲ့ အမျိုးသမီးသန်းပေါင်းများစွာက အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများ အဆုံးသတ်စေဖို့၊ အမျိုးသမီးတွေရဲ့ အလုပ်လုပ်ပိုင်ခွင့်ရရှိဖို့၊ အရည်အသွေးတွေ မြှင့်တင်ခွင့်ရဖို့၊ အစိုးရရုံးတွေမှာ ပါဝင်လုပ်ဆောင်ခွင့်ရဖို့နဲ့ မဲပေးခွင့်ရဖို့အတွက် တောင်းဆိုတိုက်ပွဲဝင်ပြီး စတင်ခဲ့ပါတယ်။ ဒါ့အပြင် အဲဒီနေ့ကို ရာထောင်ချီတဲ့ ရုရှားအမျိုးသမီးပေါင်းများစွာက အစားအစာရရှိဖို့၊ ငြိမ်းချမ်းရေးနဲ့ မြေယာပိုင်ဆိုင်ခွင့်တွေရဖို့အတွက် တိုက်ပွဲဝင် စတင်ခဲ့တဲ့နေ့လည်းဖြစ်ပါတယ်။

ဒီကနေ့ နိုင်ငံတကာအမျိုးသမီးများနေ့ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ ကနေစပြီး လှုပ်ရှားမှုအသီးသီးမှာ လူမှုရေးဆိုင်ရာ တရားမျှတမှုအတွက် အမျိုးသမီးတွေရဲ့ဦးဆောင်မှုကို ဂုဏ်ပြုတဲ့နေ့တနေ့ဖြစ်ပါတယ်။ ဒီဦးဆောင်မှုဟာ သမိုင်းတွေထဲမှာပျောက်ကွယ်နေလေ့ရှိပြီး မှတ်တမ်းတင်ခြင်းလည်း ခံရလေ့မရှိတဲ့ ဦးဆောင်မှုတွေ ဖြစ်ပါတယ်။ အမျိုးသမီးရေးရာအတွက်ကို အမျိုးသမီးတွေပဲ ဦးဆောင်တယ်ဆိုပြီး သတ်မှတ်ခံရတဲ့ ဒီဦးဆောင်မှုဟာ အမျိုးသမီးတွေက အမျိုးသမီးအခွင့်အရေးအတွက် လှုပ်ရှားတဲ့ လုပ်ဆောင်ချက်တခုအနေနဲ့သာ သတ်မှတ်ခံခဲ့ရပါတယ်။ အမျိုးသမီးတွေဟာ အလုပ်သမားအခွင့်အရေး၊ လူတိုင်းအတွက် မဲပေးခွင့်ရရေး၊ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီရေးအတွက် လှုပ်ရှားမှုတွေကို ဦးဆောင်ခဲ့ကြသူတွေ ဖြစ်ပါတယ်။ ဒီလို ကျမတို့ရဲ့ ဦးဆောင်မှုတွေကို အသိအမှတ်ပြုပေးဖို့ ကျမတို့ တောင်းဆိုပါတယ်။ ဒီကနေ့ကမ္ဘာပေါ်မှာ နောက်ထပ် အမျိုးသမီးခေါင်းဆောင်တွေအတွက် နေရာပေးဖို့ကိုလည်း တောင်းဆိုပါတယ်။

# (၁၀) ကြိမ်မြောက်နှစ်ပတ်လည်အမျိုးသမီးနိုးနှောဖလှယ်ပွဲ မှတ်တမ်း

လွန်ခဲ့တဲ့ ၂ နှစ်က မြန်မာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ တရုတ်နဲ့ ထိုင်းနိုင်ငံမှာရှိတဲ့ သိုးမွေးစက်ရုံက အမျိုးသမီးအလုပ်သမားတွေက သူတို့ရဲ့ဆိုးဝါးလှတဲ့ လုပ်ငန်းခွင်အခြေအနေကို ဖန်တီးခဲ့တဲ့ ကမ္ဘာ့စီးပွားရေးစနစ်ကိုဆန့်ကျင်တဲ့ ဆန္ဒပြတောင်းဆိုမှုတွေမှာ ဦးဆောင်ပါဝင်ခဲ့တာကို ကျမတို့တွေ့ရပါတယ်။ ကုန်သွယ်ရေး သမဂ္ဂတွေရဲ့ ဦးဆောင်မှုအခန်းကဏ္ဍမှာ ကျမတို့အမျိုးသမီးတွေ ပိုမိုပါဝင်ဖို့ လိုအပ်နေပါတယ်။ နိုင်ငံတကာ ကုန်သွယ်ရေးရာသမဂ္ဂရဲ့ ဥက္ကဋ္ဌဟာ ဩစတြေးလျားအမျိုးသမီးတဦးဖြစ်တဲ့ ရှရွန်ဘာရိုးဖြစ်ပါတယ်။ ကျမတို့အနေနဲ့ ကျမတို့ကို ကိုယ်စားပြုတဲ့ အမျိုးသမီးတွေ ပိုပြီးလိုအပ်နေပါတယ်။

ဒေါ်အောင်ဆန်းစုကြည်ဟာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီခေါင်းဆောင်တွေထဲက တစ်ယောက်ဖြစ်ပါတယ်။ ဒါပေမဲ့ အစိုးရအဖွဲ့မှာ နေရာပေးခြင်းမခံရပါဘူး။ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အမျိုးသမီးနိုင်ငံရေးခေါင်းဆောင်အားလုံးကို အသိအမှတ်ပြုပေးဖို့ ကျမတို့ တောင်းဆိုပါတယ်။

လစ်ဗျား၊ ဘာဟရိန်း၊ တူနီးရှား၊ အိုမန်နဲ့ အီရန်မှာရှိတဲ့ ကျမတို့ ညီအစ်မတွေဟာ လွတ်မြောက်ရေးအတွက် သူတို့ရဲ့ ဘဝတွေကို လမ်းပေါ်မှာ ပေးဆပ်နေကြပါတယ်။ သူတို့နောက်ကို လိုက်ကြပါ၊ ကျမတို့နောက်ကို လိုက်ကြပါ၊ ကမ္ဘာကြီးဟာ အမျိုးသမီးခေါင်းဆောင်တွေ လိုအပ်နေပါတယ်။ ကျမတို့ ဦးဆောင်ဖို့အတွက် အချိန် ရောက်ပါပြီ။ ❑



# သမိုင်းကို ပြန်လည်ထင်ဟပ်ခြင်းနှင့် ရှေ့သို့နှင်ခြင်း

# *(Reflect Back: Move Forward)*

၁၉၉၈ ခုနှစ်တွင် အမျိုးသမီးနှီးနှောဖလှယ်ပွဲကို အမျိုးသမီးအုပ်စုတစ်စုဖြင့် ချင်းမိုင်တွင်စတင်ခဲ့ပြီး ထိုအမျိုးသမီးများမှ မဲဆောက်၊ မဲဟောင်ဆောင် စသည်ဖြင့် ဒေသအသီးသီးသို့ပြန်ကြပြီး ထိုနေရာများတွင်လည်း အမျိုးသမီးနှီးနှောဖလှယ်ပွဲကို စတင်လုပ်ဆောင်ခဲ့ရမှ ယခုဆိုလျှင် နေရာဒေသ (၉) နေရာ၌ အမျိုးသမီးနှီးနှောဖလှယ်ပွဲများ ပြုလုပ်လာနိုင်ပြီဖြစ်သည်။ အချို့သောဒေသများတွင် ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်ဆောင်ရွက်ရေးအဖွဲ့မှလည်း အမျိုးသမီးဆွေးနွေးပွဲကို ဦးဆောင်ပြုလုပ်လာပြီဖြစ်သည်။

ဤအမျိုးသမီးနှီးနှောဖလှယ်ပွဲများကို မတူညီသည့် နောက်ခံသမိုင်းကြောင်းမှ အမျိုးသမီးများအတွက် သီးသန့်ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ (အသက်၊ လူမျိုး၊ မသန်မစွမ်း၊ အလုပ်မျိုးစုံ၊ အိပ်ချ်အိုင်ဗွီ စသဖြင့် မခွဲခြားပဲ) လက်ရှိလူမှုအသိုင်းအဝိုင်းတွင် အမျိုးသားများအတွက် ပါလီမာန်၊ ဂေါက်ကွင်း၊ လက်ဖက်ရည်ဆိုင်၊ နိုင်ငံရေးအစည်းအဝေး၊ စသည့် နေရာပေါင်းများစွာတွင်ပါဝင်ခွင့်ရှိသော်လည်း အမျိုးသမီးများမှာမူ မီးဖိုချောင်တွင်း၌သာ အချိန်ကုန်ကြရသည်။ ထို့ကြောင့် ဤအမျိုးသမီးဆွေးနွေးပွဲသည် အမျိုးသမီးများအတွက် အသိပညာများ ဖလှယ်သည့်နေရာ၊ အပြန်အလှန်လေးစားမှုပေးသည့်နေရာအဖြစ် အမျိုးသမီးများအတွက် သီးသန့်ဖန်တီးထားသော နေရာလေးတစ်ခုဖြစ်သည်။

ဤအမျိုးသမီးနှီးနှောဖလှယ်ပွဲတွင်ပါဝင်သော အမျိုးသမီးများထဲတွင် ပညာရှင်များ၊ အတွေ့အကြုံရင့်ကျက်သူများ၊ သက်ဆိုင်ရာပညာကျွမ်းကျင်သူများရှိကြသောကြောင့် ဤနေရာတွင် လွတ်လပ်စွာ ရင်းနှီးစွာဖြင့် ဆွေးနွေးဖလှယ်နိုင်သည်။ အမျိုးသမီးဆွေးနွေးပွဲတွင် ဘာသာစကားနားမလည်မှုနှင့် အခြားသော မတူညီမှုအပေါ် လေးစားမှုရှိရမည်။ ယခုနှစ် ၂၀၁၁ ခုနှစ်သည် MAP Foundation မှပြုလုပ်သည့် အမျိုးသမီးနှီးနှောဖလှယ်ပွဲကြီး (Women Get-Together) ၏ ၁၀ နှစ်ပြည့်ဖြစ်သလို နိုင်ငံတကာအမျိုးသမီးများနေ့၏ နှစ် ၁၀၀ ပြည့်ပြီဖြစ်သည့်အတွက် အမျိုးသမီးများအတွက် ပြောင်းလဲရမည့်အချိန်ရောက်ပြီဖြစ်ကြောင်း၊ ထိုအတွက် မည်ကဲ့သို့ ပူးပေါင်းလုပ်ဆောင်မလဲဆိုသည်မှာ ဤ ၂၀၁၁ ခုနှစ်အတွက် အမျိုးသမီးနှီးနှောဖလှယ်ပွဲကြီး၏ ရည်ရွယ်ချက်တစ်ခုပင်ဖြစ်ပါသည်။ ❑

# ၂၀၁၁ ခုနှစ် ၁၀ ကြိမ်မြောက် အမျိုးသမီးနှီးနှောဖလှယ်ပွဲကြီး၏ အစီအစဉ်အနှစ်ချုပ်

၂၀၁၁ ခုနှစ် ၁၀ ကြိမ်မြောက် အမျိုးသမီးနှီးနှောဖလှယ်ပွဲကြီးသို့ တက်ရောက်လာသော အမျိုးသမီးပေါင်း ၁၄၅ ဦးရှိပြီး ထိုအမျိုးသမီးများမှာ မဲဆောက်၊ မဲဟောင်ဆောင်၊ ဖန်၊ ဘန်ကောက်၊ မယ်စလီးယန်း၊ မဟာချိုင်၊ ချင်းမိုင်၊ ဖာန် (Fang) (Weing Heng)၊ မယ်ဆိုင်၊ ရနောင်း စသည့် ဒေသအသီးသီးမှ အမျိုးသမီးနှီးနှောဖလှယ်ပွဲအုပ်စုလေးများ၏ကိုယ်စား တက်ရောက်သူများဖြစ်ကြသည်။ တက်ရောက်သူအမျိုးသမီးများမှ လုပ်ငန်းခွင် အသီးသီးမှ ရွှေ့ပြောင်းအလုပ်သမားများ၊ အမျိုးသမီးအဖွဲ့အစည်းနှင့် အခြားလူထုအခြေပြု လူ့အဖွဲ့အစည်းမှ အမျိုးသမီးများဖြစ်ကြသည်။

၁၀ ကြိမ်မြောက် အမျိုးသမီးနှီးနှောဖလှယ်ပွဲကြီးကို မတ်လ ၆ ရက်နေ့မှ မတ်လ ၁၀ ရက်နေ့ မနက်ပိုင်းအထိ ပြုလုပ်ခဲ့ကြပြီး ထို ၅ ရက်တာ ကာလအတွင်းတွင် ဒေသအသီးသီးမှ အစီရင်ခံစာများ တင်သွင်းခြင်း၊ အခြေအနေများဖလှယ်ခြင်း၊ MAP Foundation မှ စီစဉ်ပေးသည့် လုပ်ရုံဆွေးနွေးပွဲများတွင် ပူးပေါင်းပါဝင်ခြင်း၊ ဖျော်ဖြေရေးကဏ္ဍများတွင် ပူးပေါင်းပါဝင်ခြင်း၊ မတ်လ ၈ ရက်နေ့တွင် နိုင်ငံတကာအမျိုးသမီးများနေ့အခမ်းအနားတွင် အခြားအမျိုးသမီးအဖွဲ့အစည်း၊ လူထုအခြေပြု လူ့အဖွဲ့အစည်းများ၊ ထိုင်းအဖွဲ့အစည်းများနှင့်အတူ ပါဝင်ဆင်နွှဲခြင်း၊ ညစာစားပွဲပြုလုပ်၍ ယဉ်ကျေးမှု၊ ပျော်ရွှင်မှုများဖလှယ်ခြင်း စသည့် လှုပ်ရှားပါဝင်မှုများဖြင့် ဒေသအသီးသီးမှ အမျိုးသမီးများအချင်းချင်း ရင်းနှီးချစ်ခင်မှုနှင့် စည်းလုံးမှုရယူပြီး သတင်းအချက်အလက်များ ဖလှယ်မှု၊ အမျိုးသမီးရေးရာ အကြောင်းအရာများဆွေးနွေးမှု စသည်တို့ကို လုပ်ဆောင်ခဲ့ကြသည်။

# ဒေသအသီးသီးမှ အမျိုးသမီးနှီးနှောဖလှယ်ပွဲအုပ်စုများ၏ ၂၀၁၀ ခုနှစ်အတွင်း လှုပ်ရှားဆောင်ရွက်မှုများအား အစီရင်ခံစာတင်သွင်းခြင်း

၁၀ ကြိမ် အမျိုးသမီးနှီးနှောဖလှယ်ပွဲကြီး၏ ၅ ရက်တာ ကာလအတွင်းတွင် ဒေသအသီးသီးမှ တက်ရောက်လာသော အမျိုးသမီးနှီးနှောဖလှယ်ပွဲအုပ်စုလေးများမှ ၄င်းတို့၏ တစ်နှစ်တာ လှုပ်ရှားဆောင်ရွက်မှုများကို ပြန်လည်အစီရင်ခံစာတင်ခဲ့ကြသည်။ ၆ ရက်နေ့မှ ၉ ရက်နေ့ထိ အလုပ်ရုံဆွေးနွေးပွဲသို့ မတက်ရောက်ခင်အချိန် မနက်ပိုင်း အစီအစဉ်တိုင်းတွင် အစီရင်ခံစာတင်သွင်းခြင်းကို ပြုလုပ်ခဲ့ပြီး တက်ရောက်သူများမှလည်း အစီရင်ခံစာများ အပေါ် မေးခွန်းများမေးခြင်းဖြင့် အပြန်အလှန် ဆွေးနွေးဖလှယ်ခဲ့ကြသည်။

## ၁။ ဖာန် (Fang) အမျိုးသမီးအဖွဲ့အစီရင်ခံစာ

ဖာန်ဒေသသည် ထိုင်းနိုင်ငံမြောက်ပိုင်း မြန်မာနိုင်ငံနယ်စပ်နားရှိပြီး ၄င်းဒေသတွင်ပြုလုပ်သည့် အမျိုးသမီးနှီးနှောဖလှယ်ပွဲများကို ၂၀၀၈ ခုနှစ်မှစတင်၍ ၂ လတစ်ကြိမ်ပြုလုပ်ခဲ့သည်။ ၂၀၀၉ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်းတွင် နှီးနှောဖလှယ်ပွဲကို ၃ လတွင် တစ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးပွဲသို့ တက်ရောက်သူအများစုမှာ ဖာန်ငမှ ကျောင်းဆရာ၊ ဆရာမများ၊ ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်ဆောင်ရွက်ရေးအသင်းမှဝန်ထမ်းများ၊ဖာန်ဒေသမှအမျိုးသမီးများတက်ရောက်ကြပါသည်။ ဖာန်တွင် နေထိုင်ကြသောအလုပ်သမားအများစုမှာ ခြံအလုပ်သမားများဖြစ်သည်။ ၂၀၁၀ ခုနှစ် အတွင်း နှီးနှောဖလှယ်ပွဲ၌ ဆွေးနွေးသည့်ခေါင်းစဉ်များမှာ မျိုးဆက် ပွားကျန်းမာရေးအကြောင်း၊ အကြမ်းဖက်မှုဆန့်ကျင်ရေးအကြောင်း၊ အိမ်တွင်းပြဿနာများအကြောင်း၊ ကလေးပြုစုစောင့်ရှောက်ခြင်းနှင့်မိသားစုအခက်အခဲများအကြောင်း ရင်ဖွင့်ဆွေးနွေးခြင်းစသည်တို့ဖြစ်သည်။ အမျိုးသမီးနှီးနှောဖလှယ်ပွဲကို ဖာန်အမျိုးသမီးအဖွဲ့ထဲမှ အလှည့်ကျ စီစဉ်လုပ်ဆောင်ကြပါသည်။

အမျိုးသမီးဆွေးနွေးပွဲ တက်ရောက်ရခြင်းကြောင့် အမျိုးသမီးများမှာ ယုံကြည်မှုရှိလာခြင်း၊ ပြောရဲဆိုရဲလာခြင်း၊ ဆွေးနွေးတဲ့အကြောင်းအရာနှင့် ပတ်သက်၍ အသိပညာဗဟုသုတရလာခြင်း၊ ဆွေးနွေးပွဲပြီးသည့်နောက် ၄င်းတို့၏ အိမ်နီးနားချင်းများသို့ ပြန်ဖလှယ်ခြင်း၊ အိမ်တွင်းပြဿနာများ၊ အခက်အခဲများကို ရင်ဖွင့်ဖလှယ်လာခြင်း၊ ဆွေးနွေးရင်းနည်းလမ်းရှာတတ်လာခြင်း၊ အစီရင်ခံစာရေးနည်းကိုစိတ်ဝင်စားကြောင်း တင်ပြလာခြင်း၊ ယခင်က ဖာန်တွင် အမျိုးသမီးနှီးနှောဖလှယ်ပွဲများကို ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်ဆောင်ရွက်ရေးအဖွဲ့မှ ဦးဆောင်ပေးသော်လည်း ယခုဆိုလျှင် ဖာန်အမျိုးသမီးတွေကိုယ်တိုင် ဦးဆောင်တတ်လာခြင်း၊ အခက်အခဲများကြားထဲမှ အတတ်နိုင်ဆုံးကြိုးစားခြင်းကြောင့် ရပ်ဝေးမှ သူငယ်ချင်းအသစ်များ၊ အတွေ့အကြုံအသစ်များ ရရှိခြင်း၊ အခက်အခဲများ ရင်ဖွင့်လာသည့်အခါ ပူးပေါင်းဆွေးနွေးဖြေရှင်းခြင်း၊ မဖြေရှင်းတတ်လျှင်လည်း အားပေးစကားများ ပြောတတ်လာခြင်း၊ မှီခိုဖို့ထက် ကိုယ်ထူကိုယ်ထ အားကိုးလာကြခြင်း စသည့် အကျိုးရလာဒ်များကိုရရှိပါသည်။

ဖာန်တွင် အမျိုးသမီးဆွေးနွေးပွဲပြုလုပ်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများမှာ အမျိုးသမီးအများစုမှာ ခြံအလုပ်သမားများဖြစ်သောကြောင့် ဆွေးနွေးပွဲအတွက် လူစုရခက်ခဲခြင်း၊ လိမ္မော်ခြံတွင် လုပ်ကြသော အလုပ်သမားများဖြစ်ကြ၍ သတင်းအချက်အလက်ရရန် ခက်ခဲခြင်း၊ အလုပ်သမားများမှာ မှတ်ပုံတင်မရှိခြင်း၊ လစာလုပ်အားခ အနည်းငယ်သာရရှိခြင်း၊ အလုပ်ချိန်ကြာခြင်းကြောင့် ကလေးထိန်းရန်၊ အချိန်မပေးနိုင်ခြင်း၊ ဆွေးနွေးပွဲတက်ချင်သည့် အမျိုးသမီးများမှာ အလုပ်ရှင်ဆီမှ ခွင့်တောင်းမရခြင်း၊ လိမ္မော်ခြံများမှာ တစ်နေရာမှတစ်နေရာသို့ခြေချင်လျှောက်ရပြီး လမ်းပန်းဆက်သွယ်ရေးမကောင်းသည့်အတွက် ဆွေးနွေးပွဲတက်ရောက်ရန် အခက်အခဲရှိခြင်း၊ အမျိုးသမီးနှီးနှောဖလှယ်ပွဲကို တစ်နေရာတည်းတွင်သာ လုပ်ပေးနိုင်ခြင်း စသည်တို့ဖြစ်သည်။

မိမိတို့ ဖာန်ဒေသ အမျိုးသမီးဆွေးနွေးပွဲတွင် အလုပ်ခွင်၌ လုံခြုံအန္တရာယ်ကင်းအောင် အလုပ်လုပ်နည်း၊ အိမ်တွင်းအကြမ်းဖက်မှုများကိုခံစားရသည့် အမျိုးသမီးများ အတွက်နှစ်သိမ့်ဆွေးနွေးအကြံပေးပြီး အားပေးစကားပြောနည်းများ၊ အမျိုးသမီးကျန်းမာရေးဆိုင်ရာပညာပေးခြင်းများ (ဥပမာ– ရင်သားကင်ဆာ၊ မိသားစုစီမံကိန်း၊ သွေးဆုံးမီးယပ်)၊

ကလေးငယ်များ ပြုစုစောင့်ရှောက်နည်း၊ အန္တရာယ်ကင်းစွာ ဆိုင်ကယ်မောင်းနှင်ခြင်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို လေ့လာဆွေးနွေးချင်ပါသည်။

**တက်ရောက်သူများမှ မေးခွန်းများမေးခြင်း**

မေး။ ။ ဖာန်မှာနေထိုင်တဲ့သူတွေအားလုံးမှာ မှတ်ပုံတင်ရှိပါသလား။

ဖြေ။ ။ လက်မှတ်ရှိတဲ့သူတွေနည်းပါတယ်။ အလုပ်သမားကဒ်၊ ရောင်စုံတောင်ပေါ်သားကဒ်နဲ့ ယာယီပတ်စပို့စ်ရှိတဲ့သူတွေလည်းရှိကြပါတယ်။ ဘာလက်မှတ်မှ မရှိတဲ့သူတွေလည်းရှိပါတယ်။

မေး။ ။ တက်ရောက်တဲ့ တိုင်းရင်းသားအဖွဲ့ ဘယ်လောက်ရှိပါသလဲ။

ဖြေ။ ။ ရှမ်းလူဦးရေများတဲ့အတွက် တက်ရောက်သူတွေထဲမှာ ရှမ်းအမျိုးသမီးများပါတယ်၊ ပလောင်အမျိုးသမီးလည်း အနည်းငယ်ပါဝင်ကြတယ်။

## ၂။ ဖန်ငါဒေသမှ ချူရာဘူရီအမျိုးသမီးအဖွဲ့အစီရင်ခံစာ

ချူရာဘူရီ၊ ဘန်နယန်းတွင် (MAP Foundation) ၏ ပံ့ပိုးကူညီမှုဖြင့် အမျိုးသမီးဆွေးနွေးပွဲများကို ပြုလုပ်ခဲ့သည်မှာ ၅ နှစ်ကျော်ရှိပြီဖြစ်သည်။ ပြီးခဲ့သည့်နှစ် ၂၀၁၀ ခုနှစ်အတွင်း လစဉ် အမျိုးသမီးနိုးနှောဖလှယ်ပွဲကို ၇ ကြိမ်ပြုလုပ်ခဲ့ပြီး အမျိုးသမီးစုစုပေါင်း ၁၄၉ ဦး ပါဝင်ဆွေးနွေးခဲ့ကြသည်။ ဖန်ငါပြည်နယ်တွင် နေထိုင်သူ ရွှေ့ပြောင်းအမျိုးသမီးအများစုမှာ ရေလုပ်ငန်းလုပ်ကြသူများဖြစ်ပြီး စားသောက်ဆိုင်တွင် စားပွဲထိုးအဖြစ်အလုပ်လုပ်သော အမျိုးသမီးများ၊ ဈေးရောင်းသမားများလည်း ပါဝင်ကြသည်။ ဆွေးနွေးပွဲပြုလုပ်သည့်အခါ ဖန်ငပြည်နယ်အတွင်းရှိ အဖွဲ့အစည်းများမှ ဦးဆောင်ဆွေးနွေးနိုင်မည့်သူများကို ဖိတ်ခေါ်ဆွေးနွေးခြင်း၊ မိမိတို့အမျိုးသမီးအဖွဲ့မှ ဦးဆောင်ဆွေးနွေးခြင်းတို့ ပြုလုပ်ပါသည်။

လစဉ်ဆွေးနွေးသည့် ခေါင်းစဉ်များမှာ မျိုးပွားအင်္ဂါကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သားဆက်ခြားကျန်းမာရေး၊ ကိုယ်ဝန်ဖျက်ချခြင်း၏ ဆိုးကျိုးများ၊ နိုင်ငံသား စိစစ်ခြင်းဆိုင်ရာ အကြောင်းအရာများ၊ ယာယီပတ်စ်ပို့လုပ်ခြင်းဆိုင်ရာ လုပ်ငန်းအဆင့်ဆင့်၊ နိုင်ငံအားလုံးအတွက် ပုံမှန်သုံးသပ်ခြင်းနှင့် ပတ်သက်သော အခြေခံအချက်များ (UPR) စသည်တို့ဖြစ်သည်။

အမျိုးသမီးနိုးနှောဖလှယ်ပွဲများ ပြုလုပ်ရခြင်းကြောင့် အမျိုးသမီးများမှာ တိကျသည့်သတင်းအချက်အလက်များ၊ ဗဟုသုတများ ရရှိသည့်အတွက် ယခင်ကလို အကြောင်းအရာတခုခုကို သေချာမသိပဲ မိမိအထင်နှင့် ရမ်းပြောသည့် အကျင့်များ လျော့နည်းသွားခြင်း၊ အချင်းချင်း ခင်မင်ရင်းနှီးမှု၊

တိုင်ပင်ဆွေးနွေးမှုနှင့် ပြောဆိုဆွေးနွေးတတ်သည့်အရည်အချင်းများ မြင့်မားလာခြင်း၊ သိရှိသွားသည့် သတင်းအချက်အလက်များကိုအိမ်နီးနားချင်း၊သူငယ်ချင်းအသိမိတ်ဆွေအကြား ပြန်လည်ဖြန့်ဝေဖလှယ်ခြင်း စသည့် အကျိုးရလာဒ်များရရှိခဲ့ပါသည်။ ထို့ပြင် အမျိုးသမီးများ မကြာခဏတွေ့ဆုံဖလှယ်မှုကြောင့် အချင်းချင်း ပိုမိုစည်းလုံးညီညွတ်လာပြီး ဘာသာရေး အခမ်းအနားများ၊ လူမှုရေးအခမ်းအနားများတွင် ပူးပေါင်းလုပ်ဆောင်လာကြပြီး ယုံကြည်မှုလည်း ပိုမိုရရှိလာကြပါသည်။

ချူရာဘူရီဒေသတွင်ရွှေ့ပြောင်းအလုပ်သမားငါးထောင်မှ တစ်သောင်းအတွင်း နေထိုင်အလုပ်လုပ်ကိုင်ကြပြီး အမျိုးသမီးဦးရေမှာ ၁၅၀၀ မှ ၃၀၀၀ အတွင်းရှိသော်လည်း လစဉ်ပြုလုပ်သည့် အမျိုးသမီးဆွေးနွေးပွဲသို့ ပါဝင်ကြသည့် အမျိုးသမီးဦးရေမှာ အလွန်နည်းပါးပါသည်။ ကာရာအိုကေဆိုင်နှင့် ဘောခုံများတွင် အလုပ်လုပ်သည့် အမျိုးသမီးပေါင်း ၂၀၀ ကျော်ရှိသော်လည်း အလုပ်ချိန်အလွန်များသည့်အတွက် ပါဝင်နိုင်ခြင်းမရှိပေ။ ထို့အတူ ငါးလုပ်ငန်း လုပ်ကိုင်နေသည့် အမျိုးသမီးများလည်း ပါဝင်နိုင်ခြင်းမရှိသေးပါ။ အများအားဖြင့် ချူရာဘူရီဒေသတွင်လုပ်သည့် အမျိုးသမီးဆွေးနွေးပွဲတွင် လှေသားမိန်းမ (အိမ်ရှင်မ) အများစုနှင့် ပန်းရံအလုပ်သမားများ၊ ဈေးသည်အမျိုးသမီးအနည်းငယ်သာ ပါဝင်နိုင်ခဲ့ပြီး အချို့မှာ ၎င်းတို့၏ ခင်ပွန်းများ ပြန်လာခေါ်သောကြောင့် ဆွေးနွေးပွဲအစမှအဆုံး ပါဝင်နိုင်ခြင်းမရှိပေ။ဤဒေသမှ အမျိုးသမီးများမှာ အဖမ်းခံရမှာကို စိုးရိမ်ကြရသည်။ ချူရာဘူရီဒေသတွင် မိမိတို့လုပ်သည့် လုပ်ငန်းအလိုက် အလုပ်သမားအကျီအရောင်နှင့် ဝတ်ရပါသည်။ ဥပမာ– ကာရာအိုကေဆိုင်တွင် အလုပ်လုပ်သည့် အမျိုးသမီးများမှာ အပြာရောင်အကျီဝတ်ရပြီး၊ ဈေးရောင်းသည့် အမျိုးသားများမှာ ခရမ်းရောင်အကျီဝတ်ရပါသည်။ အကယ်၍ လမ်းထွက်သည့်အခါ သတ်မှတ်ထားသည့် အကျီမဝတ်လျှင် အဖမ်းခံကြရသည်။ ဘန်နယန်းဒေသတွင် အိမ်တွင်းအကြမ်းဖက်မှုများ မကြာခဏ ဖြစ်ပွားပြီး အိမ်ခန်းပိုင်ရှင်နှင့် အိမ်နီးချင်းများက ဝိုင်းဝန်း ဖြေရှင်းပေးကြရသည်။ ထို့ပြင် ဤဒေသတွင်

# (၁၀) ကြိမ်မြောက်နှစ်ပတ်လည်အမျိုးသမီးနှီးနှောဖလှယ်ပွဲ မှတ်တမ်း

ယောက်ျားများက မိန်းကလေးများကို အနိုင်ကျင့်မှုများပါ များပါသည်။ အမျိုးသမီးများ အကြမ်းဖက်ခံရလျှင် အဖွဲ့အစည်းများနှင့် တိုင်ပင်ရန်၊ ဥပဒေအရဖြေရှင်းရန် ကာယကံရှင်များ၊ မိသားစုများမှ မလုပ်ချင်ကြပေ။ ထို့ကြောင့် အမျိုးသမီးများအနေနှင့် အကြမ်းဖက်ခံရမှု၊ လိင်ပိုင်းဆိုင်ရာ နောက်ယှက်ခံရမှုနှင့်ပတ်သက်သည့်ဥပဒေအကြောင်းအရာများကို သိထားရန်အတွက် ဆွေးနွေးပွဲလုပ်ပေးရန် လိုအပ်နေပါသည်။ ထို့ပြင် ဖန်ငါပြည်နယ်မှ ကော့ကလှိုင်ဒေသရှိ အမျိုးသမီးများကြားတွင် အမျိုးသမီးဆွေးနွေးပွဲကို ပြီးခဲ့သည့်နှစ်၌ မလုပ်ဖြစ်ခဲ့ပေ။ ထို့အတူ တကွပ်ပါမြို့နယ်၊ ဆုံခန်းဘန်နီး ယမ်းဒေသများတွင်လည်း ပုံမှန်အမျိုးသမီးဆွေးနွေးပွဲ မလုပ်နိုင်သည့်အပြင် တနှစ်ပတ်လုံးတွင်မှ တကြိမ်၊ နှစ်ကြိမ်သာလုပ်ဖြစ်ပါသည်။

ထို့ကြောင့် ဖန်ငါပြည်နယ်အတွင်းမှ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ အမျိုးသမီးခေါင်းဆောင်များ ပေါ်ထွက်လာစေရန်၊ အမျိုးသမီးများ၏ ပြဿနာများကို ကိုယ်တိုင်ရင်ဆိုင်ဖြေရှင်းနိုင်သည့် စွမ်းအားများ ဖြစ်လာစေရန် (MAP Foundation) မှ ဆွေးနွေးပွဲနေရာအား ခူရဘူရီအပြင် တခြားမြို့နယ်တွေ၌ပါ တိုးချဲ့ပံ့ပိုးပေးရန် တောင်းဆိုချင်ပါသည်။

**တက်ရောက်သူများမှ မေးခွန်းများမေးခြင်း**

မေး။ ။ အကျီအရောင်အလိုက်ခွဲပြီးဝတ်ရတဲ့အပေါ် အလုပ်သမားတွေ ဘယ်လိုခံစားရပါသလဲ။

ဖြေ။ ။ မဝတ်ချင်ကြဘူး၊ ဒါပေမဲ့ မဝတ်ရင် ရဲဖမ်းတယ်။ အဲဒီတော့ ဝတ်ရတယ်။

မေး။ ။ အကျီကို ဘယ်သူကရောင်းတာလဲ၊ ၂၀၀ ပေးရတယ်လို့ကြားတယ်၊ ဘယ်သူက အလုပ်သမားတွေကို အဲလိုဝတ်ဖို့ပြောတာလဲ၊ မြို့နယ်ရုံးကလား၊ ရဲကလား။

ဖြေ။ ။ ရဲချုပ်ကနေပြီးပြောတာ။ အရင်တုန်းက မရှိဘူး။ ရဲချုပ်ပြောင်းတာ ၃ လလောက်ပဲရှိတယ်။ အဲဒီနောက်ပိုင်းမှဝတ်ခိုင်းတယ်။ အကျီနောက်ကျောမှာ သူဌေးရဲ့နာမည်ပါတယ်။ ဥပမာ–(ငါးလုပ်ငန်းဆိုရင် လိမ္မော်ရောင်၊ ဆိုင်ရောင်းတဲ့သူဆိုရင် အပြာရောင်စသည်ဖြင့်ပေါ့။



မေး။ ။ အကျီဝတ်ရင် ဘတ်လုပ်စရာမလိုတော့ဘူးလား။

ဖြေ။ ။ လုပ်ရတာပဲ၊ ဥပမာ– လိမ္မော်ရောင်အကျီဝတ်တဲ့သူကို စစ်တယ်၊ ဘတ်ရှိလားပေါ့။

မေး။ ။ ဥပဒေအရ တရားဝင်အလုပ်လုပ်ခွင့်ရှိရဲ့သားနဲ့ ဖန်ငါမှာပဲ ဖြစ်ရသလား၊ ထိုင်းဥပဒေကမှာရော ဘယ်လိုရှိပါသလဲ။။

ဖြေ။ ။ အရင်တုန်းက ဖန်ငါက အမဲရောင်နယ်မြေ၊ အခုက အညိုရောင်ဖြစ်လာပြီ၊ အဖွဲ့တွေရှိလာတယ်၊ တခါတလေ စစ်ဆေးချက်ကြောင့် အကုန်ရောပြီးဖမ်းတယ်၊ ဘတ်ရှိရင် ဒဏ်ငွေဆောင်ပြီး ပြန်လွတ်တယ်၊ အကျီဝတ်ရင်လည်း ဟပြီးဝတ်လို့မရ၊ အမဲရောင်နယ်မြေဖြစ်လို့ အဲဒီလို လုပ်တယ်လို့ မြင်တယ်။ ပတ်စပို့တင်ထားပြီးသား ၃ သောင်းကျော်၊ ပတ်စပို့ရပြီး ၂ ထောင်ကျော်ရှိတယ်၊ အဲဒီအပေါ်မှာ တရားမဝင်တွေကို လိုက်စိစစ် တယ်လို့လည်း ကျမထင်တယ်။

မေး။ ။ အလုပ်ရှင်က ခွင့်မပေးဘူးဆိုတဲ့အပေါ် စိတ်ဝင်စားတယ်။ ဘယ်လိုအခြေအနေရှိလဲသိချင်တယ်။ သူတို့အတွက် ဘယ်လိုလုပ်ပေးနိုင်လဲသိချင်တယ်။

ဖြေ။ ။ အလုပ်ချိန်တွင်းမှာ သဌေးတွေက အပြင်ပေးမထွက်ဘူး၊တခါတလေအလုပ်ဖျက်လာတာတော့ရှိတယ်။ ဒါပေမဲ့ လစဉ်တော့ ပုံမှန်မတက်နိုင်ဘူး၊ တစ်လမှာ ခွင့်တရက်ရတယ်ဆိုပေမယ့် သူ့မိသားစုကိစ္စလည်း ရှိသေးတော့ တစ်ရက်ပျက်ပြီးသားဆိုရင် နောက်ရက်ပျက်ဖို့ကခက်ခဲတယ်။ အဲဒီလိုဆိုတော့ တစ်ယောက်တက်ပြီးရင် နောက် ထပ် ၁၀ ဦးလောက်ကို သူတို့သိထားတာလေးတွေမျှဝေလို့ရတယ်။ အဲလိုနည်းနဲ့ လုပ်ဆောင်နိုင်တယ်။

## ၃။ Weing Heng အမျိုးသမီးအဖွဲ့အစီရင်ခံစာ

Weing Heng အမျိုးသမီးအဖွဲ့တွင် ပါဝင်သည့် အမျိုးသမီးများမှာ ကျန်းမာရေးဝန်ထမ်းများ၊ ဒုက္ခသည် အမျိုးသမီးခေါင်းဆောင်များ၊ ဈေးဆိုင်အလုပ်သမားများ၊နေ့စားအလုပ်သမားများ၊ ယက်ကန်းအလုပ်သမားများနှင့် စက်ချုပ်အလုပ်သမားများ ဖြစ်ကြသည်။ လစဉ်အမျိုးသမီးနှီးနှောဖလှယ်ပွဲသို့ တက်ရောက်သူဦးရေမှာ အယောက် ၂၀ မှ ၃၀ ကြားရှိပါသည်။ ဤဒေသတွင်ပြုလုပ်သော အမျိုးသမီးနှီးနှောဖလှယ်ပွဲများကို ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်ဆောင်ရွက်ရေးအဖွဲ့မှ ကူညီထောက်ပံ့ပေးသည်။

၂၀၁၀ ခုနှစ်အတွင်း ဆွေးနွေးခဲ့သည့် ခေါင်းစဉ်များမှာ အမျိုးသမီးနှင့် ကျန်းမာရေး၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိစေခြင်း၊ ကလေးနှင့် စိတ်ပိုင်းဆိုင်ရာ စသည်တို့ဖြစ်သည်။

အမျိုးသမီးများ လစဉ်အမျိုးသမီးဆွေးနွေးပွဲတက်ရောက်ခြင်းဖြင့် အသိပညာများ ဖလှယ်ရခြင်း၊ ယခင်ကထက် အသိပညာများ တိုးပွားလာခြင်း၊ ပြောရေးဆိုရေးရှိလာခြင်း၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာခြင်း၊ ပူးပေါင်းဆောင်ရွက်မှုအားပိုမိုကောင်းလာခြင်း၊ အမျိုးသမီးများကြား အချင်းချင်း ကူညီအားပေးခြင်း၊ စည်းလုံးညီညွတ်မှုရှိခြင်း၊ ပြောရဲ ဆိုရဲရှိခြင်း၊လူမှုရေးကိစ္စများတွင်ကူညီလုပ်ဆောင်တတ်ခြင်းစသည့် တိုးတက်မှုများရှိလာပါသည်။ အမျိုးသမီးများအချင်းချင်း ကူညီအားပေးခြင်းဖြင့် မိသားစု (သို့) အိမ်ထောင်ရေးဆိုင်ရာ ပြဿနာများ ကူညီဖြေရှင်းပေးနိုင်ခြင်း၊ ကလေးနှင့် စိတ်ပိုင်းဆိုင်ရာ ပြဿနာများ ကူညီဖြေရှင်းပေးနိုင်ခြင်း စသောတိုးတက်မှုများရှိလာပါသည်။ ထို့ပြင် အမျိုးသမီးများ အရည်အချင်းနှင့် စွမ်းရည်မြင့်လာခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့တွင်အကျိုးရှိလာသည်ဟု ခံစားရပါသည်။ အဘယ့်ကြောင့်ဆိုသော် ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုရှိလာခြင်းကြောင့် အများဖိနှိပ်ခံရခြင်းမှ ကင်းဝေးခြင်း၊ လူအများနှင့် ဆက်ဆံပေါင်းသင်းရေးကောင်းမွန်လာခြင်း၊ မိသားစုတွင်းကြုံတွေ့ရသော အခက်အခဲများ၊ မိသားစုစီမံကိန်းချတတ်ခြင်း စသည်တို့ဖြစ်ပါသည်။ ယခင်နှစ်များတွင် ကလေးမွေးဖွားမှုများပြားပြီး ယခုနှစ်တွင် မွေးဖွားနှုန်းလျော့ကျသွားခြင်းများကို တွေ့မြင်နိုင်ပါသည်။ထို့ပြင်အမျိုးသမီးကြားအသိပညာဖလှယ်ရခြင်းကြောင့် လူတဦးတယောက်တွင် တွေ့ရသည့် အခက်အခဲများကို အကောင်းဆုံးဖြစ်အောင် ဖြေရှင်းနိုင်ခြင်း၊ တိုင်ပင်ညှိနှိုင်းခြင်းကြောင့် ကောင်းသောရလာဒ်များကို ခံစားသိမြင်လာရပါသည်။ ဥပမာ– ယခင်က တစ်ယောက်ပြဿနာ အခက်အခဲကို တစ်ယောက်နှင့်တစ်ယောက် တိုင်ပင်ကူညီခြင်းနည်းပါသည်။ ယခုအချိန်တွင် အချင်းချင်းတိုင်ပင်ရာမှ ကောင်းသော ရလာဒ်ဖြေရှင်းချက်များကို ရရှိလာပါသည်။

ဤဒေသတွင်း အမျိုးသမီးနှီးနှောဖလှယ်ပွဲ လုပ်ဆောင်ရာတွင် အခက်အခဲများလည်း ကြုံတွေ့ရပါသည်။ တက်ရောက်သူအမျိုးသမီးအများစုမှ နေ့စားအလုပ်သမားများဖြစ်တဲ့အတွက် တစ်နေ့ရှာမှ တစ်နေ့စားရခြင်း၊ အချိန်မပေးနိုင်ခြင်း၊ ကလေးငယ်များရှိသောကြောင့် ကလေးထိန်းမရှိခြင်း၊ အမျိုးသမီးအများစုမှာ စာရေးစာဖတ်မတတ်ခြင်း၊ အမျိုးသမီးများအား စည်းရုံးလှုံ့ဆော်ရာတွင် တချို့အမျိုးသမီးများမှာ နေ့စားအလုပ်သွားလုပ်လိုခြင်း၊ တချို့အမျိုးသမီးများမှာ ကလေးငယ်များရှိပြီး စာမတတ်ခြင်းကြောင့် သင်တန်းတက်ရခြင်းအကျိုးကျေးဇူးကို နားမလည်နိုင်ခြင်း စသည့် အခက်အခဲများကို ကြုံတွေ့ရပါသည်။

မိမိတို့ (Weing Heng) အမျိုးသမီးအဖွဲ့အနေဖြင့် အမျိုးသမီးအရည်အချင်းမြှင့်တင်ရေးဆိုင်ရာနှင့်ပတ်သက်၍ အမျိုးသမီးတစ်ယောက်တွင် ရှိသင့်ရှိထိုက်သော ခေါင်းဆောင်မှုသင်တန်း၊ နည်းပညာပိုင်းဆိုင်ရာ အသုံးပြုမှုသင်တန်း၊ ပြဿနာဖြေရှင်းနည်းသင်တန်း စသည်တို့ကို လေ့လာသင်ယူလိုပါသည်။

**တက်ရောက်သူများမှ မေးခွန်းများမေးခြင်း**

မေး။ ။ ယခုနှစ်ပိုင်းမှာ ဘာဖြစ်လို့သားဖွားမှုနှုန်း လျော့သွားရတာလဲ။

ဖြေ။ ။ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပညာပေးစီမံကိန်းတွေကြောင့်လည်းဖြစ်ပါတယ်။

မေး။ ။ ရှမ်းအမျိုးသမီးအဖွဲ့ ကကူညီထောက်ပံ့တဲ့အကြောင်းသိချင်ပါတယ်။

ဖြေ။ ။ ရှမ်းအမျိုးသမီးအဖွဲ့က အမျိုးသမီးဆွေးနွေးပွဲ ဖြစ်မြောက်ဖို့အတွက်စီစဉ်ထောက်ပံ့ပေးတာဖြစ်ပါတယ်။မက်ဖေါင်ဒေးရှင်း ထောက်ပံ့တာမဟုတ်ဘူး။



# (၁၀) ကြိမ်မြောက်နှစ်ပတ်လည်အမျိုးသမီးနှီးနှောဖလှယ်ပွဲ မှတ်တမ်း




## ၄။ မဲဆောက်ဒေသ အမျိုးသမီးအဖွဲ့အစီရင်ခံစာ

### မဲဆောက်ဒေသ (၁) အစီရင်ခံစာ

မဲဆောက်ဒေသ (၁) မှ အမျိုးသမီးအဖွဲ့တွင် မတူညီသော တိုင်းရင်းသားအမျိုးသမီးအဖွဲ့အစည်းများ၊ နိုင်ငံရေးအဖွဲ့အစည်းမှ အမျိုးသမီးများပါဝင်ကြသည်။ အမျိုးသမီးနှီးနှောဖလှယ်ပွဲကို လစဉ် တစ်လတစ်ကြိမ်ပြုလုပ်ခဲ့ပြီး တက်ရောက်သူဦးရေမှာ ၂၅ ဦးနှင့် ၃၀ ဦးကြား ရှိပါသည်။

၂၀၁၀ ခုနှစ်အတွင်း ပြုလုပ်သော အမျိုးသမီးနှီးနှောဖလှယ်ပွဲတွင် ဆွေးနွေးသော ခေါင်းစဉ်များမှာ အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ကွဲပြားမှုအပေါ် ခွဲခြားသည့်အမြင်၊ အမျိုးသမီးအခွင့်အရေး၊ အလုပ်သမားအခွင့်အရေး၊ အမျိုးသမီးနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ အိမ်တွင်းအသက်မွေးဝမ်းကြောင်းဆိုင်ရာ ဇာထိုးပန်းထိုးများ၊ ကိုတာစနစ်နှင့်အမျိုးသမီး၊ အမျိုးသမီးနှင့် နိုင်ငံရေးအခြေအနေ၊ အမျိုးသမီးပညာရေး၊ မတူညီသော တိုင်းရင်းသားရိုးရာအစားအစာ၊ တိုင်းရင်းသားရိုးရာအဝတ်အထည်နှင့် အခြားဥပဒေဆိုင်ရာအကြောင်းအရာများကို ဆွေးနွေးခဲ့ကြပါသည်။ ထို့ပြင်တိုင်းရင်းသားများ၏ယဉ်ကျေးမှုနှင့်ဆိုင်ရာ စိတ်ဝင်စားစရာခေါင်းစဉ်များကိုရွေးပြီး ဆွေးနွေးခြင်းများလည်း ပြုလုပ်ပါသည်။

ဆွေးနွေးပွဲတက်ရောက်ရခြင်းကြောင့် အမျိုးသမီးများမှာ ၄င်းတို့ရင်ဆိုင်ရသည့် အခက်အခဲများ၊ ဘဝအတွေ့အကြုံများ၊ သတင်းအချက်အလက်များကိုဖွင့်ဟပြောဆိုဖလှယ်လာကြပြီး ရင်းနှီးမှုရရှိခြင်း၊ ဓလေ့ထုံးစံများ ဖလှယ်နိုင်ခြင်း၊ နေရာဒေသများ သိကျွမ်းလာခြင်း၊ ယုံကြည်မှုရှိလာခြင်းနှင့် စည်းလုံးမှုရရှိလာခြင်း၊ အမျိုးသမီးအချင်းချင်း ဖေးမတတ်လာခြင်း၊ အတွေးအခေါ် မြင့်မားလာခြင်း၊ အိမ်တွင်းအကြမ်းဖက်မှု နည်းပါးလာခြင်း၊ အခက်အခဲများကြုံလာပါက တိုင်ကြားမည့်နေရာများပါ သိရှိလာခြင်း၊ ဦးဆောင်နိုင်သော အရည်အချင်းများရှိလာခြင်း၊ စိတ်ဓာတ်တက်ကြွစွာပူးပေါင်းလိုစိတ်ပြင်းပြလာခြင်းနှင့် အလုပ်လုပ်သည့်အခါတွင်လည်း ပူးပေါင်းဆောင်ရွက် တတ်လာခြင်း စသည့် အကျိုးကျေးဇူးများရရှိပါသည်။ အမျိုးသမီးဆွေးနွေးပွဲပြုလုပ်သည့်အခါတွင် အမျိုးသမီး အဖွဲ့များမှ တက်ရောက်လာသော အမျိုးသမီးများသည် အလှည့်ကျစီ အုပ်စုဖွဲ့ကာ သုံးလတစ်ကြိမ် ဦးဆောင်သွားကြပါသည်။ အထူးသဖြင့် အဖွဲ့အစည်းများမှ အမျိုးသမီးများသာမက အလုပ်သမားများပါဝင်လာအောင် စည်းရုံးနိုင်ခဲ့ပါသည်။ ၄င်းတို့ကိုယ်တိုင်လည်း စိတ်ပါဝင်စားစွာ ပူးပေါင်းပါဝင်မှုရှိသည်ကို တွေ့မြင်ရပါသည်။

ဤသို့ ဆွေးနွေးပွဲလုပ်ရာတွင် အခက်အခဲများလည်း ရှိပါသည်။ ဆွေးနွေးပွဲတက်ရောက်သော အမျိုးသမီးအများမှာ အဖွဲ့အစည်းမှ အမျိုးသမီးများနှင့် ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများဖြစ်ကြသည်။ အဖွဲ့အစည်းများတွင် အလုပ်လုပ်သော အမျိုးသမီးအများစုမှာ အလုပ်သမားကဒ်မရှိခြင်းကြောင့် လစဉ်အမျိုးသမီးဆွေးနွေးပွဲသွားရာ၌လမ်းတွင် ပုလိပ်ဖမ်းဆီးမှုများခံရခြင်း၊ ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများမှ အချို့မှာ အလုပ်ရှင်၏ ခေါင်းပုံဖြတ်ခံရခြင်း၊

အပြင်ထွက်လျှင် လမ်းသရဲများ၏ မုဒိမ်းကျင့်ခံရခြင်း၊ တခါတရံ အလုပ်ရှင်များ၏ မုဒိမ်းကျင့်ခံရခြင်း၊ မြန်မာ အချင်းချင်းမှလည်း မုဒိမ်းကျင့်ခြင်းကိုခံရပါသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးများမှာ လစေ့သော်လည်း မီးဖွားခွင့်ရက်မရပဲ စက်ရုံထဲတွင်သာ ခက်ခက်ခဲခဲ မွေးဖွားရခြင်း၊ အချို့အမျိုးသမီးများမှာ မီးဖွားခွင့်ရက်ရသော်လည်း မီးဖွားရန်အတွက် ဆေးဖိုးဝါးခများ မရသည့်အပြင်လစာဖြတ်တောက်ခံရမှုများကိုတွေ့ကြုံရခြင်း စသည့်အခက်အခဲများကို ရင်ဆိုင်ကြရသည်။ အဖွဲ့အစည်းများမှ အမျိုးသမီးများမှာ နေထိုင်ခွင့်လက်မှတ် မရှိခြင်းကြောင့် လွတ်လပ်စွာ နေထိုင်ခွင့်မရပဲ ထိုင်းအာဏာပိုင်များ၏ ဖမ်းဆီးခြင်းနှင့် စည်းရုံးလှုံ့ဆော်ရန် နေရာထိုင်ခင်းများ၊ သယ်ယူပို့ဆောင်ရေး စသည့်အခက်အခဲတို့ကို တွေ့ကြုံခံစားရပါသည်။ ထို့ပြင် အလုပ်သမားအများစုမှာ ဆွေးနွေးပွဲသို့ တက်ရောက်ချင်သော်လည်း အလုပ်ပိတ်ရက်မရှိခြင်း၊ ပြည်တွင်းရှိ ၄င်းတို့၏ မိသားစုစားဝတ်နေရေး အဆင်မပြေမှုတို့ကြောင့် ထောက်ပံ့နိုင်ရန်အတွက် အချိန်ပိုအလုပ်ဆင်းရခြင်းတို့ကြောင့်လည်း ဆွေးနွေးပွဲသို့ တက်ရောက်နိုင်ခြင်းမရှိပေ။ ဆွေးနွေးပွဲကို ပြုလုပ်ရာတွင်လည်း နေရာထိုင်ခင်း လုံလောက်မှု၊ လုံခြုံမှုမရှိခြင်းနှင့် ဘတ်ဂျက်ငွေ မလုံလောက်သော အခါများလည်း ကြုံရတတ်ပါသည်။

မဲဆောက်ဒေသ (၁) မှ အမျိုးသမီးအဖွဲ့များအနေဖြင့် အမျိုးသမီးခေါင်းဆောင်မှုနှင့် လူ့အသိုင်းအဝိုင်းမှ အမျိုးသမီးများ၏ လုပ်ဆောင်ချက်များကို အသိအမှတ်ပြုလာသော စည်းရုံးလှုံ့ဆော်ရေးဆိုင်ရာနည်းလမ်းနှင့် စွမ်းရည်များ၊ အခြားသိသင့်သိထိုက်သော အကြောင်းအရာဗဟုသုတများကို လေ့လာလိုပါသည်။




**မဲဆောက်ဒေသ (၂) အစီရင်ခံစာ**

မဲဆောက်ဒေသ (၂) အမျိုးသမီးအဖွဲ့တွင် ပါဝင်ကြသူများမှာ ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးအဖွဲ့ဖြစ်သည်။ ရွှေ့ပြောင်းအမျိုးသမီးအဖွဲ့တွင် ပါဝင်ကြသူများမှာ စက်ရုံတွင် စက်ချုပ်သောအမျိုးသမီးများ၊ ဆောက်လုပ်ရေးအမျိုးသမီးများ၊ ဈေးရောင်းဈေးဝယ်သူများ၊ အိမ်ဖော် အမျိုးသမီး၊ ကျဘမ်းအလုပ်လုပ်သော အမျိုးသမီးများ၊ အမှိုက်ကောက်သောအမျိုးသမီးများ ပါဝင်ပါသည်။ လစဉ်အမျိုးသမီးဆွေးနွေးပွဲသို့ တက်ရောက်သူဦးရေမှာ အနည်းဆုံး ၂၀ ဦးမှ ၂၅ ဦးအထိ ရှိပါသည်။ ၂၀၁၀ ခုနှစ်အတွင်း ဆွေးနွေးသော အကြောင်းအရာများမှာ– ပြောင်းရွှေ့နေထိုင်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ မျိုးပွားခြင်းဆိုင်ရာကျန်းမာရေး၊ အိမ်တွင်းအကြမ်းဖက်မှု၊ လူကုန်ကူးမှု၊ လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်မှု၊ အမျိုးသမီးနှင့်စီးပွားရေး၊ အိမ်တွင်းမှုပညာနှင့် မိသားစုစီမံကိန်းစသည်တို့ဖြစ်သည်။

လစဉ်အမျိုးသမီးဆွေးနွေးပွဲသို့ တက်ရောက်ခြင်းဖြင့် ရရှိလာသော ဗဟုသုတနှင့် အတွေ့အကြုံများမှာ မိမိတို့ မသိသေးသော အကြောင်းအရာများကို ပိုမိုသိရှိလာခြင်း၊ အချင်းချင်းကြားသတင်းစကားဖလှယ်ခြင်းဖြင့် ပြင်ပသတင်းများသိလာရခြင်း၊ အခြားသော အမျိုးသမီးများနှင့် သိရှိရင်းနှီးလာခြင်း၊ ရွှေ့ပြောင်းနေထိုင်သူများ၏ မတူညီသည့် ဘဝအတွေ့အကြုံများ သိရခြင်း၊ အမျိုးသမီးများ၏ကျန်းမာရေးနှင့်သက်ဆိုင်သော အကြောင်းအရာများကို သိလာရပါသည်။ ထို့ပြင် မိမိကိုယ်ကိုယ် ပိုမိုယုံကြည်မှုရှိလာပြီး မိမိကိုယ်ကိုယ် ပျော့ညံ့သူ အမျိုးသမီးဟု မထင်မြင်တော့ပေ။

အဖွဲ့အစည်းများနှင့် ဆက်စပ်မှုရှိလာပြီး လုပ်ငန်းခွင်ထဲတွင် ပြဿနာတစုံတရာဖြစ်လာလျှင် ကိုယ်တိုင်မဖြေရှင်းတတ်ပါက အဖွဲ့အစည်းများကို အကူအညီတောင်းတတ်လာခြင်းနှင့်တောင်းရမှန်းလည်း သိလာကြပါသည်။ ထို့ပြင် ဗဟုသုတနည်းသူများ အမြင်ကျယ်လာပြီး အမျိုးသမီးအချင်းချင်းကြား ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုပိုမိုရှိလာသည်။ ထို့ပြင် အချင်းချင်းကြား ကူညီဖေးမမှု၊ အားပေးမှု ရှိသည့်အတွက် ဆွေးနွေးပွဲပြုလုပ်ရန် ပိုမိုအဆင်ပြေလာပြီး စာရေးတတ်သူအမျိုးသမီးများမှ စာမရေးတတ်သူ အမျိုးသမီးများကို ကူရေးပေးခြင်း၊ စာပါသည့် ရုပ်ပုံများကိုလည်း အသုံးပြုလာနိုင်သည်။ ထို့ကြောင့် တက်ရောက်သူများလည်း ပိုမိုစိတ်ဝင်စားလာပြီး ၄င်းတို့မမြင်ဖူးသည့်အရာများနှင့် ပြောဆိုရှင်းပြသည့်အခါ အမျိုးသမီးများ၏ စိတ်ပါ ဝင်စား

# (၁၀) ကြိမ်မြောက်နှစ်ပတ်လည်အမျိုးသမီးနှီးနှောဖလှယ်ပွဲ မှတ်တမ်း

မှုကို ရရှိလာပြီး ဆွေးနွေးပွဲမတက်ချင်သူ၊ မတက်ဖူးသူများကို အချင်းချင်း ပြန်လည်စည်းရုံးနိုင်ခဲ့သည်။ ဆွေးနွေးပွဲတွင် မတက်ရောက်ဖူးသော အမျိုးသမီးများ ပိုမိုတက်ရောက်လာကြပါသည်။ အချို့အမျိုးသမီးများ၏ ခင်ပွန်းသည်များမှာ ဆွေးနွေးပွဲတက်ရောက်မည့်အစား အိမ်အလုပ်ကို လုပ်ရန် ဖိအားပေးကြသည်။ သို့သော်လည်း အမျိုးသမီးများမှာ ၄င်းတို့ ခင်ပွန်းသည်များ၏ဖိအားများကြားမှ ဆွေးနွေးပွဲကိုတက်ရောက်ရန်ကြိုးစားကြသည်။

အမျိုးသမီးများအား ဆွေးနွေးပွဲတက်ရောက် ရန်အတွက်စည်းရုံးလှုံ့ဆော်ရာတွင် ကြုံတွေ့ရသော အတားအဆီး၊ အဟန့်အတားများမှာ စက်ရုံအလုပ်သမားများမှ ဆွေးနွေးပွဲတက်ချင်သော်လည်း အလုပ်ရှင်မှ ပိတ်ရက်မပေးခြင်း၊ ဗဟုသုတနည်းပါးသော အမျိုးသမီးများအနေဖြင့် ဆွေးနွေးပွဲဆိုသော စကားကို သက်သက်အချိန်ဖြုန်းသည်ဟုထင်မြင်ယူဆခြင်း၊ နိုင်ငံရေးနှင့် ပတ်သက်ရမှာကို ကြောက်ရွံ့ခြင်း၊ အဖွဲ့အစည်းများနှင့် မပတ်သက်လိုခြင်းစသည်တို့ဖြစ်သည်။ မဲဆောက်ဒေသ ၂ အမျိုးသမီးအဖွဲ့ရှိရာဝန်းကျင်တွင်အမျိုးသမီးများ အဓိက ကြုံတွေ့ရသော အခက်အခဲများမှာ လက်မှတ်မရှိသည့်အတွက် ဆေးရုံ၊ ဆေးခန်းသွားရန်ခက်ခဲခြင်း၊ စက်ရုံအလုပ်သမားအနေဖြင့် အလုပ်ပိတ်ရက်သိပ်မရှိခြင်း၊ စားဝတ်နေရေးအဆင်မပြေမှုကြောင့် အိမ်တွင်းအကြမ်းဖက်မှုပြဿနာနှင့် ရင်ဆိုင်ရခြင်း၊ အလုပ်ရှင်များမှ ထိုက်တန်သည့် လုပ်အားခမပေးခြင်း၊ စက်ရုံအလုပ်ရုံထဲတွင် ညစ်ညမ်းခြင်းနှင့် လုပ်ငန်းရှင်မှ ကျန်းမာရေးစောင့်ရှောက်မှု မပေးခြင်း၊ အမျိုးသမီးများအတွက် ဘဝလုံခြုံမှုမရှိခြင်းတို့ဖြစ်သည်။

မိမိတို့ဒေသမှ အမျိုးသမီးများ လေ့လာလိုသောအကြောင်းအရာများမှာ အသက်မွေးဝမ်းကြောင်းဆိုင်ရာနည်းလမ်းနှင့် ဗဟုသုတများ၊ အမျိုးသမီးများ၏ စိတ်ဓာတ်မြှင့်တင်ရေးဆိုင်ရာနည်းနာအကြောင်းအရာများ၊ လုပ်ငန်းခွင်ထိပါးနှောက်ယှက်မှုဆိုင်ရာ ဥပဒေအကြောင်း၊ အမျိုးသမီးများအား စည်းရုံးလှုံ့ဆော်ရာတွင် အခက်တွေ့စေသောအတားအဆီး၊ အဟန့်အတားများ ကျော်ဖြတ်ရာနည်း လမ်းများစသည်တို့ဖြစ်သည်။



**တက်ရောက်သူများမှ မေးခွန်းများမေးခြင်း**

မေး။ ။ ယောကျ်ားတွေက အလုပ်မလုပ်ဘူးဆိုတော့ သူတို့တွေကဘာလုပ်နေကြလို့လဲ။

ဖြေ။ ။ ယောကျ်ားတွေထက် အမျိုးသမီးတွေက ပိုလုပ်ရတယ်လို့ဆိုလိုချင်တာပါ။ ယောကျ်ားလေးတွေက သူတို့အားတဲ့အချိန်မှာ ခြင်းခတ်၊ ဘောလုံးကန်၊ ဘီလီယက်ထိုး၊ လက်ဖက်ရည်ဆိုင်ထိုင်ကြပြီးအမျိုးသမီးတွေကို ကူညီတာနည်းတယ်လို့ ဆိုလိုချင်တာပါ။

မေး။ ။ အိမ်တွင်းအကြမ်းဖက်မှုဖြစ်လာရင် ဘယ်လိုဖြေရှင်းပေးလဲ။

ဖြေ။ ။ အဖွဲ့အစည်းတွေကို တိုင်ကြတာများတယ်၊ လက်လှမ်းမှီရာ တိုင်တယ်။ ဖြေရှင်းပေးလို့ရတာ များပါတယ်။ မရရင် ပုလိပ်ရုံးထိတက်ကြတယ်။

မေး။ ။ စက်ရုံမှာ ဝဏ္ဏဆို ဗမာခန့်တယ်၊ ကျေးရိုင်က ဗမာခန့်တယ်ကြားတယ်၊ သူတို့က ထိုင်းဘက်လိုက်တယ်၊ ဗမာဘက်ကို မပါဘူးကြားတယ်။ ကိုယ့်ဗမာဘက်ကို ပါပေးဖို့ ဆွေးနွေးစေချင်တယ်။

ဖြေ။ ။ အလုပ်သမားကြား ဆွေးနွေးပွဲတိုင်း အဲဒီအကြောင်းကို ဆွေးနွေးဖြစ်ကြပါတယ်၊ ဒါပေမဲ့ လွယ်တဲ့အရာတော့မဟုတ်ဘူး။

## ၅။ ဘန်ကောက်အမျိုးသမီးအဖွဲ့ အစီရင်ခံစာ

ဘန်ကောက်အမျိုးသမီးအဖွဲ့တွင် ပါဝင်ကြသူများမှာ အိမ်ဖော်အမျိုးသမီးများ၊ အထည်ချုပ်စက်ရုံအလုပ်သမား များနှင့် ဈေးရောင်းသမားများဖြစ်ပြီး စုစုပေါင်း ၂၂ ဦးရှိပါ သည်။ လစဉ် အမျိုးသမီးနီးနှောဖလှယ်ပွဲသို့ တက်ရောက်သူ ပျမ်းမျှဦးရေမှာ ၁၄ ဦးမှ ၁၈ ဦးထိ ရှိပါသည်။ ဘန်ကောက်အ မျိုးသမီးများအဖွဲ့မှ ဤအမျိုးသမီနီး နှောဖလှယ်ပွဲကို ၂၀၁၀ အောက်တိုဘာလမှစတင်ခဲ့ပြီး ၂၀၁၁ ဖေဖော်ဝါရီလအထိ ဆွေးနွေးပွဲပေါင်း ၃ ကြိမ်ပြုလုပ်ခဲ့သည်။ နီးနှောဖလှယ်ပွဲတွင် အဓိကဆွေးနွေးခဲ့သော ခေါင်းစဉ်များမှာ အမျိုးသမီးများနှင့် ပြောင်းလဲခြင်း၊ အမျိုးသမီးများ၏ အဆင့်အတန်း၊ မက်(ပ်) ဖေါင်ဒေးရှင်းအကြောင်း မိတ်ဆက်ပြောပြခြင်းတို့ဖြစ်ပြီးတခါ တရံ အမျိုးသမီးထောင်များသို့ သွားရောက်ပြီး အမျိုးသမီး ထောင်သားများနှင့် ဆွေးနွေးစကားပြောခြင်း၊ ထောင်မှလွတ် မြောက်လာသည့်အချိန် အလုပ်ပြန်လည်ရရှိရေးအတွက် အားပေးစကားပြောခြင်း စသည်တို့ကိုလည်း ပြုလုပ်ဆောင် ရွက်ခဲ့ပါသည်။ ထောင်တွင်းမှ သွားရောက်တွေ့ဆုံဆွေးနွေး သော အမျိုးသမီးများမှာ အရောက် ၈၀ ခန့်ရှိပါသည်။




ဤကဲ့သို့ အမျိုးသမီးနီးနှောဖလှယ်ပွဲ ပြုလုပ်ရခြင်း ကြောင့် အမျိုးသမီးများ၏ စိတ်ဓာတ်ရေးရာ ပြောင်းလဲမှု များရှိလာခြင်း၊ တဦးနှင့်တဦး အတွေ့အကြုံများ ဖလှယ်၍ အားပေးကူညီကြခြင်း၊ အရည်အချင်းနှင့် စွမ်းရည်များမြင့် တက်လာခြင်း၊ အသိအမြင်များ ပိုမိုကျယ်ပြန့်လာခြင်း၊ ပူး ပေါင်းဆောင်ရွက်လာကြခြင်း၊ ယခင် မသိသေးသော အ ကြောင်းအရာများကို သိလာရခြင်း၊ တဦးနှင့်တဦး ပိုမိုရင်းနှီး သိကျွမ်းလာခြင်း၊ တင်ပြဆွေးနွေးချက်များအား နားထောင် ခြင်းဖြင့် စိတ်ဓာတ်ခွန်အားများ၊ ပျော်ရွှင်မှုများစသည့် အ ကျိုးကျေးဇူးများရရှိခဲ့သည်။ ထို့ပြင် ဆွေးနွေးပွဲကြောင့်အသိ အမြင်ပိုမိုကျယ်ပြန့်လာပြီး ပူးပေါင်းဆောင်ရွက်မှုများ၊ စည်း လုံးညီညွတ်မှုများ၊ အချင်းချင်း ကူညီအားပေးမှုများလည်းရှိ လာပါသည်။ သို့သော် တချို့အမျိုးသမီးများမှာ အမျိုးသမီး ရေးအကြောင်း သေချာနားမလည်သောကြောင့် ပြန်လည် စည်းရုံးရခြင်း၊ အလုပ်သမားများဖြစ်၍ ၄င်းတို့အားလပ်ချိန် နှင့်ကိုက်၍သာ ဆွေးနွေးပွဲကိစ္စများကိုဆောင်ရွက်ကြရသည်။ အမျိုးသမီးအချင်းချင်းကြား ကူညီအားပေးမှုများ ရှိလာ သော်လည်း သင်တန်းနှင့် နည်းပညာဆိုင်ရာတွင် အားနည်း နေသေးသည်။

**တက်ရောက်သူများမှ မေးခွန်းများမေးခြင်း**

မေး။ ။ ထောင်ကိုသွားတဲ့အခါ အာဏာပိုင်ရဲ့ ခွင့်ပြုချက် တောင်းရလား၊ မက်(ပ်) ကထုတ်တဲ့ စာရွက် စာတမ်းကို သွားဖြန့်လား၊ အယောက် ၈၀ ကို ဘယ်လိုသွားတွေ့တာလဲ။

ဖြေ။ ။ အာဏာပိုင်ကိုတော့ ခွင့်တောင်းရတယ်။ ထောင် ထဲကို စာရွက်စာတမ်းကို ယူခွင့်မရှိဘူး၊ ယူသွား မယ်ဆိုရင်လည်း ကြိုတင်အကြောင်းကြားရတယ်။ အထဲမှာ မက်(ပ်) နာမည်မသုံးဘူး၊ အမျိုးသမီးတွေ အတွက် ဘာတွေစီစဉ်တွေရှိလဲဆိုတာတော့ ဆွေး နွေးတယ်။

ဖြေ။ ။ ချင်းမိုင်မှာတော့ အမျိုးသမီးထောင်၊ အမျိုးသား ထောင်ကိုဝင်တာမျိုးရှိတယ်၊ မဲဆောက်မှာမက်(ပ်) လည်းနဲ့ စေတနာ့ဝန်ထမ်းအချို့ ထောင်ထဲဝင် ပညာပေးလုပ်တာရှိတယ်။ နေရာတိုင်းက ထောင် မှာ အမျိုးသမီးတွေ၊ မြန်မာလူမျိုးတွေရှိတော့ နေ ရာတိုင်းမှာ ဒီလို သွားပေးနိုင်ရင်ကောင်းတယ်လို့ အကြံပြုချင်တယ်။

# (၁၀) ကြိမ်မြောက်နှစ်ပတ်လည်အမျိုးသမီးနှီးနှောဖလှယ်ပွဲ မှတ်တမ်း

## ဖ။ ချင်းမိုင်အမျိုးသမီးအဖွဲ့ အစီရင်ခံစာ

ချင်းမိုင်အမျိုးသမီးနှီးနှောဖလှယ်ပွဲကို ချင်းမိုင်တွင်ရှိသော အမျိုးသမီးအဖွဲ့အစည်းများနှင့် ရွှေ့ပြောင်းအလုပ်သမား အမျိုးသမီးများမှ အလှည့်ကျ တာဝန်ယူ၍ ဦးဆောင်ပြုလုပ်သွားကြပါသည်။ လစဉ်ဆွေးနွေးပွဲသို့ တက်ရောက်သူများမှာ ၁၅ ယောက်မှ အယောက် ၃၀ ကြားတွင်ရှိသော်လည်း ၂၀၁၀ ခုနှစ် ဇွန်လ အမျိုးသမီးနှီးနှောဖလှယ်ပွဲတွင် ထူးခြားစွာ အမျိုးသမီး ၅၂ ယောက်ပါဝင်တက်ရောက်ခဲ့ကြသည်။ ထိုလတွင် ဆွေးနွေးခဲ့သည့် ခေါင်းစဉ်မှာလည်း မြန်မာ့အမျိုးသမီးသမဂ္ဂမှ ဒေါ်နန်းယဉ် ဦးဆောင်ဆွေးနွေးသည့် အမျိုးသမီးနှင့် နိုင်ငံရေးခေါင်းစဉ်ဖြင့်ဆွေးနွေးခဲ့သည်။ ချင်းမိုင်အမျိုးသမီးနှီးနှောဖလှယ်သည့် အဖွဲ့တွင် ကရင်၊ ကချင်၊ ရှမ်း၊ ကရင်နီ၊ ကယန်း၊ ကယော၊ ဂေဘား၊ ဗမာ၊ လားဟူစသည့်ဖြင့်တိုင်းရင်းသားပေါင်းစုံပါဝင်ကြသည်။ ထို့ပြင် နှီးနှောဖလှယ်ပွဲတွင် ပါဝင်ကြသူများမှာ မြန်မာ့အမျိုးသမီးသမဂ္ဂ၊ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)၊ ရှမ်းအမျိုးသမီးရေးရာဆက်သွယ်ဆောင်ရွက်ရေးအဖွဲ့၊ လားဟူအမျိုးသမီးအစည်းအရုံး၊ SHC/ Empower/ NYFourm စသည့် အဖွဲ့အစည်းများမှ အမျိုးသမီးများနှင့် ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီး များဖြစ်ကြသည်။ ဆွေးနွေးခဲ့သည့် ခေါင်းစဉ်များမှာ အမျိုးသမီးနှင့် ငြိမ်းချမ်းရေး၊ အမျိုးသမီးနှင့် လက်မှုပညာ၊ မတူညီသော အခြေအနေနှင့် ထိုင်းနိုင်ငံတွင်နေထိုင်သောအခွင့်အရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် အမျိုးသမီးများဆက်စပ်ပုံ၊ ရေရှည်ခိုင်မြဲသောဖွံ့ဖြိုးရေးလုပ်ငန်းနှင့် အမျိုးသမီးများအတွက် အသေးစားငွေကြေးပံ့ပိုးပေးခြင်း၊ အလုပ်သမားများအတွက် ယာယီပတ်စ်ပို့အကြောင်း၊ လူကုန်ကူးခြင်း၊ မျိုးဆက်ပွားကျန်းမာရေး၊ အိမ်တွင်းအကြမ်းဖက်မှုရပ်တံ့ရေးပညာပေးခြင်း၊ ရွှေ့ပြောင်းအလုပ်သမား အမျိုးသမီးများအကြောင်းကို အာစီယံသို့ထည့်သွင်းခြင်း၊ အိမ်ဖော်အလုပ်သမားအမျိုးသမီးများအတွက် စီဒေါသင်တန်း၊ အမျိုးသမီးနှင့် နိုင်ငံရေး စသည်တို့ဖြစ်သည်။

ဤကဲ့သို့ အမျိုးသမီးနှီးနှောဖလှယ်ပွဲများ တက်ရောက်ကြခြင်းကြောင့် အမျိုးသမီးများမှာ မိမိကိုယ်ကိုယ်ယုံကြည်မှုပိုမိုရရှိလာခြင်း၊ အတွေ့အကြုံ ဗဟုသုတများကိုအခြားအမျိုးသမီးများမှ သိရခြင်း၊ မှီခိုသူအဖြစ် ခံယူထားခဲ့ရာမှ ဆွေးနွေးပွဲပြီးနောက် စိတ်ဓာတ်များပြောင်းလဲလာခြင်း၊ အမျိုးသမီးများမှာ လုပ်နိုင်ကိုင်နိုင်သည့် အရည်အချင်းများရှိကြောင်း အမျိုးသမီးတွေ့ ဆုံဆွေးနွေးပွဲမှ သိရှိလာခြင်း၊ အမျိုးသမီးအချင်းချင်း ရိုင်းပင်းကူညီစိတ်ရှိလာခြင်း၊ နားလည်လာကြခြင်း၊ စည်းလုံးညီညွတ်မှုရှိလာခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများအကြား အကြမ်းဖက်ခံရလျှင် ချက်ချင်းအကူအညီတောင်းပေးခြင်း စသည့် အကျိုးကျေးဇူးများရရှိပါသည်။

သို့သော် မိမိတို့ ချင်းမိုင်အတွင်းတွင် ရွှေ့ပြောင်းအလုပ်သမားများမှာ တစ်ယောက်နှင့်တယောက် နေထိုင်လုပ်ကိုင်သည့်နေရာများ အလှမ်းဝေးခြင်းကြောင့် ဆွေးနွေးပွဲအတွက် စုဝေးရန်ခက်ခဲခြင်း၊ အလုပ်ရှင်များ၏ ပိတ်ပင်မှုခံရခြင်း၊ အိမ်ထောင်သည်အမျိုးသမီးများမှာ ၄င်းတို့အမျိုးသားများ၏ ရန်ရှာခြင်းကိုခံရခြင်း စသည့်အခက်အခဲများကိုလည်း တွေ့ကြုံကြရသည်။

### တက်ရောက်သူများမှ မေးခွန်းများမေးခြင်း

မေး ။ ။ အလုပ်ရှင်က မသွားဖို့ပိတ်ပင်တဲ့အခါ ဘယ်လိုဖြေရှင်းပေးလဲ။

ဖြေ ။ ။ အလုပ်အမျိုးမျိုးရှိပါတယ်၊ နေ့စားအလုပ်သမား၊ အိမ်ဖော်အလုပ်သမား၊ ပန်းရံဆိုက်မှာလုပ်နေတဲ့ အမျိုးသမီးစသည်ဖြင့်ပေါ့၊ ဆွေးနွေးပွဲကို အမျိုးသမီးတွေနားတဲ့ရက်ကိုပဲ ရွေးပြီးလုပ်ပါတယ်။ ဆွေးနွေးပြီး လုပ်ရတဲ့နေရာလည်းမတူပါဘူး။ သူတို့ အလုပ်ပြီးတဲ့အချိန်၊ နားတဲ့အချိန်ကို သူတို့အလုပ်ဆိုက်ဘက်သွားပြီးလုပ်ပေးတယ်။

မေး ။ ။ ခေါင်းစဉ်ထဲမှာ အမျိုးသမီးနဲ့ နိုင်ငံရေးအကြောင်းကို ဆွေးနွေးတဲ့အခါ နိုင်ငံရေးအောက်မှာ ဘယ်ခေါင်းစဉ်ကိုဆွေးနွေးလဲ။

ဖြေ ။ ။ အမျိုးသမီးတွေက နိုင်ငံရေးဆိုတာကို ဘယ်အချိန်မှာစသိလဲ၊ နိုင်ငံရေးဆိုတာ ဘာလဲ၊ အမျိုးသမီးတွေဘာတွေလုပ်နေလဲဆိုတာမျိုးနဲ့ ဆွေးနွေးသွားတယ်

## ၇။ မယ်ဟောင်ဆောင် အမျိုးသမီးအဖွဲ့ အစီရင်ခံစာ

### မယ်ဟောင်ဆောင် ဒေသ (၁) အစီရင်ခံစာ

မဲဟောင်ဆောင်ဒေသ(၁)အမျိုးသမီးနှီးနှောဖလှယ်ပွဲ အုပ်စုတွင် တက်ရောက်သူအမျိုးသမီးများမှာ ဒုက္ခသည် အမျိုးသမီးများဖြစ်ကြပြီး မြန်မာ့အမျိုးသမီးသမဂ္ဂနှင့် ကရင်နီ အမျိုးသမီးအစည်းအရုံးမှ အမျိုးသမီးအဖွဲ့ ဝင်များလည်းတက်ရောက်ကြသည်။ အဓိက ဦးဆောင်သူများမှာ မြန်မာ့အမျိုးသမီးသမဂ္ဂနှင့် ကရင်နီအမျိုးသမီးအစည်းအရုံးမှ အမျိုးသမီးများဖြစ်သည်။ ဒေသ ၁ တွင် အမျိုးသမီးနှီးနှောဖလှယ်ပွဲကို တက်ရောက်သူဦးရေမှာ အနည်းဆုံး ၂၅ ဦးမှ အများဆုံး ၄၀ အထိ တက်ရောက်ကြပြီး အသက် ၂၅ နှစ်အရွယ် အမျိုးသမီးများမှ အသက် ၄၀ အရွယ်အမျိုးသမီးကြီးများအထိ တက်ရောက်ကြပါသည်။ ဆွေးနွေးပွဲတွင် ပုံမှန်အားဖြင့် အချင်းချင်း မိတ်ဆက်ခြင်း၊ မက် (ပ်) အကြောင်း ရှင်းပြခြင်း၊ သတင်းဖလှယ်ခြင်းတို့ဖြင့် စတင်ပြီး သက်ဆိုင်ရာ ဆွေးနွေးပွဲခေါင်းစဉ်ဖြင့် နှီးနှောဖလှယ်ပွဲကို ပြုလုပ်လေ့ရှိပါသည်။ ဆွေးနွေးပွဲပြီးသည့်အခါ မိမိတို့အိမ်၌ တွေ့ကြုံခံစားရသည့် အကြောင်းအရာများကိုဖလှယ်ပြီး နောက်လအတွက် ဆွေးနွေးပွဲခေါင်းစဉ်ကို ရွေးချယ်ခြင်းကြပါသည်။ ၂၀၁၀ ခုနှစ်အတွင်းတွင် နှီးနှောဖလှယ်ပွဲပေါင်း ၁၁ ကြိမ်ပြုလုပ်နိုင်ခဲ့သည်။ ဆွေးနွေးသည့် ခေါင်းစဉ်များမှာ အမျိုးသမီးနှင့်ဥပဒေ၊ စီဒေါမိတ်ဆက်၊ စီဒေါစာချုပ်၏ကော်မတီဝင်များ လုပ်ဆောင်ရမည့်တာဝန်များ၊ အမျိုးသမီးကြီးနဲ့ အမျိုးသမီးငယ်ကြား အမြင်သဘောထားနှင့် ပန်းကန်ဆေးရည်လုပ်နည်း၊ အမျိုးသမီးနှင့် နိုင်ငံရေးဆက်စပ်မှု၊ အလုပ်သမားမှတ်ပုံတင်ဥပဒေလုပ်ထုံးလုပ်နည်း၊ အိမ်တွင်းအကြမ်း ဖက်မှု၊ အမျိုးသမီးနဲ့ဓလေ့ထုံးတမ်း၊ ၂၀၁၀ ရွေးကောက်ပွဲဆန့်ကျင်ရမယ့်အကြောင်းအရင်းများ၊ အာစီယံအကြောင်း ဆွေးနွေးခြင်း၊ ၂၀၁၀ ရွေးကောက်ပွဲဆိုင်ရာဥပဒေအကြောင်းဆွေးနွေးခြင်းစသည့်ခေါင်းစဉ်များဖြစ်သည်။ ဒုက္ခသည်စခန်း အတွင်းတွင် လူသစ်အမျိုးသမီးများစွာရောက်နေပြီး ၎င်းတို့မှ အမျိုးသမီးနှီးနှောဖလှယ်ပွဲသို့ စိတ်ဝင်စားစွာ တက်ရောက်သည်ကိုတွေ့ရှိရပါသည်။ လူသစ်များဖြစ်သော်လည်း နိုင်ငံရေးဗဟုသုတများ၊ လူ့အခွင့်အရေးအကြောင်းများကို သိလိုစိတ်များရှိကြသည်။ အမျိုးသမီးနှီးနှောဖလှယ်ပွဲ တက်ရောက်ခြင်းကြောင့် အမျိုးသမီးများမှာ မပြောရဲမဆိုရဲရှိခဲ့ရမှ ပြောရဲဆိုရဲဖြစ်လာခြင်း၊ ဖိုဝါဒကြီးစိုးရဲ့ဝါဒီအပေါ် အချင်းချင်း ဖလှယ်ကြသောကြောင့် ဖိုဝါဒကြီးစိုးမှုလျော့နည်းလာခြင်း၊ အိမ်တွင်းအကြမ်းဖက်မှုအပေါ် အမျိုးသမီးများကိုယ်တိုင် အမျိုးသမီးများကို ကဲ့ရဲ့သည့်မျိုးရှိသော်လည်း နောက်ပိုင်းတွင် အချင်းချင်းအားပေးနှစ်သိမ့်မှုများ ပြုလုပ်လာခြင်း၊ နိုင်ငံရေးဦးဆောင်မှုပိုင်းတွင် (ဥပမာ– စခန်းအုပ်ချုပ်ရေးများတွင်) အမျိုးသမီးများပါဝင်လာခြင်း၊ အချင်းချင်း အားပေးကူညီမှုနှင့် ဖလှယ်မှုများပိုများလာခြင်း၊ လူကြီးလူငယ်ကြား (အထူးသဖြင့် အမေနှင့်သမီးများကြား) နားလည်မှု တည်ဆောက်လာနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိခဲ့သည်။

သို့ရာတွင် ဆွေးနွေးပွဲများ ပြုလုပ်ရာ၌ မိခင်များ ပါဝင်တက်ရောက်လျှင် ၎င်းတို့၏ ကလေးငယ်များပါလာ၍ စားစရိတ်ခက်ခဲခြင်း၊ လူဟောင်းများမှာ တတိယနိုင်ငံ ထွက်သွားကြပြီး လူသစ်များပါဝင်တက်ရောက်သောကြောင့် ယခင်ဆွေးနွေးသည့် ခေါင်းစဉ်ဟောင်းများကို ပြန်လည်ဆွေးနွေးရသည့်အခြေအနေရှိသောကြောင့် အခြားခေါင်းစဉ်သစ်များကို မဆွေးနွေးနိုင်ခြင်း၊ ခေါင်းဆောင်မှုပိုင်းတွင် အမျိုးသမီးများ ပါဝင်မှုနည်းနေသေးခြင်း စသည့် အခက်အခဲများကိုလည်း ရင်ဆိုင်ခဲ့ရပါသည်။

နောက်ပိုင်းတွင် မိမိတို့အနေဖြင့် စည်းရုံးလှုံ့ဆော်ရေးဆိုင်ရာ အကြောင်းအရာများကို လေ့လာလိုပြီး ဆွေးနွေးပွဲနှင့်အတူ အသက်မွေးဝမ်းကျောင်းပညာရပ်များကိုလည်း ပြုလုပ်ပေးရန် အကြံပြုလိုပါသည်။

### မဲဟောင်ဆောင် ဒေသ (၂) အစီရင်ခံစာ

မဲဟောင်ဆောင်ဒေသ (၂) တွင် ပြုလုပ်သောအမျိုးသမီးနှီးနှောဖလှယ်ပွဲသို့ တက်ရောက်သူများမှာ အများအားဖြင့် နေ့စားအလုပ်သမားများ၊ အိမ်ဖော်အလုပ်သမားများ၊ အကူအရောင်းစာရေးများ ပါဝင်ပြီး ဆွေးနွေးပွဲသို့ အနည်းဆုံး အမျိုးသမီး ၃၅ ဦးမှ ၄၅ ဦးအထိ တက်ရောက်ကြပါသည်။ ဆွေးနွေးပွဲလုပ်ခြင်းကြောင့် ပတ်ဝန်းကျင်မှ အမျိုးသမီးများမှာ အမျိုးသားများကို ပြန်လည်အံတုသည်ဟု နားလည်မှုလွဲသော်လည်း အမျိုးသမီးများမှာ ဖွဲ့မလျော့ပဲ လစဉ်ပုံမှန်တက်ရောက်ကြပါသည်။ အမျိုးသမီးနှီးနှောဖလှယ်ပွဲတွင် ဆွေးနွေးခဲ့သည့် ခေါင်းစဉ်များမှာ သဘာဝပတ်ဝန်းကျင်၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောက်ယှက်ခြင်း၊ အိမ်တွင်းအကြမ်းဖက်မှု စသည် တို့ဖြစ်သည်။ လစဉ်အမျိုးသမီးနှီးနှောဖလှယ်ပွဲကြောင့် အမျိုးသမီးများမှာ မိမိကိုယ်ကိုယ် ယုံကြည်မှုအပြည့်အဝရှိလာခြင်း၊ စွမ်းရည်မြင့်

မားလာခြင်း၊ အမျိုးသားနဲ့တန်းတူ လုပ်အားခမပေးသည့် အပေါ် ဥပဒေအရ ပြန်လည်သုံးသပ်လာကြခြင်း၊ အမျိုးသမီး အချင်း ချင်းကြား ရင်းနှီးမှု၊ အပြန်အလှန်ကူညီမှု၊ စည်းလုံး ညီညွတ်မှုများ ပိုရှိလာခြင်း၊ အိမ်တွင်းအကြမ်းဖက်မှု၊ လုပ် ငန်းခွင်တွင်း အကြမ်းဖက်မှုများရှိလာလျှင် အချင်းချင်း အား ပေးနှစ်သိမ့်ခြင်း၊ အကြံပေးခြင်း၊ ဝိုင်းဝန်းကူညီဖြေရှင်းပေးခြင်း နှင့် သက်ဆိုင်ရာသို့ ဆက်စပ်လုပ်ပေးခြင်း၊ အမျိုးသမီးများ အရည်အ ချင်းတိုးမြှင့်လာခြင်း၊ အပြန်အလှန်ပူးပေါင်းဆောင် ရွက်မှုရှိလာခြင်း စသည့် အကျိုးကျေးဇူးများရရှိပါသည်။

ဆွေးနွေးပွဲပြုလုပ်သည့်အခါ အခက်အခဲများစွာမရှိ သော်လည်း အာဏာပိုင်များက တခါတရံဟန့်တားခြင်း၊ အမျိုးသားများရဲ့ အပြစ်သဘောဆောင်မြင်ခံရခြင်း၊ အမျိုး သမီးများရဲ့ အလုပ်အားရက်ကို စောင့်ရခြင်းစသည့် အခက် အခဲမျိုး ကြုံခဲ့ရပါသည်။ နောက်ပိုင်းတွင် မဲဟောင်ဆောင် ဒေသ (၂) တွင် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဆွေးနွေး ပွဲများ၊ နေထိုင်ခွင့်လက်မှတ်နှင့်ပတ်သက်သည့် ထိုင်းဥပဒေ အကြောင်းအရာများကို တင်ပြဆွေးနွေးပေးဖို့မိမိတို့မှ အ ကြံပြုလိုပါသည်။

### တက်ရောက်သူများမှ မေးခွန်းများမေးခြင်း

မေး ။ ။ မဲဟောင်ဆောင် ၂ ဖွဲ့ တွေ့ဆုံမှုတွေ၊ အချိတ် အဆက်လုပ်ဖြစ်လား

ဖြေ ။ ။ ဒီနှစ်မှာတော့ ၂ ကြိမ်ဆုံတယ်။ အစည်းအဝေး ပူးပေါင်းပြီး ၂ ခါလောက် လုပ်ဆောင်ကြတယ်။ နေ ခြည်၊ စကိုးဘား၊ ကေအန်ဒဘယ်လျူအို၊ မြန်မာ့ အမျိုးသမီးသမဂ္ဂအဖွဲ့တွေပေါင်းပြီး လုပ်တယ်။

မေး ။ ။ ၂၀၁၀ ဆန့်ကျင်တဲ့အကြောင်းလုပ်တာကို ပိုပြီး သိချင်၊

ဖြေ ။ ။ ၂၀၁၀ ရွေးကောက်ပွဲကို ဘာကြောင့်လက်မခံနိုင်လဲ အပေါ် ၂၀၀၈ ဖွဲ့စည်းပုံကို ပြန်လည်သုံးသပ်တာ၊ စစ်တပ်ရဲ့အခန်းကဏ္ဍကို သုံးသပ်ဆွေးနွေးပြီး အား နည်းချက်တွေကို ဆွေးနွေးသွားတာ ဖြစ်တယ်။

### ၈။ ရနောင်း အမျိုးသမီးအဖွဲ့ အစီရင်ခံစာ

ရနောင်းဒေသတွင် အမျိုးသမီးနိုးနှောဖလှယ်ပွဲလုပ် သည့်အခါ လုပ်ငန်းတွင်လုပ်ကိုင်နေသော အမျိုးသမီးအများ စု၏ နားရက်နှင့် ညှိနှိုင်းပြီး ဆွေးနွေးပွဲကို လစဉ်လတိုင်း ညှိ နှိုင်းဆောင်ရွက်ရပါသည်။ ရနောင်းဒေသမှ အမျိုးသမီးအဖွဲ့ ကို ၂၀၀၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင် ၁၀ ဦးရှိပါ သည်။ ရနောင်းဒေသမှ အများစုသောအမျိုးသမီးအ လုပ်သ မားများမှာ တရားမဝင်သောအလုပ်သမားများဖြစ်ပြီး တရား ဝင်အလုပ်သမားများမှာ အနည်းစုသာလျှင်ဖြစ်သည်။အများ စုမှာ အိမ်ဖော်အလုပ်သမားများ၊ လိင်အလုပ်သမိများ၊ ပန်း ရံအလုပ်သမားများ၊ စက်ရုံအလုပ်သမားများ စသည်တို့ဖြစ် သည်။

အချို့အလုပ်မရှိသည့် အမျိုးသမီးများကို ဆွေးနွေးပွဲ တက်ရန်အတွက် စည်းရုံးသည့်အခါ ၄င်းတို့ ဒိုးဇက်ဆော့ နေသည့်နေရာထိအရောက်လိုက်ခေါ်၍ စည်းရုံးရသည်များ လည်းရှိပါသည်။ လစဉ် အမျိုးသမီးဆွေးနွေးပွဲတက်ရောက် သူများမှာ အနည်းဆုံး အယောက် ၂၀ မှ ၂၅ ယောက် အထိ ရှိပါသည်။ လွန်ခဲ့သည့် ၂၀၁၀ ခုနှစ်အတွင်းပြုလုပ်သော ဆွေးနွေးပွဲအကြောင်းအရာများမှာ အမျိုးသမီးနှင့် ခလေ့ ထုံးစံ၊ ကလေးစောင့်ရှောက်မှု၊ ရွှေ့ပြောင်းအမျိုးသမီး အလုပ် သမားများ၊ အမျိုးသမီးစိတ်စွမ်းရည်ဆွေးနွေးပွဲ၊ လုပ်ငန်းခွင် အခြေအနေနှင့် မတရား ဖမ်းဆီးချုပ်နှောင်ခြင်း၊ ပုံမှန်သုံး သပ်စစ်ဆေးခြင်း စသည်တို့ဖြစ်ပါသည်။

အမျိုးသမီးများအနေဖြင့် လစဉ်ဆွေးနွေးပွဲ တက် ရောက်ခြင်းကြောင့် မကြားဖူးသော ဗဟုသုတများ ဖလှယ် ခြင်း၊ အသိဉာဏ်ကိုဖွင့်ခြင်း၊ ကြောက်ရွံ့သောစိတ်ကို ဖယ် ရှားနိုင်ရန်၊ မတရားအနိုင်ကျင့်စော်ကားခြင်းကို မခံရစေရန် အသိပညာဗဟုသုတများ ရရှိစေသည်။ ထို့ပြင် ပြဿနာ များကို ရင်ဆိုင်ဖြေရှင်းရမည့်နည်းလမ်းများစွာ ရရှိလာခြင်း၊ အမျိုးသမီးများ၏ အရည်အချင်းစွမ်းရည်မြှင့်မားလာခြင်း၊ ပူး ပေါင်းဆောင်ရွက်တတ်လာခြင်း၊ စသည့် အကျိုးကျေးဇူးများ ရရှိစေပါသည်။ အမျိုးသမီးအများစုမှာ အိမ်မှုကိစ္စများနှင့် ရှုပ်ထွေးနေရသည့်ကြားမှ နားချိန်နားရက်များတွင် ယခုလို တွေ့ဆုံခြင်းဖြင့် အချင်းချင်း ပိုမိုစည်းလုံးညီညွတ်လာသည်။ အမျိုးသမီးအချင်းချင်းကြား ကူညီအားပေးခြင်း၊ သင်တန်း နှင့် နည်းပညာပိုင်ဆိုင်ရာ အသုံးပြုမှုများတွင် တစ်လထက် တစ်လ တိုးတက်မှုများရှိလာပါသည်။

အမျိုးသမီးဆွေးနွေးပွဲသို့ တက်ရောက်စေရန်စည်းရုံးလုံ့ဆော်ရာတွင် တွေ့ကြုံရသော အတားအဆီးများမှာ ပုလိပ်စစ်ဆေးလျှင် ဆွေးနွေးပွဲအတွက် ထောက်ခံစာ စာရွက်စာတမ်းများ လိုအပ်ခြင်းပင်ဖြစ်သည်။ ရနောင်းအမျိုးသမီးများအဖွဲ့တွင် ရုံးမရှိခြင်း၊ ထောက်ခံစာ စာရွက်စာတမ်းများမရှိခြင်းကြောင့် နားလည်မှုနှင့်သာ ဆွေးနွေးပွဲကို ပြုလုပ်နေရပါသည်။ အစိုးရအဖွဲ့၊ အစိုးရမဟုတ်သောလူမှုရေးအဖွဲ့များကဲ့သို့ စာရွက်စာတမ်းနှင့် သေသေချာချာပြုလုပ်၍ ဆွေးနွေးမည်ဆိုပါက ပို၍ တိုးတက်လာမည်ဖြစ်ပါသည်။

## ၉။ မယ်စလီးယန် အမျိုးသမီးအဖွဲ့ အစီရင်ခံစာတင်သွင်းခြင်း

မဲစလီးယန်းအမျိုးသမီးနီးနှောဖလှယ်ပွဲအဖွဲ့သည် အများအားဖြင့် မယ်လဉနှင့် မယ်ရမှုဒုက္ခသည်စခန်းထဲတွင် ပြုလုပ်ပြီး တက်ရောက်သောအမျိုးသမီးများမှာ လူထုအခြေပြု လူ့အဖွဲ့အစည်းများမှ အမျိုးသမီးများ၊ အဲန်ဂျီအိုအဖွဲ့အစည်းများ (အစိုးရမဟုတ်သော အဖွဲ့အစည်းများ) မှ အမျိုးသမီးများ၊ ဒုက္ခသည်အမျိုးသမီးများ ဖြစ်ပါသည်။ အများအားဖြင့် အမျိုးသမီးဆွေးနွေးပွဲကို မြန်မာ့အမျိုးသမီးသမဂ္ဂနှင့် ကရင်အမျိုးသမီးအစည်းအရုံးမှ အမျိုးသမီးများ အလှည့်ကျ ဦးဆောင်ပြုလုပ်ခဲ့ပါသည်။

၂၀၁၀ ခုနှစ်အတွင်း ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲခေါင်းစဉ်များမှာ အမျိုးသမီးကျန်းမာရေး၊ လူကုန်ကူးမှု၊ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ခြင်း၊ အမျိုးသမီးနှင့်စီးပွားရေး၊ လူငယ်နှင့် လိုအင်ဆန္ဒများ စသည့်ခေါင်းစဉ်များဖြစ်ပါသည်။

မယ်လဉနှင့် မယ်လမှုဒုက္ခသည်စခန်းအတွင်း အဓိကတွေ့ရသော စိန်ခေါ်ချက်များမှာ ခိုးမှုနှင့် အကြမ်းဖက်မှုများခြင်း၊ လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှုများခြင်း၊ ရောဂါများလာခြင်း၊ အိမ်ထောင်ရှင်အမျိုးသမီးများကို အကြမ်းဖက်မှုများခြင်း၊ လူငယ်များ လောင်းကစားလုပ်ခြင်း၊ ဒုက္ခသည်စခန်း ပြင်ပတွင် အလုပ်လုပ်ခွင့်မရှိခြင်း စသည့်တို့ဖြစ်သည်။ ထို့ကြောင့် စခန်းတွင်းတွင် အရက်မရောင်းရန် အမိန့်ထုတ်ထားပြီး ၄င်းကို စခန်းကော်မတီနှင့် အမျိုးသမီးအစည်းအရုံးမှ ဝိုင်းဝန်းလုပ်ဆောင်ကြသည်။ အိမ်တွင်းအကြမ်းဖက်မှု ပြဿနာများဖြစ်လာပါက ကရင်အမျိုးသမီးအစည်းအရုံး၊ မြန်မာ့အမျိုးသမီးသမဂ္ဂတို့မှ ဝိုင်းဝန်းဖြေရှင်းပေးကြသည်။ အကယ်၍ အိမ်တွင်းအကြမ်းဖက်မှုဖြစ်၍ လာရောက်တိုင်ကြားတိုင်းအမျိုးသမီးအဖွဲ့များမှအချိန်ကာလတစ်ခုအထိစဉ်းစားခွင့်ပေးပြီးနောက် ၄င်းကာယကံရှင်တို့မှကွာရှင်းချင်သည်ဆိုလျှင် ကွာရှင်းပေးဖို့ကူညီပေးပါသည်။ သို့သော် တခါတရံ ကွာပေးပြီးနောက် လင်မယားပြန်လည်အဆင်ပြေသွားသည့်အခါ မျက်နှာပျက်ရသည်များလည်းရှိပါသည်။ အမျိုးသမီးဆွေးနွေးပြုလုပ်ခြင်းကြောင့် ဒုက္ခသည်စခန်းတွင်းတွင် အမျိုးသမီးအဖွဲ့အစည်းဆိုလျှင် ကြောက်ကြသည်။ အမျိုးသမီးများ၏ အသိဉာဏ်မြင့်လာခြင်း၊ ၄င်းတို့၏ အမျိုးသားများကိုပြန်လည်စည်းရုံးနိုင်ခြင်း၊ စည်းရုံးရေး အားကောင်းခြင်း စသည့်တိုးတက်မှုများရှိပြီး ဒုက္ခသည်စခန်းထဲတွင် အတက်ကြွဆုံးမှာ အမျိုးသမီးအဖွဲ့အစည်းမှ အမျိုးသမီးများ ဖြစ်ကြသည်။ ဆွေးနွေးပွဲပြုလုပ်သည့်အခါ အဓိက တွေ့ကြုံရသောစိန်ခေါ်မှုမှာ (UNHCR) မှ လူထုနှင့်ပူးပေါင်းဆောင်ရွက်မှုမရှိခြင်းပင်ဖြစ်သည်။ မိမိတို့၏ ဒုက္ခသည်စခန်းအတွင်းတွင် Gender main stream /Conflict resolution သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများကို လာရောက်ပေးစေချင်ပါသည်။

**တက်ရောက်လာသူများမှ မေးခွန်းများမေးခြင်း**

မေး ။ ။ ဆေးခြောက်တွေ ဘယ်ကရသလဲ။

ဖြေ ။ ။ ဒုက္ခသည်စခန်း အပြင်ဖက်မှာ ထိုင်းတောင်ပေါ်သား တွေရှိတယ် အဲဒီကနေတဆင့်ရတာဖြစ်တယ်။

မေး ။ ။ အိမ်ထောင်ရေးဖောက်ပြန်တဲ့အခါ ဘယ်လိုဖြေရှင်းပေးသလဲ။

ဖြေ ။ ။ ဖြေရှင်းပေးတဲ့နေရာမှာ ခက်ခဲတယ်။ ယောကျ်ားနဲ့မိန်းကလေးပေါ် မူတည်ပြီးကာယကံရှင်ဆန္ဒအပေါ် လိုက်ပြီးတော့ဖြေရှင်းပေးပါတယ်။

မေး ။ ။ တခုခုဖြစ်ရင် အမျိုးသမီးတွေက ဖမ်းတာတို့၊ ဖြေရှင်းတာတို့နဲ့ ပတ်သက်ပြီး ကျမ မရှင်းတာက အမျိုးသမီးတွေက လုံခြုံရေးရာထူးယူထားလို့လား၊ တရားသူကြီးလား၊ ရောနေလို့၊ ကရင်နီဘက်မှာဆိုဖြေရှင်းတာထက် ဆွေးနွေးနှစ်သိမ့်ပေးတယ်၊ လိုအပ်ရင် တရားရုံးပို့တာတို့လုပ်တယ်။

ဖြေ ။ ။ ဖမ်းတာတော့မဟုတ်ဘူး၊ ဒါပေမဲ့ လုံခြုံရေးကို ကူညီပေးတာ၊ အဓိကက အမျိုးသမီးတွေက ပြည်သူတစ်ယောက်အနေနဲ့ လုပ်သင့်တဲ့ တာဝန်သိစိတ်ရှိတာ၊ သူတို့ကိုယ်တိုင် ဝါ့တာဝန်ဆိုတဲ့ စိတ်ဓာတ်ရှိကြတာဖြစ်တယ်။

# (၁၀) ကြိမ်မြောက်နှစ်ပတ်လည်အမျိုးသမီးနိုးနှောဖလှယ်ပွဲ မှတ်တမ်း

## ၁၀။ မဟာချိုင် အမျိုးသမီးများအဖွဲ့ အစီရင်ခံစာ

မဟာချိုင်ဒေသတွင် အမျိုးသမီးနိုးနှောဖလှယ်ပွဲကို ၂၀၁၀ ခုနှစ်၌ပင် စတင်လုပ်ဆောင်ခြင်းဖြစ်သောကြောင့် ဆွေးနွေးပွဲ ၄ ကြိမ်သာ လုပ်ဆောင်ခဲ့ရသည်။ မဟာချိုင်ဒေသတွင်နေထိုင်ကြသော ရွှေ့ပြောင်းအလုပ်သမားအများစုမှာ စက်ရုံအလုပ်ရုံများ၊ ငါးပုဇွန်ရုံများမှ အလုပ်သမားများဖြစ်ပြီး အိမ်ဖော်လုပ်သူများလည်းရှိပါသည်။ ဆွေးနွေးပွဲသို့ တက်ရောက်သူအမျိုးသမီးဦးရေမှာ ၁၆ ယောက်မှ ၂၅ ဦး အကြားရှိပါသည်။ ယခင်ကာလတွင် မဟာချိုင်မှ အမျိုးသမီးနိုးနှောဖလှယ်ပွဲကို မွန်အမျိုးသမီးအဖွဲ့မှ ဦးဆောင်လုပ်ပေးခဲ့သည်။

အဓိကဆွေးနွေးသော အကြောင်းအရာများမှာ သဘာဝပတ်ဝန်းကျင်၊ အိမ်တွင်းအကြမ်းဖက်မှုပပျောက်ရေး၊ ယာယီပတ်စ်ပို့အကြောင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအကြောင်း စသည်တို့ဖြစ်သည်။

ကိုခံရခြင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများမှာ အလုပ်ရှာရခက်ခဲခြင်း၊ စာမတတ်သည့် အမျိုးသမီးများလည်းရှိပြီးအများစုမှာ အဖွဲ့အစည်းနှင့် ချိတ်ဆက်မည်ဆိုလျှင် နိုင်ငံရေးလား၊ အဲန်ဂျီအိုလားမသိ ကြောက်ကြပြီး အချိတ်အဆက် မလုပ်ရဲခြင်း၊ အချို့အမျိုးသမီးများမှာ တစ်ပတ်တွင် တစ်ရက်သာ အလုပ်နားသောကြောင့် အိမ်မှုကိစ္စများနှင့် အလုပ်ရှုပ်နေပြီး ဆွေးနွေးပွဲ မတက်ရောက်နိုင်ခြင်း၊ အလုပ်နားရက်တွင် အလုပ်လုပ်လျှင် လုပ်ခနှစ်ဆရသည့်အတွက် အချို့မှာအလုပ်လုပ်ရန်သာ ပိုမိုရွေးချယ်ခြင်း စသည့်အခက်အခဲများ နှင့်လည်း ရင်ဆိုင်ကြရပါသည်။ ထို့ပြင် မဟာချိုင်ဒေသသည် အမျိုးသမီးများအတွက် လုံခြုံမှုမရှိပေ။

မိမိတို့ မဟာချိုင်ဒေသမှ အမျိုးသမီးအဖွဲ့အနေဖြင့် လက်မှုပိုင်းဆိုင်ရာ သင်တန်းများ၊ အမျိုးသမီးစိတ်ဓာတ်မြှင့်တင်ရေးသင်တန်းများကို ပြုလုပ်ပေးစေချင်ပါသည်။



အမျိုးသမီးနိုးနှောဖလှယ်ပွဲတက်ရောက်ခြင်းကြောင့် အမျိုးသမီးများမှာ ဆွေးနွေးပွဲသို့ ပိုမိုပါဝင်လာခြင်း၊ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာခြင်း၊ အမျိုးသမီးအချင်းချင်းပွင့်လင်းမှုရှိလာခြင်း၊ လိင်ပိုင်းဆိုင်ရာနှင့်ပတ်သက်၍ အရင်ကထက် ပိုမိုဆွေးနွေးပြောဆိုလာခြင်း၊ ပြဿနာတခုကို စုပေါင်းဖြေရှင်းလာနိုင်ကြခြင်း၊ အချင်းချင်း ရင်းနှီးလာကြ၍ တိုင်ပင်မှုရှိလာကြခြင်း၊ အကြောင်းအရာအသစ်များကို ပိုမိုသိလာခြင်း စသည့် အကျိုးကျေးဇူးများ ရရှိပါသည်။

ဆွေးနွေးပွဲများ ပြုလုပ်သည့်အခါ စက်ရုံများမှာ တခုနှင့်တခု အရမ်းဝေးသောကြောင့် သွားရလာရ အဆင်မပြေဖြစ်ခြင်း၊ အလုပ်သမားများမှာ ရရှိသည့်လစာနည်းသည့် အပြင် နားရက်မရှိခြင်း၊ အလုပ်သမားခေါင်းဆောင်၏ ဆဲဆိုမှု

**တက်ရောက်သူများမှ မေးခွန်းများမေးခြင်း**

မေး ။ ။ အစပိုင်းမှာ အမျိုးသမီးတွေ စိတ်မဝင်စားဘူးဆိုတော့ စိတ်ဝင်စားအောင် ဘယ်လို ဆွဲဆောင်ပါသလဲ။

ဖြေ ။ ။ သူတို့အတွက် အကျိုးရှိ၊ မရှိ သူတို့ကိုရှင်းပြပေးတယ်၊ ပြဿနာဖြစ်လာရင် ဘယ်မှာတိုင်ရမလဲ ကျမတို့သိထားတဲ့ရုံးတွေနဲ့ မိတ်ဆက်ပေးပါတယ်။

မေး ။ ။ မဟာချိုင်မှာ ပုလိပ်၊ ဆိုင်ကယ်သမားနဲ့ ထိုင်းတွေက မြန်မာအမျိုးသမီးတွေကို အနိုင်ကျင့်တဲ့အခါ ဘယ်လိုဖြေရှင်းပေးလဲ။

ဖြေ ။ ။ တစ်လကို အနည်းဆုံးတယောက် (သို့) အမှုတစ်မှုလောက်ရှိပါတယ်။ အရမ်းကြမ်းတယ်၊ တိုင်ရဲတဲ့

သူမှ တိုင်ကြတယ်။ တချို့က မတိုင်ရဲဘူး။ ရှက်တယ် မပြောရဲဘူး။ သူတို့နဲ့ ရင်းနှီးတဲ့သူတွေကိုတော့ ပြောတယ်။ အဲဒီကနေတဆင့် အမျိုးသမီးအဖွဲ့သိ ရရင်ရုံးကို သွားပြီးအမတိုင်ပေးတယ်၊ ထိုင်းတွေ လုပ်ရင် နည်းနည်း ဖမ်းရခက်တယ်။ တချို့အမျိုး သမီးတွေက သူတို့သိတယ်၊ဒါပေမဲ့မတိုင်ချင်ကြဘူး၊ ကာယကံရှင်ကိုယ်တိုင်က ပြီးရင်ပြီးရောပဲလုပ်ချင် တယ်၊ တိုင်လိုက်ရင် လူမိုက်ငှားသတ်ကြတဲ့အခါရှိ တော့ အဲဒါကြောက်ပြီး မတိုင်ရဲကြဘူး။

မေး ။ ။ အမျိုးသမီးအဖွဲ့က အမျိုးသမီးများအတွက် အကူ အညီ လိုရင်တောင်းရအောင်လို့သို့မဟုတ် အ ကြောင်းကြားလို့ရအောင် နီးစပ်ရာ ရပ်ကွက်လေး တွေမှာအဖွဲ့အစည်းတွေရဲ့ဖုန်းနံပါတ်ပေးထားတာ မျိုး ရှိပါသလား၊

ဖြေ ။ ။ စာရွက်တွေဖြန့်ပေးတဲ့ထဲမှာ ဆက်သွယ်ရမယ့်ဖုန်း နံပါတ်တွေထည့်ထားပေးပါတယ်။

မေး ။ ။ မဟာချိုင်မှာ ငါး၊ ပုဇွန်၊ ဂဏန်းစက်ရုံတွေမှာနေ ရေးထိုင်ရေး စနစ်တကျမရှိတာတွေ့ရတယ်။ မိန်း ကလေးငယ်တွေအတွက် လုံခြုံရေးမရှိတာရှိတယ်၊ အဲဒါတွေကိုမြင်ရင်ဘယ်လိုလုပ်ပေးလဲ။အိမ်ထောင် သည်နဲ့ မိန်းကလေးငယ်တွေအတူပေါင်းနေကြတာ မသင့်တော်ဘူးလို့လဲထင်တယ်လေ။

ဖြေ ။ ။ အဲဒါတွေက အမြဲတွေ့ရတယ်၊ တခန်းကို ၁၂ ယောက်လောက်နေကြတယ်။ အဲဒီကိစ္စနဲ့ပတ် သက်ပြီး အိမ်ထောင်သည်နဲ့လူပျိုအပျိုတွေစုနေဖူး တဲ့သူတွေကို ဘာကြောင့်နေလဲလို့မေးဖူးပါတယ်။ တချို့ကနေချင်လို့၊ တချို့က ပိုက်ဆံသက်သာ အောင်လို့ ဆိုပြီးပြောပါတယ်။ နောက်တော့လဲသူ တို့အချင်းချင်းတွေကိုပြန်ပြီးဆွေးနွေးပေးပါတယ်။

### ၁၁။ အဲမ်ပါဝါ အကြောင်း မိတ်ဆက်တင်ပြခြင်း

**မလိ**

အဲမ်ပါဝါ EMPOWER အကြောင်းကို သတင်းများ တွင်တွေ့နိုင်သလို ရေဒီယိုတွင်လည်း နားထောင်နိုင်တယ်။ အဲမ်ပါဝါဟာ လိင်အလုပ်သမားများရဲ့ အခွင့်အရေးအတွက် အလုပ်လုပ်နေသော အဖွဲ့ဖြစ်ပါတယ်။ လိင်အလုပ်သမား အများစုဟာ ဘန်ကောက်မြို့ရှိ ဖတ်ဖုံးတွင် နေထိုင်လုပ်ကိုင် စားသောက်ကြပါတယ်။ ထိုကဲ့သို့ လိင်အလုပ်သမားများစွာ ရှိသော်လည်း လူ့အသိုင်းအဝိုင်းမှ အလုပ်လုပ်နေကြသူ များအဖြစ် မမြင်ကြပေ။ လိင်အလုပ်သမားများသည် မိမိ တို့အိမ်သို့ပြန်ချင်သော်လည်း မိသားစုစားဝတ်နေရေး အ တွက်စိတ်ပူရခြင်း၊ တစ်ချို့ရွာမှ ရောက်လာကြသော အမျိုး သမီးများမှာ ရွေးကောက်ပွဲတွင် ကိုယ်တိုင်မဲမထည့်ခဲ့ကြရသ လို မိမိနေရပ်သို့ပြန်သွားလျှင် မြန်မာစစ်အစိုးရမှ စစ်မှုထမ်း ခိုင်းမည်ကို စိုးရိမ်နေကြသူများလည်းရှိပါသည်။ အနှိပ်ခန်း များတွင် လက်မှတ်မရှိလျှင် မည်သူမှ အလုပ်လက်မခံပါ။

နာရီပေါင်း ၁၈၀ အလုပ်လုပ်မှ ဘတ် ၅၀၀၀ သာရ သည်။ တစ်ခါတစ်ရံဧည့်သည်မှ နှစ်သက်လျှင် ပိုရသည်။ တ ရက် ၁၀၀ ရမည်ဆိုလျှင် မိမိအတွက် ဘတ် ၄၀၊ ၅၀ သာ ကျန်သည်။ အလုပ်နောက်ကျလျှင် ၅ မိနစ်ကို ဘတ် ၂၀ မှ ၄၀ ကြား ဖြတ်တောက်ခံရသည်။ ကာရာအိုကေဆိုင်များတွင် အလုပ်ချိန် ၈ နာရီရှိသည်။ ညနေ ၆ နာရီမှ မနက် ၂ နာရီ၊ ၃ နာရီထိ အလုပ်လုပ်ရသည်။ အလုပ်တွင်းစည်းကမ်းမှာ အလွန်တင်းကြပ်သည်။ ဧည့်သည်နှင့် အရက်ထိုင်သောက် ပေးလျှင်ဘတ် ၂၀ သာရသည်။ မိမိတို့အလိုအပ်ဆုံးအရာမှာ လိင်အလုပ်ကိုအလုပ်အဖြစ်အသိအမှတ်ပြုပေးရန်ဖြစ်သည်။ လိင်အလုပ်သမားများလည်း အခြားအလုပ်သမားများနည်း တူကျန်းမာရေးပညာပေးအစီအစဉ်များနှင့် အခြားသောကာ ကွယ်မှုအသိပညာပေးအစီအစဉ်များလိုအပ်သည်



# (၁၀) ကြိမ်မြောက်နှစ်ပတ်လည်အမျိုးသမီးနိုးနှောဖလှယ်ပွဲ မှတ်တမ်း

## အလုပ်ရုံဆွေးနွေးပွဲများတွင် ပူးပေါင်းပါဝင်ခြင်း

မတ်ချ်လ ၆ ရက်နေ့မှစတင်၍ ၁၀ ရက်နေ့မနက်ပိုင်းထိပြုလုပ်သော အမျိုးသမီးနိုးနှောဖလှယ်ပွဲကြီးတွင် ပါဝင်တက်ရောက်လာသော ဒေသအသီးသီး၊ အလုပ်နယ်ပယ်အသီးသီးမှ အမျိုးသမီးများသည် အုပ်စု ၄ အုပ်စုခွဲ၍ အကြောင်းအရာ အလိုက်အလုပ်ရုံဆွေးနွေးပွဲအသီးသီးသို့ တက်ရောက်ပါဝင်ခဲ့ကြသည်။ မနက် ၁၀ နာရီခွဲမှစ၍ နေ့လည် ၁၂ နာရီခွဲအချိန် အတွင်းနှင့် နေ့လည်ပိုင်း ၁ နာရီခွဲမှ ညနေ ၃ နာရီခွဲအချိန်ထိ အလုပ်ရုံဆွေးနွေးပွဲ ၄ လေးခုသို့ အုပ်စုလေးစုမှ နေ့စဉ်အလှည့်ကျ တက်ရောက်ဆွေးနွေးခဲ့ပါသည်။

(က) မနက်ပိုင်းတွင်ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲများတွင် ပူးပေါင်းပါဝင်ခြင်း

### ၁။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆန့်ကျင်ရေး

ဦးဆောင်ဆွေးနွေးသူ မူးဘီ(နိုင်ငံတကာကယ်ဆယ်ရေးအဖွဲ့)

ဤအလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာသူအမျိုးသမီးများမှ အမျိုးသမီးအပေါ် အကြမ်းဖက်မှုများဖြစ်ပေါ်လာရသည့် အခြေခံအကြောင်းအရင်းကို သိရှိစေရန်အဓိကဦးတည်ပြီး ကျားမတန်းခွဲခြားဆက်ဆံနေသည့် အခြေနေများကို သိမြင်နားလည်စေရန်အတွက် မြန်မာ့လူ့အသိုင်းအဝိုင်းအတွင်း ကျင့်သုံးနေသည့် ကျားမခွဲခြားဆက်ဆံမှုများ၊ ထိုခွဲခြားဆက်ဆံမှုကြောင့် နောက်ဆက်တွဲဆိုးကျိုးဖြစ်စေသည့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ဆွေးနွေးပွဲအတွင်း စုပေါင်းဆွေးနွေးခဲ့ကြသည်။

တက်ရောက်လာသူများမှ လိင် (Sex) နှင့်လိင်အခြေပြုခွဲခြားဆက်ဆံခြင်း (Gender) အပေါ် အောက်ပါအတိုင်း ဆွေးနွေးခြင်း။

**လိင်ဆိုသည်မှာ**

- ယောကျာ်း၊ မိန်းမ အင်္ဂါ
- သဘာဝအတိုင်းဖြစ်လာခြင်း။
- ပြောင်းလဲလို့မရ။
- ယောကျာ်းလေးမှာ လည်စေ့ရှိတယ်၊
- မိန်းကလေးက ကိုယ်ဝန်ဆောင်နိုင်သော သားအိမ်ရှိတယ်။
- ယောကျာ်းနှင့်မိန်းမ ကိုယ်ခန္ဓာဖွံ့ဖြိုးမှုမတူကြခြင်း။
- မိန်းကလေးက ကလေးမီးဖွားနိုင်တယ်။ ရာသီပုံမှန်လာတယ်၊ ရင်သားရှိတယ်။

**လိင်အခြေပြု ခွဲခြားဆက်ဆံခြင်း**

- အကျင့်စာရိတ္တ၊
- အမျိုးသားဆိုရင် အမဲလိုက်တယ်။ အလုပ်ကြမ်းနှင့် မိသားစုပံ့ပိုးမှုအတွက် ဝင်ငွေရှာရတယ်။
- ယောကျာ်းတွေက ဦးဆောင်နိုင်စွမ်းရှိတယ်။ ယောကျာ်းက အလုပ်ကြမ်းလုပ်နိုင်ရမယ်
- ယောကျာ်းတွေက သန်မာတယ်
- အမျိုးသမီးဆိုရင် နွဲ့တယ်။ ညအပြင်ထွက်မရ
- ယောကျာ်းက မငိုရဘူး။
- မိန်းကလေးက အိမ်မှုကိစ္စလုပ်ရမယ်၊ နူးညံ့သိမ်မွေ့ရမယ်။

လိင်ကွဲပြားမှုအပေါ် ပုံစံခွက်သတ်မှတ်ချက်များနှင့်ပတ်သက်၍ အုပ်စုခွဲဆွေးနွေးခြင်း

**အမျိုးသားဆိုသည်မှာ**

- လည်စေ့၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ အမျိုးသားအင်္ဂါရှိရမယ်။
- ခွန်အားကြီး၊ အားကောင်းမောင်းသန် (ကြွက်သားကြီး) ခြင်း။
- အသံပြောင်းလဲမှု၊ တည်ကြည်ခန့်ညား
- အရပ်ရှည်ရမယ်၊ ကြမ်းတမ်းတယ်။
- ပသိုင်းမွေးရှိရမယ်၊ အသားဖြူရမယ်။
- ခန္ဓာကိုယ်တောင့်တင်းရမယ်။
- အိမ်ထောင်တစ်ခုကို ဦးဆောင်နိုင်ခြင်းရမယ်။
- စိတ်ခံတ်ကြံ့ခိုင်မှု၊ တည်ကြည်မှု၊ မိသားစုအပေါ် ကြင်နာတဲ့စိတ်၊
- အနစ်နာခံလိုတဲ့စိတ်၊ ဆုံးဖြတ်ချက်ပြတ်သားရမယ်
- စိတ်ထားမွန်မြတ်ရမယ်၊ စဉ်းစားဆင်ခြင်တတ်တဲ့စိတ် ရှိရမယ်

- ဖွဲ့လုံးလရှိရမယ်၊ ထက်မြက်ရမယ်၊ အိမ်ထောင်မှာ တာဝန်ယူရမယ်၊ ရဲရင့်ရမယ်။
- ခွန်အားရှိရမယ်၊ ကတိတည်ရမယ်၊ သတ္တိရှိရမယ်၊ လုပ်ရဲကိုင်ရဲရှိရမယ်။

**အမျိုးသမီး ဆိုသည်မှာ**

- အမျိုးသမီးအင်္ဂါ၊ သားအိမ်၊ ရင်သားရှိတယ်။
- တင်ရှိရမယ်၊ ယဉ်ကျေးသိမ်မွေ့ပြီး ဆံပင်ရှည်ရမယ်။
- အမျိုးသားနဲ့ ရင်ဘောင်တန်းနိုင်ရမယ်။ ရုပ်ရည်အဆင်းအင်္ဂါလှရမယ်။
- အိန္ဒြေရှိရမယ်၊ အရပ်ရှည်ပြီး၊ ကိုယ်လုံးကိုယ်ပေါက် လှရမယ်
- ရုပ်ချောပြီး အိမ်မှုကိစ္စနိုင်ရမယ်။
- ကြင်နာတရားရှိရမယ်၊ မိခင်စိတ်ရှိရမယ်၊ ကြောက်ရွံ့စိတ်ရှိရမယ်
- နူးညံ့သိမ်မွေ့ရမယ်၊ စိတ်ရှည်သီးခံရမယ်၊ ယဉ်ကျေးရမယ်
- အားငယ်တတ်တယ်၊ ကူညီတတ်တယ်၊ ပြုစုယုယမှုပေးရမယ်၊ ရှက်တတ်ရမယ်။
- အလှအပတီထွင်နိုင်ရမယ်၊ အိမ်တွင်းမှုနိုင်နင်းရမယ်၊ စီမံခန့်ခွဲတတ်ရမယ်။
- ကလေးကြည့်ရှု စောင့်ရှောက်တတ်ရမယ်၊ ကလေးမွေးရမယ်၊ ယောကျ်ားအလိုက်သိရမယ်၊ ဝင်ငွေထိန်းသိမ်းနိုင်ရမယ်။ အသောက်အစား၊ အပျော်အပါး မလိုက်စားရဘူး။

မိရိုးဖလာအရ သတ်မှတ်ထားတဲ့ ပုံစံခွက်တွေထဲက အမျိုးသမီးတွေကို ခွဲခြားဆက်ဆံထားတဲ့ ပုံစံခွက်တွေကို ထိန်းသိမ်းသင့်လား၊ ပြောင်းလဲသင့်လားဆိုတဲ့ အမြင်များကို ဖလှယ်ကြရာတွင်

- ယဉ်ကျေးသိမ်မွေ့တာ ဘယ်ယဉ်ကျေးမဆို ရှိသင့်တယ်။
- လူကြီးရှေ့မှာ ခေါင်းငုံ့ပြီးမသွားရင် အကန်ခံရမယ်။
- ယဉ်ကျေးသိမ်မွေ့တာ အဝတ်အစားနဲ့မဆိုင် စိတ်နဲ့ပဲဆိုင်တယ်။
- ယဉ်ကျေးမှုကို ခေတ်ရေစီးကြောင်းနဲ့အညီပြောင်းလဲသင့်ရင် ပြောင်းလဲရမယ်၊ သို့သော် တန်ဖိုးကို ထိန်းသိမ်းသွားဖို့လိုတယ်။
- နူးညံ့သိမ်မွေ့မှု၊ ကြောက်စိတ်တွေကအမြဲတမ်းရှိမနေသင့်ဘူး
- ကိုယ့်ကိုယ်ကိုယုံကြည်မှုရှိရင် ကြောက်စိတ်ဆိုတာ ရှိမှာမဟုတ်ဘူး
- မြန်မာပြည်ရဲ့ ယဉ်ကျေးမှုတော်တော်များများဟာ ဒီလိုအင်္ဂါရပ်နဲ့ညီညွတ်အောင် သင်ပေးလာခဲ့တယ်။ သို့သော် လက်ရှိအခြေအနေနဲ့ဆိုရင် ရှိတော့မှာ မဟုတ်ဘူး။
- ပတ်ဝန်းကျင်နဲ့သက်ဆိုင်တယ်။
- လက်ရှိလည်း ကျင့်သုံးနေဆဲဖြစ်တယ်။ ဒါပေမယ့် လျော့နည်းလာတယ်။



**တက်ရောက်လာသူ အမျိုးသမီးများမှ အတွေ့အကြုံများဖလှယ်ခြင်း**

- ကျမတို့အဖွားဆိုရင် မိန်းကလေးဆိုတာ ပညာတတ်စရာမလိုဘူးလို့ပြောတယ်။ သားသမီး (၁၀) ယောက်ရှိတယ် တယောက်မှ ပညာကိုဆုံးခန်းထိတိုင်အောင် သင်ခွင့်မရခဲ့ဖူး။ ကျမကိုတော့ အမေက (၁၀) တန်းထိရောက်အောင် ပညာသင်ခိုင်းပါတယ်။
- မိန်းကလေးဆိုရင် စာမတတ်ရင်လည်း ရတယ် ယောကျ်ားယူရင် ယောကျ်ားလုပ်ကျွေးလိမ့်မယ်လို့ ပြောတယ်။
- မိန်းကလေးစာမတတ်တဲ့အတွက် ယောကျ်ားယူရင် ယောကျ်ားက နှိမ်တယ်။
- မြန်မာပြည်ရဲ့စာသင်ခန်းထဲမှာ အမျိုးသမီးလူဦးရေပိုများတယ် တကယ်တော့ အမျိုးသမီးတွေကို စာတတ်စေချင်တဲ့သဘောနဲ့မဟုတ်ဘူး လူဦးရေများခြင်းကြောင့်ပဲဖြစ်တယ်။
- ကယန်းရဲ့စကားပုံအရ ယောကျ်ားဆိုရင် မီးသွေး၊ အိမ်မှာပဲမြဲတယ်။ မိန်းကလေးဆိုရင် သစ်ရွက်

ယောက်ျားယူရင် ယောက်ျားနောက်လိုက်နေရမယ်လို့ပြောတယ်။

- ကယန်းအမျိုးသမီးတွေက လည်ပင်းရှည်တတ်တဲ့အတွက် ကျောင်းသွားခွင့်မရဘူး။
- ဒီသင်တန်းမတက်ဖူးတဲ့လူတွေဆိုရင် ဒီအင်္ဂါရပ်တွေကို ဆက်လက်ကျင့်သုံးနေဆဲဖြစ်တယ်။
- အမျိုးသမီးနဲ့ အမျိုးသားရဲ့ အခွင့်အရေးအင်္ဂါရပ်တွေက သိသိသာသာ ခွဲခြားထားတာကိုတွေ့မြင်ရတယ်။

**ဒီလိုခွဲခြားထားခြင်းကြောင့် နောက်ဆက်တွဲပြဿနာတွေဘာတွေဖြစ်နိုင်လဲ**

- အမျိုးသမီးတွေကလူတောမတိုးရဲဘူး
- မိမိရဲ့အစွမ်းအစကို တင်ပြခွင့်မရဘူး
- အမျိုးသားတွေက တိုးတက်မှုပိုရှိလာတယ်
- အမျိုးသားတွေက ဦးဆောင်နိုင်တယ်၊ ဆုံးဖြတ်ချက်ချနိုင်တယ်၊ နေရာကောင်းမှာပဲရတယ်။
- ဦးဆောင်မှုအပိုင်းမှာ အမျိုးသားတွေဖြစ်တဲ့အတွက် ဆုံးဖြတ်ချက်ချတဲ့နေရာမှာ အမျိုးသမီးတွေရဲ့ အခက်အခဲ၊ အသံတွေမပါဘူး။
- အိမ်ထောင်ရေးမှာ၊ ပတ်ဝန်းကျင်မှာ၊ နိုင်ငံတော်မှာကြည့်မယ်ဆိုရင် အမျိုးသားတွေပဲ နေရာယူနေတာကိုတွေ့ရတယ်။
- ဒီလိုခွဲခြားမှုရှိနေသ၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင်လုပ်နေတဲ့နေရာမှာ ဖွံ့ဖြိုးသင့်သလောက်မဖွံ့ဖြိုးဘူး။
- မိခင်တွေကိုယ်တိုင်က သမီးနဲ့သားရဲ့ လုပ်ပိုင်ခွင့်အခွင့်အရေးတွေကို ကိုယ်တိုင်သင်ကြားပေးတဲ့အတွက် ကလေးတွေကြီးလာရင်ပုံစံခွက်ထဲရောက်သွားပြီးသားဖြစ်တယ်။ ကိုယ်ကိုယ်တိုင်ကလည်း ခွဲခြားဆက်ဆံမှုကို ပြန်ကျင့်သုံးတယ်။
- ယောက်ျားတွေ အာဏာပြလာတယ်။
- ပုံစံခွက်ထဲမှာရှိနေတော့ အမျိုးသမီးတွေ ဘယ်လောက်လုပ်နိုင်လုပ်နိုင် မိသားစုဝင်တွေ၊ အမျိုးသားတွေက ဆွဲထားတယ်။

**လိင်ကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများ (အုပ်စုခွဲ ဆွေးနွေးခြင်း)**

၁။ စိတ်ပိုင်းဆိုင်ရာ
၂။ ရုပ်ပိုင်းဆိုင်ရာ
၃။ လိင်ပိုင်းဆိုင်ရာ
၄။ လူမှုစီးပွားရေးပိုင်းဆိုင်ရာ
၅။ ဓလေ့ထုံးတမ်းနစ်နာစေသောအကြမ်းဖက်မှုများ

**စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ**

- ဆဲဆိုခြင်း၊ အတင်းပြောခြင်း၊ သမုတ်ခြင်း၊ မတရားစွပ်စွဲခြင်း၊
- စိတ်ဓာတ်ကျအောင်၊ အရှက်ရအောင်လုပ်တာ၊ စိတ်ထိခိုက်နစ်နာအောင်၊ ဂုဏ်သိက္ခာကျဆင်းအောင် ရည်ရွယ်ချက်ရှိရှိ၊ ခြိမ်းခြောက်ပြုလုပ်ခြင်း
- နစ်နာအောင်ပြောဆိုခြင်း၊ ခြိမ်းခြောက်ခြင်း
- မဟုတ်မမှန်စွတ်စွဲခြင်း၊ ဂုဏ်သိက္ခာမဲ့အောင် ပြုမူဆက်ဆံခြင်း
- ရည်ရွယ်ချက်ရှိရှိ တယောက်ယောက်နဲ့ ဖောက်ပြန်ခြင်း
- ချုပ်ချယ်ခံရခြင်း၊ ဖိနှိပ်ခြင်း၊ အဆင့်အတန်းခွဲခြားဆက်ဆံခြင်း။
- မိန်းကလေးဖြစ်လို့ စနောက်ခံရခြင်း။

**ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု**

- လက်သီးနဲ့ထိုးခြင်း
- တုတ်နဲ့ရိုက်ခြင်း
- ကန်ထုတ်ခြင်း
- ကိုယ်ထိလက်ရောက် ရိုက်နှက်ခြင်း
- ကိုယ်ခန္ဓာအနာတရဖြစ်အောင်လုပ်ခြင်း

**လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု**

- မုဒိမ်းကျင့်ခြင်း (လင်မယားကြား အလိုမတူပဲနေတာ၊ လိင်အင်္ဂါထဲမှာ ပစ္စည်းတွေထည့်တာ၊ ယောက်ျားလိင်အင်္ဂါက အမျိုးသမီးရဲ့ပါးစပ်မှာ အတင်းထည့်တာ)
- မုဒိမ်းကျင့်ဖို့ ကြိုးစားခြင်း
- လိင်အမြတ်ထုတ်ခြင်း
- လိင်ပိုင်းဆိုင်ရာထိပါးနှောက်ယှက်ခြင်း
- အသံဖြင့် လိင်ပိုင်းဆိုင်ရာအရ စော်ကားခြင်း

**လူမှုစီးပွားရေးဆိုင်ရာ**

- အလိုမတူပဲ ကိုယ့်ခေတ်ပုံတွေ အသုံးချခြင်း
- အမျိုးသမီးတွေ ရသင့်ရထိုက်တဲ့ လူမှုရေးဝန်ဆောင်မှုတွေ ပိတ်ပင်ထားခြင်း
- တီဗွီကြော်ငြာတွေမှာ အမျိုးသမီးတွေကို ဘမ်းပြပြီး ကြော်ငြာခြင်း
- အမျိုးသမီးတွေကို ပညာသင်ကြားခွင့်မပေးခြင်း
- ခင်ပွန်းက ဇနီးမယားကို လူမှုအသိုင်းအဝိုင်းကြားပေး မဝင်ခြင်း၊ ပါဝင်လုပ်ဆောင်မှု မရှိစေခြင်း၊

**ဓလေ့ထုံးတမ်းအရ နစ်နာစေသော အကြမ်းဖက်မှုများ**

- အသက်ငယ်ငယ်နဲ့ အိမ်ထောင်ပြုခိုင်းခြင်း
- မုဒိမ်းကျင့်ခံရလို့ ရွာက လက်မခံခြင်း
- ဉပမာ မူဆလင်အမျိုးသမီးတွေကို လိင်အင်္ဂါအစိတ်အပိုင်းကိုဖြတ်တောက်ခြင်းခြင်း
- ဝတ်စားဆင်ယင်မှု

**အကြမ်းဖက်မှု၏ အရင်းအမြစ်များ**

- အာဏာ (ငွေကြေးအရ၊ ပညာတတ်သူ၊ ခွန်အားကြီးသူ)
- ဒီအာဏာတွေကိုရှင်သန်အောင် ပတ်ဝန်းကျင်ကပေးတဲ့အတွက်ဖြစ်တယ်
- အများအားဖြင့် အမျိုးသားတွေက သူတို့ကို အာရုံစိုက်တာကို ခံစားချင်ကြတယ်၊ အဲဒါကြောင့် မိမိမှာရှိတဲ့ အာဏာတွေနဲ့ အသုံးပြုပြီး အကြမ်းဖက်တာဖြစ်တယ်။
- အရက်သေစာသုံးစွဲခြင်း၊ မူးယစ်ဆေးဝါးသုံးခြင်း
- သူတို့ပိုင်တဲ့ ရုပ်ဝတ္ထုပစ္စည်းတစ်ခုလို သတ်မှတ်ခြင်း
- ကလေးများပြီး စီးပွားရေးအဆင်မပြေခြင်း
- သစ္စာမရှိခြင်း (အိမ်ထောင်ရေးတွင်)
- စိတ်သဘောထားခြင်းမတိုက်ဆိုင်ခြင်း
- ရိုးရာဓလေ့နှင့် ပတ်ဝန်းကျင်မှ ဖိအားများ

**အကြမ်းဖက်မှု၏ နောက်ဆက်တွဲ ဆိုးကျိုးများ**

- အိမ်ထောင်ပြိုကွဲခြင်း၊ စိတ်ပိုင်းဆိုင်ရာထိခိုက်ခြင်း
- ကိုယ်ခန္ဓာအနာတရဖြစ်ခြင်း
- ပတ်ဝန်းကျင် အမြင်ဆိုးစေခြင်း
- ကလေးတွေအပေါ် သက်ရောက်မှုရှိခြင်း၊ ပညာရေး၊ ကျန်းမာရေး စသဖြင့် ထိခိုက်လာနိုင်ခြင်း
- အပြင်မသွားရဲ မလာရဲဖြစ်ခြင်း၊
- ကိုယ့်ကိုယ်ကိုယ် သတ်သေနိုင်ခြင်း



- ကျန်းမာရေးထိခိုက်လာနိုင်ခြင်း
- ကလေးအာဟာရမပြည့်ခြင်း၊
- အကျင့်စာရိတ္တပျက်ခြင်း၊

**အကြမ်းဖက်မှုကို ဘယ်လိုတားမြစ်မလဲ**

- တယောက်ချင်းစီမှာတာဝန်ရှိတယ်
- တဦးချင်းစီ၏အသိပညာနှင့် အရည်အချင်းများ လိုအပ်တယ်။
- အဖွဲ့တစ်ဖွဲ့ချင်းစီနဲ့ ပူးပေါင်းဆောင်ရွက်မှုရှိဖို့ လိုတယ်။
- မူဝါဒနဲ့တရားဥပဒေရေးရာတို့တွင် လွှမ်းမိုးမှုပြုလုပ်ဖို့လိုတယ်။
- အဖွဲ့အစည်းဆိုင်ရာ လုပ်ဆောင်ချက်များကို ပြောင်းလဲပေးဖို့လိုအပ်တယ်။
- ဆက်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို တွန်းအားပေးမှုရှိဖို့လိုအပ်တယ်။
- အမျိုးသမီး၊ အမျိုးသားများအား အကြမ်းဖက်မှုဆန့်ကျင်ရေးဆိုင်ရာ ပညာပေးရန်လိုအပ်တယ်။ ❑

# နိုင်ငံရေးဆိုင်ရာ ငွေကြေးအကူအညီ

ဦးဆောင်ဆွေးနွေးသူ – နန်းဘီး (WH4C)
ဘာသာပြန် – ယိင်းဟွမ်

နိုင်ငံရေးဆိုင်ရာ ငွေကြေးအကူအညီ အလုပ်ရုံဆွေးနွေးပွဲကို နန်းဘီးမှ ဦးဆောင်ဆွေးနွေးခဲ့ပြီး ယိင်းဟွမ်မှ ဘာသာပြန်အဖြစ် ဆောင်ရွက်ခဲ့သည်။ ဤဆွေးနွေးပွဲသို့ နှီးနှောဖလှယ်ပွဲတက်ရောက်လာသော အမျိုးသမီးများမှ အုပ်စုလိုက် အလှည့်ကျ ပူးပေါင်းပါဝင်ဆွေးနွေးခဲ့ကြသည်။ အလုပ်ရုံဆွေးနွေးပွဲ၏ အဓိကဦးတည်ချက်မှာ နိုင်ငံတကာမှ ထောက်ပံ့သော ငွေကြေးအကူအညီများသည် ၎င်းတို့နိုင်ငံ အစိုးရ၏ နိုင်ငံရေးအကျိုးအမြတ်တစ်စုံတစ်ရာကြောင့် ငွေကြေးဆိုင်ရာ အကူအညီများပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံတစ်ကာမှ ကူညီထောက်ပံ့ပေးသော ငွေးကြေးအကူအညီများ၊ အခြားလူသားခြင်းဆိုင်ရာ အထောက်အပံ့များပေးသည့် အခြေအနေများ၊ အကူအညီပေးသော နိုင်ငံ၏ အစိုးရများနှင့် အကူအညီပေးခံရမည့် နိုင်ငံအစိုးရကြား ဆက်ဆံရေး၊ အကူအညီပေးသော နိုင်ငံအစိုးရများနှင့် တဆင့်ခံအကောင်အထည်ဖော်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ (အဲန်ဂျီအို) ကြား ဆက်ဆံရေးအခြေအနေများကို တက်ရောက်လာသော အမျိုးသမီးများအား လှုပ်ရှားမှုများလုပ်၍ သတင်းအချက်အလက် ပေးခြင်းဖြစ်ပြီး တက်ရောက်လာသောအမျိုးသမီးများအနေဖြင့် မိမိတို့အား ထောက်ပံ့ပေးသောငွေကြေးအကူအညီများနှင့်ပတ်သက်၍ သိနားလည်စေရန် ရည်ရွယ်ခြင်းပင်ဖြစ်သည်။

## (က) ဇာတ်လမ်းတခုအပေါ်အခြေခံ၍ အုပ်စု ၄ စုခွဲပြီးဆွေးနွေးခြင်း

အုပ်စု ၃ စုအနေဖြင့် အုပ်စုတစ်စုစီတွင် ပိုက်ဆံ ၁ သန်းရှိမည်ဖြစ်သည်။ ထိုပိုက်ဆံ ၁ သန်းအား အုပ်စုတိုင်းမှ ၎င်းတို့၏ ပုဂ္ဂိုလ်ရေးအရ၊ တယောက်ချင်းစီ၏ စိတ်ဝင်စားမှု အပေါ်အခြေခံ၍ အသုံးမပြုရပေ။ အခြားငွေကြေးလိုအပ်သည့်သူများကိုသာ ပေးရမည်ဖြစ်ပြီး အသုံးပြုမည့်နေရာ၊ ပိုက်ဆံထောက်ပံ့မည့်အုပ်စု၊ ပေးရသည့်အကြောင်း အရင်းစသည်တို့ကို ဆွေးနွေးရမည်။ အုပ်စု ၄ အနေဖြင့် အကူအညီလိုအပ်နေသောသူများ၊ ၎င်းတို့ကြုံတွေ့နေရသည့် အခက်အခဲများကို လျှို့ဝှက်ဆွေးနွေးရမည်။ အုပ်စု ၃ စုမှ ပေးမည်ဟု ရည်ရွယ်သူများနှင့် အုပ်စု ၄ မှ ပေးသင့်သည်ထင်သည့်သူများ ကိုက်ညီမှုရှိမရှိ လှုပ်ရှားမှုပြုလုပ်ခြင်းဖြစ်သည်။

## အုပ်စုလိုက်ဆွေးနွေးချက်များအား ပြန်လည်တင်ပြခြင်း

အုပ်စု (၁)

ပြည်တွင်းမှာရှိတဲ့ ဒုက္ခသည်တွေ ကျန်းမာရေးကုသမှုလုံလောက်ရန်အတွက် ရရှိတဲ့ပိုက်ဆံတစ်သန်းကို ပြည်တွင်းဒုက္ခသည်ကူညီနေတဲ့အဖွဲ့ကနေမှတဆင့် ကူညီဖို့ပေးလိုက်မယ်။

အုပ်စု (၂)

ထိုင်းနိုင်ငံတောင်ပိုင်းမှာရှိတဲ့ ကလေးတွေရဲ့ပညာရေးအတွက်စီစဉ်ပေးပါမယ်။ တစ်ကယ်ပဲမိဘတွေကကျောင်းစရိတ်မတတ်နိုင်တဲ့သူတွေနဲ့ ကလေးတွေရဲ့ကျန်းမာရေး အဟာရရရှိဖို့အတွက်ကူညီပေးမယ်။ အဲဒီအတွက်အခြေအနေအလုံးစုံကိုသိရအောင်လို့ ကျောင်းဆရာ၊ ဆရာမတွေနဲ့ ဒေသတာဝန်ခံတွေကို တိကျတဲ့ အချက်အလက်တွေကိုသေချာသိအောင်မေးပါမယ်။

အုပ်စု (၃)

ထိုင်းနိုင်ငံမှာအလုပ်လုပ်နေတဲ့အလုပ်သမားတွေကို ကူညီမယ်။ အသက်မွေးဝမ်းကြောင်းနဲ့ဆိုင်တဲ့ သင်တန်းကျောင်းဖွင့်မယ်။ အဲလိုလုပ်ရခြင်းအကြောင်းရင်းက ထိုင်းနိုင်ငံကို ရောက်ရှိလာတဲ့အမျိုးသမီးတွေက လက်မှုပညာတွေနဲ့အခြားသောအသက်မွေးဝမ်းကျောင်းပညာရပ်တွေနဲ့ဆိုင်တဲ့အလုပ်အကိုင်တွေကို မကျွမ်းကျင်တဲ့အတွက် အလုပ်ရှာဖွေတဲ့အခါ အခက်အခဲ ကြုံတွေ့ရခြင်းဖြစ်ပါတယ်။

အုပ်စု (၄)

(ဘယ်သူတွေက အကူအညီလိုအပ်နေတယ်လို့ထင်လဲ)

ပြည်တွင်းစစ်ပြေးဒုက္ခသည်နဲ့ မိဘမဲ့ကလေးတွေက အကူအညီ လိုအပ်နေတယ်။ အမျိုးသမီးအဖွဲ့အစည်းကလည်း အကူအညီလိုအပ်နေတယ်။ လူထုအခြေပြုလူ့အဖွဲ့အစည်းနဲ့ အဲန်ဂျီအိုတွေကိုပေးမယ်။

**ဦးဆောင်ဆွေးနွေးသူမှ ဆွေးနွေးချက်**

အဲန်ဂျီအိုတွေကိုယ်တိုင်က တကယ်ပဲအကူအညီလိုနေလား၊ ဘယ်အုပ်စုက ပိုလိုလဲဆိုတာတိတိကျကျဆွေးနွေးဖို့လိုတယ်။ တကယ်လို့ အဲန်ဂျီအိုအဖွဲ့ကို ပေးမယ်ဆိုရင် ဘာလုပ်မလဲဆိုတာ အဲန်ဂျီအိုပဲဆုံးဖြတ်မယ်။ တကယ့်အောက်ခြေလူထုကသာ အကူအညီတွေကို လိုအပ်တာဖြစ်တယ်။ အဲန်ဂျီအိုတွေကအကူအညီ လိုတာမဟုတ်ဘူး။ အခုဆိုနိုင်ငံတကာကအကူညီတွေပေးနေတာတွေရှိတယ်။ဒါပေမဲ့ သူတို့က သွယ်ဝိုက်တဲ့နည်းနဲ့ အကူညီလိုနေတဲ့ပြည်သူတွေကိုရောက်အောင်လုပ်တာ။ အဲန်ဂျီအိုက အောက်ခြေလူတန်းစားတွေကို ကူညီနိုင်အောင်အတွက် ပေါ်လာတာဖြစ်တယ်။ အဲဒါကြောင့် ကူညီမယ်ဆိုရင် လူထုမှာ တကယ်လိုအပ်တဲ့သူတွေကိုပေးရမှာဖြစ်တယ်။ အဲန်ဂျီအိုတိုင်းက အမျိုးသမီးအတွက်အကုန်လုပ်နေကြတာမဟုတ်ဘူး။အဲဒါကြောင့် သေသေချာချာစဉ်းစားဖို့ လိုတယ်။ အဲဒါကြောင့်မို့အလှူရှင်နဲ့ အဲန်ဂျီအိုတွေက အကူအညီလိုအပ်တဲ့သူတွေကြား၊ ပိုက်ဆံပေးသူနဲ့ လက်ခံရယူသူကြားမှာ အာဏာခွဲဝေမှုတွေ၊ ဆက်စပ်မှုတွေရှိလာတယ်။ အဲဒါက နိုင်ငံရေးပဲ။

**အထောက်အပံ့တွေကဘာတွေလဲ**

– ငွေကြေး၊ အစားအသောက်၊ ဆေးဝါး၊ ပညာရေး၊ ဗဟုသုတ

**(၁) အကူအညီပေးခြင်းဆိုတာဘာလဲ။ (ဦးဆောင်ဆွေးနွေးသူမှ တင်ပြခြင်း)**

– ငွေကြေးဖြစ်စေ အခြားအကူအညီဖြစ်စေ၊ အကူအညီလိုအပ်တဲ့သူတွေကို တိုက်ရိုက်ပေးတာမဟုတ်ပဲ သယ်ဆောင်သွားမယ့်သူကိုပေးတာဖြစ်တယ်။

– အရင်တုန်းက အမေရိကန်က အကူအညီကို စစ်ရေးအတွက်ပဲသုံးတယ်။ စစ်ရေးအရ အကူအညီပေးဖို့ အထောက်အပံ့တွေပေးတာဖြစ်တယ်။

– တစ်နိုင်ငံကနေ တခြားတနိုင်ငံကို ပေါ်လစီပိုင်းဆိုင်ရာ တခုခုလုပ်စေချင်ရင် အကူအညီပေးပြီး (ငွေကြေး) ညှိနှိုင်းဆောင်ရွက်တာလုပ်တယ်။ ဥပမာ– မြန်မာနိုင်ငံကိုထိုင်း၊ အိန္ဒိယ၊ တရုတ်တွေကနေ အကူအညီပေးတယ်။ ဘာကြောင့်လဲဆို မြန်မာနိုင်ငံက သဘာဝအရင်းအမြစ်တွေရတယ်။ မြန်မာနိုင်ငံမှာ အပြောင်းအလဲလုပ်ဖို့က အိမ်နီးချင်းနိုင်ငံတွေကြောင့်ခက်တယ်။

– ဒါကြောင့် အကူအညီပေးပြီဆိုရင် လက်ခံတဲ့သူအပေါ်ပေးတဲ့သူက အာဏာသက်ရောက်မှု ဒါမှမဟုတ်ပြန်ယူတာတခုခုရှိတယ်။ (ဥပမာ– ထိုင်းက မြန်မာနိုင်ငံကို အကူအညီပေးမယ်၊ ရထားလမ်းဖောက်ဖို့အတွက်ပေးတယ်။ဂျပန်ကလည်း အာရှနိုင်ငံမှာ ပိုက်ဆံအများဆုံးထောက်ပံ့ပေးတယ်၊ လမ်းဖောက်ဖို့ပေးတာဖြစ်တယ်။ ဒါပေမဲ့ ဂျပန်ကုမ္ပဏီတွေကိုသုံးဖို့၊ ရင်နှီးမြှုပ်နှံခွင့်ပေးဖို့ ရည်ရွယ်ပြီးပေးတာဖြစ်တယ်။ )

**(ဂ) ငွေကြေးအကူအညီများ**

(ဦးဆောင်ဆွေးနွေးသူမှ တင်ပြခြင်း)

ငွေကြေးအကူအညီများမှာ ရေရှည်ရေတို ထောက်ပံ့ကြေးရှိတယ်။ လူသားချင်းစာနာထောက်ထားမှုအကူအညီလိုအပ်မှုက ရေရှည်လိုအပ်မှုဖြစ်တယ်။ ဒါပေမဲ့ ကူညီပေးမှုက ရေတိုထောက်ပံ့ကြေးဖြစ်တယ်။ ဥပမာ – ပညာရေးနဲ့ပတ်သက်ပြီး ကလေးတွေနေဖို့ကျောင်းလိုအပ်တယ်၊ အဲဒီတော့ ကျောင်းဆောက်ပေးလိုက်တယ်။ အဲလိုကျောင်းဆောက်ပေးတဲ့အတွက် ပြဿနာဖြေရှင်းသွားတာမဟုတ်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ပညာရေးဆိုတာ အစိုးရကနေတာဝန်ယူလုပ်ဆောင်ရမယ့်အရာဖြစ်တယ်။ ဒါကြောင့် လူသားချင်းစာနာထောက်ထားမှုအကူအညီက ရေတိုအတွက်ပဲဖြစ်တယ်။ တကယ်ဖွံ့ဖြိုးတိုးတက်မှုဆိုတာ စွမ်းရည်မြှင့်တင်ရေးကိုလုပ်ပေးတာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ကူညီတာဖြစ်တယ်။

**တက်ရောက်သူများမှ ဆွေးနွေးချက်**

– မြန်မာနိုင်ငံမှာဆို မစ်ရှင်နရီတွေက ကျောင်းဆောက်မယ်ဆို ဘာသာရေးပါတဲ့အတွက်ကြောင့်မို့ တင်းကြပ်မတွေရှိတယ်။

– ပိုက်ဆံပေးတဲ့သူက ကန့်သတ်ချက်တခုလုပ်လိုက်ရင် အကူညီပေးတဲ့နေရာမှာ တချို့အမျိုးသမီးတွေအပေါ် ထိခိုက်မှုရှိတယ်။

– ထိုင်းမှာရောက်တာ ၁၂ နှစ်ရှိပြီ၊ ဘားမှာလဲအလုပ်လုပ်ခဲ့ဖူးတယ်၊ အဖြနဲ့လည်း အိမ်ထောင်ကျဖူးတယ်၊ ဒါပေမဲ့ပညာရေး၊ ဗဟုသုတမရှိတဲ့အတွက် ကိုယ့်အတွက် ထိခိုက်တယ်။ တစ်ချိန်ကျရင် သူတို့က ချန်သွားမှာပဲ။ အဲဒီအပေါ် ဘယ်လိုအကူအညီပေးနိုင်မလဲပေါ့။

– တချို့အဖွဲ့တွေက နှစ်သိမ့်ဆွေးနွေးအကြံပေးတာတွေရှိတယ်။ အဲဒါက အမျိုးသမီးတွေ တကယ်လိုအပ်တဲ့အရာပဲဖြစ်တယ်။ ဒါကြောင့် အစိုးရတွေပေးတဲ့ အကူအညီ

တွေက အမျိုးသမီးတွေ တကယ်လိုအပ်နေတဲ့အချက်ကို မထိရောက်ဘူးဖြစ်တယ်။

– မြန်မာနိုင်ငံရွေးကောက်ပွဲတုန်းက ပြည်သူတွေမှာ ကိုယ်ပိုင်ရွေးချယ်ခွင့်မရခဲ့ဘူး။ တချို့နေရာမှာ ပြည်သူ့စစ်အတွက် အမျိုးသမီး၊ အမျိုးသားတွေ စစ်မှုမထမ်းမနေရ ဥပဒေနဲ့ ခေါ်သွားတာမျိုးရှိတယ်။



### ဦးဆောင်ဆွေးနွေးသူမှ တင်ပြဆွေးနွေးခြင်း

ပိုက်ဆံပေးတော့မယ်လို့ စဉ်းစားကြတဲ့အခါ အဖွဲ့တွေက ကိုယ့်ရဲ့စိတ်ဝင်စားချက်ကို ဦးစားပေးလုပ်ကြတယ်။ အဲဒီထဲမှာ အမျိုးသမီးတွေအတွက် ထည့်သွင်းစဉ်းစားဖို့နည်းကြတယ်။ ကျားမခွဲခြားဆက်ဆံမှုကြောင့် အမျိုးသမီးတွေပိုပြီး အခက်အခဲတွေ ခံစားကြရတယ်။ အဲဒါကြောင့် အကူအညီတွေပေးတဲ့အခါ အမျိုးသမီးတွေကို ဦးစားပေးစဉ်းစားတာမျိုး လုပ်ဆောင်သင့်တယ်။ ထောက်ပံ့ရေးတွေကို ပြန်သုံးသပ်ကြည့်မယ်ဆိုရင် အမျိုးသမီးတွေရဲ့ဘဝကို ထင်ဟပ်မှုနည်းတယ်။ မထိရောက်ဘူး။ ဒါကြောင့်မို့ အဲဒီထောက်ပံ့ရေးတွေ အမျိုးသမီးကို ထပ်ဟပ်စေဖို့ လုပ်ဆောင်ရမယ်။ အုပ်စုတွေထဲမှာ ဆွေးနွေးတဲ့အခါ ဘယ်သူ့ကိုပေးရမလဲ ဆိုတာဆုံးဖြတ်တာခက်တယ်။ တချို့တွေဆို ဆုံးဖြတ်ချက်တခုချဖို့ အရမ်းခက်တယ်။ အဲဒီထဲကမှ ဆွေးနွေးပွဲမှာ အမျိုးသားပါလာပြီဆိုရင် အမျိုးသမီးအရေးတွေကိုဆွေးနွေးဖို့ပိုပြီးခက်တယ်။ ဒါကြောင့် အုပ်စုထဲမှာ ဆွေးနွေးတဲ့အခါ စကားပိုပြောနိုင်တဲ့သူ၊ ပြောတတ်တဲ့သူတွေရဲ့ ဦးဆောင်မှုနောက်ကိုလိုက်သွားတာမျိုး၊ ဆုံးဖြတ်လိုက်တာမျိုးတွေရှိတယ်။အခြေခံစဉ်းစားတဲ့အခါ အမျိုးသမီးတွေရဲ့အသံ ပါဖို့အတွက် အမျိုးသမီးတွေကို နေရာပေးဖို့လိုအပ်တယ်။ မြန်မာနိုင်ငံမှာဆို ပြည်သူလူထုတွေ အကူအညီတွေ အရမ်းလိုအပ်တယ် ဆိုပေမယ့် ဒီမိုကရေစီနိုင်ငံ မဟုတ်တဲ့အတွက် အကူအညီလူထုထဲတိုက်ရိုက်ရောက်အောင် ဘယ်လိုလုပ်နိုင်မလဲ။နိုင်ငံတကာကလည်း ထောက်ပံ့ကြေးတွေပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပေးတယ်။ ပြည်သူလူထုထဲ ဘယ်လောက်ရောက်လဲ မသုံးသပ်ကြဘူး။ ဥပမာ– ဩစတြေးလျက မြန်မာနိုင်ငံအတွက် ၂၀၁၀–၁၁ ခုနှစ်မှာ ဒေါ်လာ ၄၈ သန်းကျော် ကူညီတယ်။

ဒါပေမဲ့မြန်မာနိုင်ငံက ပြည်သူတွေရဲ့ဘဝ မြှင့်မားလာတာမတွေ့ရဘူး။ အစိုးရပြောင်းမှ ပြည်သူတွေဆီ တိုက်ရိုက်ရောက်အောင် လုပ်လို့ရတယ်ဆိုပေမယ့် တခြားအစိုးရက နေမြန်မာနိုင်ငံကို ကူညီပေမယ့်နိုင်ငံရေးပြောင်းလဲမှုအတွက် ထောက်ပံ့ပေးတာနည်းကြတယ်။

ထောက်ပံ့ကြေးက မရှိမဖြစ်လိုအပ်ပေမယ့် ပွင့်လင်းမြင်သာတဲ့ အကူအညီပေးမှုဖြစ်ရမယ်။ ပြည်သူလူထုကနေပြီး ထောက်ပံ့ကြေးဘယ်လောက်ရှိတယ်၊ ဘယ်နေရာမှာသုံးလဲ၊ ဘယ်သူ့တွေဆီကိုပေးလဲ စသဖြင့်သိရမယ်။ ထောက်ပံ့ကြေးလက်ခံရယူတဲ့ အစိုးရက တာဝန်ယူမှု၊ တာဝန်ခံမှုတွေလည်းရှိရမယ်။ နိုင်ငံတကာ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေရဲ့ဘယ်အတွက် ဘယ်လောက်သုံးမယ်ဆိုတဲ့ ဘတ်ဂျက်ကိုမသိဘူး။ အဲဒါကအရေးကြီးတယ်။ အဲန်ဂျီအိုကြီးတွေမှာ တကယ်ပြည်သူလက်ထဲရောက်တာ ၃၀ ရာခိုင်နှုန်းပဲရပြီး ရုံးအတွက်က ၇၀ ရာခိုင်နှုန်းသုံးကြတယ်။ အကူအညီနဲ့ပတ်သက်ပြီး ကိုယ်ပိုင်ရုံးသုံးနဲ့ အကူအညီလိုအပ်တဲ့သူဆီကို ရတဲ့ငွေကို သုံးသပ်မှုပြုလုပ်သင့်တယ်။ ဒီလိုအခြေအနေတွေက နိုင်ငံရေးအရ အကူအညီတွေပဲ။ တကယ်လုပ်နေတဲ့သူက လူထုအခြေပြုအဖွဲ့တွေဖြစ်ပြီး အကူညီလိုအပ်နေသူ ဖြစ်တဲ့အတွက် အာဏာက ကိုယ့်လက်ထဲမှာရှိသင့်တယ်။ နိုင်ငံရေးအရ အထောက်အပံ့ပေးတဲ့အကြောင်းအရာကိုစဉ်းစားတဲ့အခါ အမျိုးသမီးတွေနဲ့ အလှမ်းဝေးနေတယ်လို့ မြင်ကြတယ်။ ဒါပေမဲ့ တကယ်တမ်း အလုပ်လုပ်နေတဲ့သူတွေ၊ ကိုယ့်ရဲ့အခြေအနေကို ပိုသိတဲ့သူတွေဖြစ်လို့ ကိုယ်နဲ့အလှမ်းဝေးတဲ့ အကြောင်းအရာမဟုတ်ဘူး။ ❑

# အိမ်တွင်းအလုပ်အား အလုပ်အဖြစ် အသိအမှတ်ပြုခြင်း

ဦးဆောင်ဆွေးနွေးသူ – ဂလိုရီ
ဘာသာပြန် – သွယ်ဇင်တိုး

ဤအလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာသော အမျိုးသမီးများအနေဖြင့် အိမ်တွင်းအလုပ်နှင့် နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်းများ၏ အိမ်ဖော်အလုပ်သမား များအတွက် သဘောတူစာချုပ်ကို ပိုမိုသိရှိစေရန်၊ အိမ်တွင်း အလုပ်ကို အလုပ်အဖြစ် အသိအမှတ်ပြုပေးရန်နှင့် တန်ဖိုး ထားတတ်စေရန်အတွက် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။

**တက်ရောက်လာသော အမျိုးသမီးများ၏ နေ့စဉ်အလုပ်များ**

- ကလေးဝေယျာဝစ္စ၊ ကြမ်းတိုက်ရတဲ့တာဝန်၊ အခန်း သန့်ရှင်းရေး
- ချက်ပြုတ်ရေး၊ အဝတ်လျှော်၊ ရေခပ်၊ မီးပူတိုက်
- ထမင်းစားတယ်၊ စာရိုက်တယ်၊ အိမ်စာလုပ်တယ်
- အခက်အခဲရောက်နေတဲ့အလုပ်သမားတွေကို ကူညီ ဖြေရှင်းပေး၊ ဖုန်းဆက်ရတယ်
- သတင်းဖတ်တယ်၊ သတင်းနားထောင်တယ်
- လူနာတွေကို ဆေးရုံပို့၊ သူငယ်ချင်းနဲ့ စကားပြော
- အင်တာနက်အလုပ်။ ပုဇွန်ခွှာရတယ်
- ကားဆေးတဲ့အလုပ်၊ အလှပြင်ဆိုင်မှာလုပ်တယ်၊ သိုး မွေးထိုးတယ်
- ယက်ကန်း၊ ယောက်ျားရေချိုးပြီး မျက်နှာသုတ်ပုဝါ ကမ်းပေးရတယ်
- ပန်းကန်ဆေး၊ အိပ်ယာခင်း၊ စောင်ခေါက်
- ရေနွေးအိုးတည်၊ အဝတ်လှမ်း၊ အဖွားကိုဆေးတိုက်
- အမေဆိုရင် အဖေစိတ်ချမ်းသာအောင်လုပ်ရတယ်၊ ပျော်ရွှင်အောင်လုပ်ရတယ်။
- ထမင်းဆိုင်မှာ အချက်အပြုတ်

**အိမ်ဖော်အမျိုးသမီးတွေအနေနဲ့ အိမ်အလုပ်အပြင် တခြားဘာတွေ လုပ်ပေးရသေးလဲ**

- ကလေးထိန်း၊ ကော်ဖီဖျော်
- ခွေးရေချိုး၊ ဖိနပ်ဆေး
- အသက်ကြီးသူတွေကြည့်ရှုခြင်း
- အချိန်ရရင် သူတို့စီးပွားရေးကိုလည်း ကူညီပေးရခြင်း (ဉပမာ– ဈေးရောင်းပေးတာ)
- အိမ်ရှင်လူမမာကိုပြုစုရခြင်း
- ကျောင်းပို့ ကျောင်းကြို
- ပန်းပင်ရေလောင်း၊ ဈေးဝယ်
- အိမ်အလုပ်ကတော့ မိုးလင်းကနေ မိုးချုပ်ကုန်တယ် လို့ကိုမရှိ။
- အိမ်တွင်းရေး မန်နေဂျာ (စီမံခန့်ခွဲမှု)

**နေ့တိုင်းလုပ်ရတဲ့အလုပ်တွေကို ဘယ်သူကသင်ပေးလဲ**
(ဉပမာ– ကလေးထိန်း၊ ထမင်းချက်)

- မိဘ ဘိုးဘွား၊ မိသားစု၊ ယဉ်ကျေးမှု ဓလေ့
- အမျိုးသမီးတွေရဲ့ အလုပ် (သဘာဝ)
- ကိုယ်မလုပ်ရင် မပြီးလို့လုပ်ရတယ်။
- သူများတွေမသင်ပေးပေမယ့်လည်း အမျိုးသမီးတွေ ကသဘာဝအရကိုယ့်ကိုယ်ကိုလုပ်ချင်တဲ့စိတ်ရှိတယ်
- ကိုယ့်ဘာသာကိုယ်တတ်တယ်၊ ပတ်ဝန်းကျင်ကသင် တယ်။
- စာပေတွေကနေတတ်သလို လုပ်ရင်းနဲ့တတ်သွား တယ်။ (ကိုယ်လုပ်ရမယ်ဆိုတာသိတယ်)
- ကိုယ့်ကိုယ်ကိုယ်ပြန်တာဝန်ယူရတယ်။ (တစ်ယောက်တည်းရှိတဲ့အတွက်)

**ဒီအလုပ်မျိုးကို လူတိုင်းလုပ်လို့ရလား။**

- မိန်းကလေးဖြစ်တဲ့အတွက် လူတိုင်းလုပ်လို့ရတယ်။
- ပြည်တွင်းမှာနေတုန်းက အိမ်မှာ အငယ်ဆုံးဖြစ်တော့ မလုပ်ရပေမယ့် ပြည်ပထွက်လာမှ အလုပ်ရှင်က ခိုင်းတယ်။

# (၁၀) ကြိမ်မြောက်နှစ်ပတ်လည်အမျိုးသမီးနှီးနှောဖလှယ်ပွဲ မှတ်တမ်း



- လုပ်နိုင်တယ်၊ ဒါပေမဲ့ မလုပ်ချင်တာလဲရှိတယ်။
- ယောက်ျားလေးတွေလည်း လုပ်လို့ရတယ် ဒါပေမယ့် မလုပ်လည်းဖြစ်တယ်
- ဟင်းသိပ်မချက်တတ်တဲ့အတွက်၊အမေတွေယောက္ခမတွေက ဟင်းချက်နည်းစာအုပ်ဝယ်ပေးတယ်။
- မတတ်သေးတဲ့အတွက် ဟင်းချက်သင်တန်းတက်ဖို့ မိဘကအစ ဖိအားပေးတယ်။ ယောက်ျားက အပြင်မှာပဲစားတယ်၊ အိမ်က ချက်တာကိုမစားဘူး။

**ဒါတွေကို လုပ်နေတာတွေကို ဝင်ငွေရတဲ့အလုပ်အဖြစ် လူတိုင်းလုပ်နိုင် လား။**

- မလုပ်နိုင်ဘူး။ တအားပင်ပန်းတယ်။ ကိုယ့်အိမ်မှာလုပ်တော့တစ်မျိုး၊ တခြားအိမ်မှာသွားလုပ်တော့နားချိန်မရှိလုပ်ရမယ်။ လုပ်အားခနည်းပြီး အလုပ်ကများတယ်။
- အမျိုးသမီးတွေရဲနေ့စဉ်လုပ်ရတဲ့အလုပ်ဖြစ်လို့ပင်ပန်းတာသိပေမယ့် တာဝန်မကျေတဲ့ယောက်ျားနဲ့ရရင်တော့ ကိုယ့်ဘာသာကိုယ်ရအောင်လုပ်ရမှာပဲ။
- အမျိုးသမီးတွေရဲ့အလုပ်ဖြစ်လို့ အမျိုးသမီးတိုင်းလုပ်နိုင်မယ်လို့ထင်တယ်။ ကိုယ်တိုင်လည်း နှစ် ၂၀ နီးပါးလုပ်လာခဲ့တဲ့အတွက် လုပ်နိုင်မယ်လို့ထင်တယ်။
- ဘုရားကပေးထားတဲ့ ထူးခြားတဲ့စွမ်းရည်တစ်ခုက အမျိုးသမီးမှာသာရှိတယ်။ (အမျိုးသားအိမ်ဖော်တွေရှိပေမယ့် အမျိုးသမီးတွေလောက် မလုပ်နိုင်ဘူး။
- ဒီအလုပ်ကိုအိမ်မှာလုပ်တာနဲ့အလုပ်ရှင်တွေမှာလုပ်တာနဲ့မတူဘူး၊ စောစောထရတယ်၊ အချိန်နဲ့အလုပ်လုပ်ရတယ်၊ တခုပြီးတခု အချိန်နဲ့လုပ်ရတယ်၊ မလုပ်ချင်လည်းမရဘူး။

**အိမ်ဖော်လုပ်ဖို့ အတွက် သင်တန်းတွေအရည်အသွေးတွေရှိလို့ လိုအပ်လား၊ ထင်လား**

- အရည်အချင်း၊ စွမ်းရည်တွေမရှိရင် လုပ်ငန်းမှာ အခက်အခဲတွေကြုံတွေ့နိုင်တယ်။
- အလုပ်ရှင်က နှိမ်မယ်၊ လုပ်ငန်းတွေကို မကျွမ်းကျင်ရင် အလုပ်ရှင်ကမကြိုက်ဘူး။
- မိခင်တစ်ယောက်အနေနဲ့စဉ်းစားရင် ရှေးခေတ်ကလူတွေအနေနဲ့ဆိုရင် မလိုဘူး။ အခုခေတ်လူငယ်တွေအနေနဲ့ဆိုလိုအပ်တယ်။ (အရင်ကဆို မိဘတွေကတခါတည်းပုံသွင်းထားတဲ့အတွက်၊သူများအိမ်မှာသွားနေရင် အဆင်သင့်ဖြစ်တယ်။ ခုခေတ်လူငယ်တွေအနေနဲ့ကတော့ အလေ့အကျင့်မရှိတဲ့အတွက်လိုအပ်တယ်။
- ကိုယ့်အိမ်က ကိုယ့်ပစ္စည်း၊ သူများဆီမှာအလုပ်သွားလုပ်တာကပိုက်ဆံရတယ်။ သူများပစ္စည်းဖြစ်လို့ (သူများက ပိုက်ဆံပေးထားလို့) ဂရုတစ်စိုက်နဲ့သေသေချာချာတတ်ဖို့လိုတယ်။
- အိမ်မှာအလုပ်လုပ်ရင် တခုခုမှားရင် မိသားစုတွေက သဘောထားကြီးနိုင်ပေမယ့် ကိုယ့်အလုပ်ရှင်က အဲလို သဘောမထားနိုင်။
- ထမင်းချက်၊ သန့်ရှင်းရေးတင်မက တခြားအဘိုးအဘွား၊ လူနာ၊ ကလေးတွေကိုကြည့်ရတဲ့အတွက်ကိုယ့်ကလေး မိသားစုမဟုတ်တဲ့အတွက် ကိုယ့်အတွက် အရမ်းကို တာဝန်ကြီးပါတယ်။

**အိမ်ဖော်အလုပ်သမားတွေအနေနဲ့ ဘယ်အချိန်မှာအိပ်ယာထရသလဲ။ ဘာတွေလုပ်ရသလဲ။**

- ငါးနာရီ ထမင်းထချက်ရတယ်။ သန့်ရှင်းရေး (အလျှဉ်းသင့်သလို တစ်နေကုန်လုပ်ရတယ်။)။
- ငါးနာရီလောက်ထရတယ် ပြီးရင်ကလေးနိုးတဲ့ မနက် ၇ လောက်ကနေ မိဘတွေပြန်လာတဲ့အထိ တစ်နေကုန်ထိန်းရတဲ့အပြင်တစ်ခါတစ်လေ ည ၁၂ နာရီထိ ထိန်းရတယ်။ အဲဒီအတွက် အချိန်ပိုကြေးလည်းမရဘူး (လစာပေးထားပြီးသားဖြစ်လို့)၊ နိုင်ငံခြားသား အိမ်မှာဆို အချိန်ပိုကြေးရတယ်။
- အားလပ်ရပ်မရှိဘူး။ တစ်ခါတစ်လေ သူဌေးတွေ ပျော်ပွဲစားသွားတဲ့အခါ ခေါ်သွားပေမယ့် ကလေးကြည့်ရတယ်။
- အားလပ်ရက်ရှိမရှိက သူဌေးအပေါ် မူတည်။ တစ်ချို့သော အိမ်ဖော်အလုပ်သမားတွေအတွက် အားလပ်ရက်ရှိပေမယ့် တစ်ချို့သော အလုပ်သမတွေအတွက်တော့ အားလပ်ရက်မရှိပါဘူး။
- တယောက်နဲ့တယောက်မတူကြဘူး၊ တချို့ကမနက် ၄ နာရီကတည်းကထရတယ်။ တစ်ချို့ကျတော့လဲ ၅ နာရီ၊ ၆ နာရီ ထရတယ်။
- အိပ်ယာထထချင်း အိမ်သန့်ရှင်းရေးလုပ်၊ ထမင်းချက်တယ်။ တစ်ရက်ကို (၂) ခါချက်ရတယ်။
- အပြင်မှာငှါးနေတဲ့သူအတွက် တခါတလေ ည ၇ နာရီခွဲ သို့မဟုတ် ၉ နာရီလောက်မှပြန်ရတယ်၊ တစ်ခါတစ်လေ ညသန်းခေါင်မှပြန်ရတယ်။ အလုပ်ချိန်တစ်သတ်မတ်တည်းမရှိဘူး။
- အချိန်ပိုင်းအလုပ်လုပ်တယ်။တနေ့ကိုအချိန်ပို ၃ နာရီလုပ်ရတယ်။
- အိမ်အလုပ်လုပ်နေတဲ့ဖိလစ်ပိုင်လူမျိုးတွေက ဟောင်ကောင်မှာ အလုပ်လုပ်တာများတယ်။ မနက် ၄ နာရီ၊ ၄ နာရီခွဲထပြီးအလုပ်လုပ်ရတယ်။ ဘန်ကောက်မှာ အလုပ်လုပ်နေတဲ့ အိမ်ဖော်တွေက အလုပ်ရှင်ကောင်းရင် တပတ်မှာတစ်ရက်နားခွင့်ပေးတာရှိတယ်။
- အိမ်သန့်ရှင်းရေးလုပ်တယ်။ တခါတလေ တနေကုန်အလျှဉ်းသင့်ရင်သင့်သလိုလုပ်ရတယ်။
- ကလေးထိန်း၊ လူနာကြည့်ရင် တနေကုန်လုပ်ရတယ်။
- တချို့က အိပ်ယာကထတာနဲ့ကြမ်းတိုက် (စိတ်တိုင်းမကျရင် ထပ်တိုက်ခိုင်း)၊ ပြီးရင်ချက်ပြုတ်သိမ်းဆည်း၊ အားတဲ့အချိန် သူဌေးကကြည့်နေတယ်၊ အနားမပေးဘူးတစ်ခုပြီးတစ်ခုထပ်ခိုင်းတယ်။ (သူတို့ရဲ့ တခြားအလုပ်ပါခိုင်းတယ်။)
- နိုင်ငံရေးနဲ့ထွက်လာရတယ်ဆိုတာကို အလုပ်ရှင်က သိနေတော့ ပိုက်ဆံမပေးချင်ဘူး၊ သူတို့မျက်နှာကြည့်မိနေရတယ်၊ အားနေလို့မရဘူး၊ ဖုန်းပြောလည်းမရ၊ ရေဒီယိုလည်း နားမထောင်ရဘူး။
- မနက်စာအတွက် ဆန်ပြုတ်ပြုတ် (ငါးနာရီခွဲကနေ ခြောက်နာရီလောက်)
- မနက်မိုးလင်းတာနဲ့ ကားဆေးပေးရတယ်။ (ခြောက်နာရီထိုးတာနဲ့အိပ်ရာထထချင်း)
- စားစရာစားပွဲမှာတင်ပြီး သန့်ရှင်းရေးကို ကိုးနာရီကနေ ဆယ်နာရီခွဲထိလုပ်ရတယ်။ ပြီးရင် သူဌေးတွေအတွက် နေ့လည်စာချက်ရတယ်။
- သူဌေးလင်မယားအိမ်ကို မနက်ခုနှစ်နာရီသွားပြီး ကလေးတွေကြည့်ပေးရ၊ သန့်ရှင်းရေး၊ ထမင်းချက်၊ ဟင်းတွေတော့ ဝယ်ပေးပြီး ညနေပိုင်း တခါတလေ သူဌေးယောက်ျားစောစောပြန်လာရင် မိန်းကလေးကချောရင် သွေးဆောင်တာတွေရှိတယ်။ လုံခြုံမှုမရှိဘူး၊ တချို့သူဌေးမတွေက အိမ်မှာမခေါ်ထားတော့ပဲ မနက်သွားညပြန်လုပ်ရ။ အလုပ်သမားတွေအနေနဲ့ အသစ်ဆိုရင် သူဌေးအိမ်မှာနေချင်ပေမယ့်နောက်ပိုင်း သူဌေးအကြောင်းသိလာရင်တော့ အပြင်မှာပဲ နေချင်ကြတော့တယ်။

**အိမ်အလုပ်သမားတွေက အများဆုံးဖြစ်ရဲ့သားနဲ့ ဘာလို့တစ်ကမ္ဘာလုံးမှာ အိမ်အလုပ်သမားတွေက ပိုပြီးလိုနေရသေးတာလဲ။**

- လူဦးရေပိုပြီးများလာလို့ဖြစ်တယ်။
- ခုခေတ်က ပညာတတ်တွေများလာတော့ အိမ်မှာအလုပ်မလုပ်ချင်တော့ပဲအပြင်ထွက်အလုပ်လုပ်လို အိမ်ဖော် အလုပ်သမားတွေ များလာတာပါ။



- လုပ်အားကို ငွေနဲ့ဝယ်တဲ့ပုံစံဖြစ်လာလို့ဖြစ်တယ်။
- စီးပွားရေးတွေ တိုးတက်လာလို့ အိမ်ဖော်တွေကို ထားနိုင်ကြတဲ့အတွက် အိမ်ဖော်များလာတယ်။
- စီးပွားရေး၊ ပညာရေးအတွက်အလုပ်တာတွေများ လာတဲ့အခါကျတော့ အိမ်အလုပ်ကို ကိုယ်နဲ့မတန် သလိုထင်ပြီး အိမ်ဖော်တွေ ငှားလာကြ။
- အိမ်ရှိ မိသားစုကုန်ပိုက်ဆံထွက်ရှာတော့ မိသားစု အတွက်၊ ကလေးတွေအတွက်၊ အိမ်အလုပ်တွေအ တွက် အချိန်မပေးနိုင်လို့လူငှားပြီး အိမ်အလုပ်တွေ ကိုလုပ်ခိုင်းရတယ်။
- သူတို့နိုင်ငံမှာ ပိုက်ဆံရှိတဲ့သူတွေများတော့ အိမ်အ လုပ်မလုပ်ချင်တော့ဘူး။
- အိမ်မှုကိစ္စတွေမှာတောင်းဆိုမှုများလာလို့ဖြစ်တယ်။
- မိဘနှစ်ပါးလုံး အလုပ်ထွက်လုပ်ရတော့ အသက်ကြီး နဲ့ ကလေးတွေကို ကြည့်မယ့်သူမရှိတော့လို့။
- မိန်းမရောအလုပ်ထွက်လုပ်ရတော့ မိန်းမလုပ်ရမယ့် အလုပ်မှာ လူလိုတယ်။
- အိမ်မှုကိစ္စအကူလိုလို့ အိမ်ဖော်တွေပိုငှားရတယ်။

**တက်ရောက်သူ အမျိုးသမီးအချို့မှ ၄င်းတို့၏ အတွေ့အကြုံများ ဖလှယ်ခြင်း**

- ၁၃ နှစ်ကတည်းက အိမ်ကထွက်လာပြီး အလုပ်လုပ် ပါတယ်။ အိမ်ကထွက်လာကတည်း အိမ်ကိုပိုက်ဆံ ပြန်ပို့တာပြီးခဲ့တဲ့လထိပါပဲ။ အိမ်မှာ မိသားစု ၁၃ ယောက်ရှိတယ်၊ သမီးနဲ့တူမအတွက် ပို့ရတဲ့အပြင် အမေ ကိုလည်း ပိုက်ဆံပို့တယ်။ ကျမကို ဒီအရွယ်ထိ ကြွံခိုင်အောင်၊ ရပ်တည်နိုင်အောင်မွေးမြူခဲ့တဲ့အမေ့ ကိုကိုယ်တိုင်အနီးကပ်မကြည့်နိုင်ပေမယ့် အဝေးက နေကူညီပေးတယ်။ ကျောင်းပညာရပ်ကို သင်ယူချင်ခဲ့ ပေမယ့်လဲ ပထမတန်းထိပဲ ကျောင်းနေခဲ့ရတယ်။ အ မျိုးသမီးနှီးနှောဖလှယ်ပွဲမှာ ဆုံတွေ့ရတဲ့သူငယ်ချင်း အားလုံးလိုလိုက ပညာတတ်တွေဖြစ်နေတော့ ကိုယ့် ကိုယ်ကို ဝမ်းနည်းပြီးသိမ်ငယ်သလို ခံစားရပါတယ်။
- ကျမက ထားဝယ်ကပါ၊ ကျမတို့မှာ အစိုးရရဲ့ ၃ နှစ်စီ မံကိန်းလုပ်ပြီး ရွာ ၄၀ သိမ်းလိုက်တော့ ဘယ်မှာသွား နေပြီး ဘယ်လို စခန်းသွားရမလဲဆိုတာတောင်မသိ တော့ဘူး။ ခုချိန်ထိ အလုပ်လုပ်ပြီးအမေ့ကို ပိုက်ဆံ ပို့နေပါတယ်။
- ပညာတတ်ပြီး ဝမ်းနည်းစရာကောင်းတဲ့လူတွေ၊ ဘွဲ့ ရပြီး အလုပ်မရတဲ့သူတွေ အများကြီးရှိပါတယ်။ အစိုးရအလုပ်ရဖို့အတွက်ကလည်း ပိုက်ဆံတွေ အ များကြီးပေးရတယ်။ အင်္ဂလိပ်နဲ့ ကွန်ပြူတာမတတ် ရင် မရတဲ့အတွက် ဒီဘက်နိုင်ငံကို တရားမဝင်လာပြီး လှေ့လာရတယ်။

**အိမ်ဖော်တစ်ယောက်ရဲ့ဘဝမှာ ဘယ်အရာတွေက ကိုယ့်ကိုအခက် အခဲဖြစ်စေတာလဲ။ (အုပ်စုဖွဲ့ဆွေးနွေးခြင်း)**

- ခွဲခြားဆက်ဆံခံရခြင်း (ထမင်းစားပန်းကန်၊ နေရာ ထိုင်ခင်း၊ အစားအစာကအစ ခွဲခြားခံရခြင်း)၊ ဘယ် လောက်ပဲတာဝန်ကျေအောင်လုပ်လုပ် သူဌေးကမ ကြည်ဖြူခြင်း။
- အနားယူချိန်နည်းပြီး (ကျန်းမာရေးထိခိုက်)၊ လစာ နည်းခြင်း။
- ငွေကြေး၊ အချိန်၊ အမျိုးသမီးဖြစ်လို့ခွဲခြားဆက်ဆံ ခြင်း
- လူမှုအသိုင်းအဝိုင်းကလည်း အိမ်မှုလုပ်ငန်းဟာ အ မျိုးသမီးရဲ့အလုပ်လို့သတ်မှတ်တဲ့အတွက် မဖြစ်မနေ လုပ်ရတယ်။
- ကိုယ့်နိုင်ငံမှာ နိုင်ငံရေးမတည်ငြိမ်တဲ့အတွက် ရရာ အလုပ်ကိုလုပ်ကိုင်ရတယ်။ မလုပ်ချင်လည်း လုပ်ရ တယ်။
- လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်ခြင်း
- ဗဟုသုတနည်း၍ ကိုယ့်ကိုယ်ကိုယုံကြည်မှုနည်းခြင်း
- လွတ်လပ်မှုမရှိခြင်း (အပြင်ထွက်ခွင့်)၊ ဘာသာ စကားအခက်အခဲဖြစ်ခြင်း
- သူဌေးနဲ့အလုပ်သမားကြားနားလည်မှုမရှိ၍ အခက် အခဲဖြစ်ခြင်း
- သူဌေးနဲ့ညှိနှိုင်းလို့မရခြင်း၊ သူဌေးက အလုပ်သမား ကို နားလည်ပေးမှုမရှိခြင်း။
- သူဌေးနဲ့နေရတဲ့အတွက် စိတ်ကျဉ်း ကြပ်မှုဖြစ်ရခြင်း
- အလုပ်မကျွမ်းကျင်ခြင်း၊ လုံခြုံမှုမရှိခြင်း

**တခြားအမျိုးသမီးတွေနဲ့ စုပေါင်းပြီး ကိုယ့်ရဲ့လုပ်ငန်းခွင်ကို ပိုပြီး ကောင်းအောင် ဘယ်လိုလုပ်ကြမလဲ။ ကိုယ့်ရဲ့အလုပ်ချိန်တွေကိုလျှော့အောင် ဘယ်လိုလုပ်ကြမလဲ။**

- အလုပ်မဝင်ခင်ကတည်းက အလုပ်ရှင်နှင့် မိမိလုပ်ရမည့်အလုပ်ချိန်နှင့်တာဝန်ကိုတိတိကျကျ သိရှိထားရန်နှင့်ရှေ့ဦးစွာညှိနှိုင်းထားဖို့လိုအပ်ပါတယ်။
- နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီးမှအိမ်ဖော်အလုပ်သမာရဲ့အခွင့်အရေးတွေကို အလုပ်ရှင်တွေ သိအောင်လုပ်ရမယ်။
- ဥပမာ–ရေဒီယိုနဲ့တီဗွီမှာ အလုပ်သမားနဲ့သက်ဆိုင်တဲ့ဥပဒေများကိုအလုပ်သမားတွေနားလည်နိုင်မည့် ဘာသာစကားဖြင့်သော်လည်းကောင်း ထိုင်းဘာသာစကားဖြင့်သော်လည်းကောင်း သတင်းများကို အသံလွှင့်ပေးခြင်း
- အလုပ်မဝင်ခင် လုပ်ရမယ့်အလုပ်နဲ့ ရပိုင်ခွင့်တွေကို ကြိုတင်ဆွေးနွေးရမယ်။
- အလုပ်လုပ်ရမယ့်အချိန်အကန့်အသတ်ကို အလုပ်ရှင်နဲ့ညှိနှိုင်းရမယ်။
- ကာယကံရှင်ကိုယ်တိုင်ကကိုယ်ခံစားနေရတဲ့အခက်အခဲတွေကို ကိုယ်တိုင်ဖွင့်ဟတောင်းဆိုဖို့လိုတယ်။
- လူမှုအဖွဲ့အစည်းတွေကိုအကူညီတောင်းရမယ်၊ အကြံဉာဏ်တောင်းဆိုရမယ်။

**မိမိတို့ဒေသအသီးသီးမှာ ပြုလုပ်တဲ့ အမျိုးသမီးဆွေးနွေးပွဲ နဲ့အမျိုးသမီးနှီးနှောဖလှယ်ပွဲမှာ တက်ရောက်ခြင်းအားဖြင့် မိမိလုပ်ငန်းနဲ့ ပတ်သက်တဲ့အခက်အခဲတွေကို ဖလှယ်လို့ရတယ်။ အကြံဉာဏ်တောင်းလို့ရတယ်။**

- အတွေ့အကြုံနှင့် သတင်းအချက်အလက်တွေကို အတွေ့အကြုံရှိသူတွေထံမှာအကူအညီတောင်းခံရမယ်
- အိမ်ဖော်တယောက်အတွက် သီးသန့်ဥပဒေထုတ်ပေးစေချင်တယ်။
- အမျိုးသမီးအချင်းချင်းနှီးနှောတိုင်ပင်၍ နားရက်နှင့် အလုပ်တာဝန်ကိုအလုပ်ရှင်ထံတင်ပြတောင်းဆိုရမယ်။
- အစိုးရမှအိမ်ဖော်လုပ်ငန်းကို အလုပ်ချိန်သတ်မှတ်ပေးဖို့၊ လုံလောက်တဲ့လစာပေးဖို့၊ အိမ်ဖော်အလုပ်ကို အလုပ်ဖြစ်သတ်မှတ်ပြီး တန်းတူအခွင့်အရေးရဖို့ အစိုးရမှ တရားဝင် အာမခံပေးရန်၊ ခွဲခြားဆက်ဆံမှုမရှိဖို့၊ လုံခြုံမှုရှိဖို့လိုအပ်တယ်။



**အိမ်တွင်းမှုအလုပ်ကို အလုပ်အဖြစ်သတ်မှတ်မယ်ဆိုရင် နိုင်ငံတကာနဲ့ ပြည်တွင်းဥပဒေရဲ့ကာကွယ်မှုကိုရရှိပြီး ပိုကောင်းတဲ့ လုပ်ငန်းခွင်ကို ဖန်တီးနိုင်မယ်လို့ထင်ပါသလား။**

- ဖန်တီးနိုင်မယ်လို့ထင်တယ်။ ဒါပေမယ့် တခြားနိုင်ငံအပြင်ကိုယ့်နိုင်ငံကလည်း အလုပ်သမားတွေကိုကာကွယ်ပေးတဲ့ ဥပဒေထားရင် ပိုကောင်းတယ်၊ (ဥပမာ ဖိလစ်ပိုင်နိုင်ငံလိုမျိုး)
- ထိုင်းမှာ ဥပဒေရှိမယ်ဆိုရင်တောင် သူတို့နိုင်ငံသားတွေအတွက်ပဲဖြစ်မယ်၊ ရွှေ့ပြောင်းအလုပ်သမားတွေအတွက်တော့ မဟုတ်ဘူး။
- ထိုင်းမှာ အလုပ်ရှင်အလုပ်သမားတွေ့ဆုံပွဲကနေ အလုပ်သမားတွေအတွက် စာချုပ်လုပ်တယ်လို့ကြားတယ်၊ ဒါပေမဲ့ အများစုက အလုပ်ရှင်ကိုကာကွယ်ပေးတာများတယ်။ အဲဒီအကြောင်းကို ဒီမှာရှိတဲ့ သူတွေအများကြီးမသိဘူး။ ဒါကြောင့် ထိုင်းမှာ ဥပဒေရှိမယ်ဆိုရင်တောင် အလုပ်သမားတွေ မသိကြလို့ အဲဒါတွေကိုသိသင့်တယ်။


တစ်ကမ္ဘာလုံးဆိုင်ရာ အိမ်ဖော်အလုပ်သမားအခြေအနေအိမ်ဖော်အလုပ်သမားများသည် မနက်စောစောအိပ်ယာထပြီးချိန်မှစ၍ အိမ်တွင်းအလုပ်များကို မနားမနေလုပ်ကြရသည်။ အလုပ်ရှင်သဘောကျ မနားမနေလုပ်ရပြီး အိမ်တွင်းအလုပ်များအပြင် အိမ်ရှင်၏ အခြားစီးပွားရေးလုပ်ငန်းများတွင်လည်းကူညီကြရသည်။ထို့ပြင်အခြားလူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း ခံကြရသည်။ အားလပ်ရပ်မရှိခြင်း၊ အချိန်ပိုကြေးမရခြင်းနှင့် အလုပ်ရှင်နှင့်ညှိနှိုင်း

မရခြင်းတို့ကိုလည်း ရင်ဆိုင်ရသည်။

ထိုင်းနိုင်ငံတွင် အလုပ်ရှင်အိမ်၌ မနေလည်းရသလို နေကြသည်များလည်းရှိသော်လည်း မလေးရှားနိုင်ငံတွင်မူ ဖိလစ်ပိုင်အိမ်ဖော်များမှလွဲ၍ မည်သည့်နိုင်ငံသားအိမ်ဖော်မှ အားလပ်ရပ်မရပေ။ အကြောင်းမှာ ဖိလစ်ပိုင်နိုင်ငံအစိုးရမှ ၎င်းတို့၏မူဝါဒထဲတွင် ၎င်းတို့နိုင်ငံမှ အိမ်ဖော်အလုပ်သမားများ၊ အခြားအလုပ်သမားများအတွက် ဥပဒေချမှတ်ထားမှုများရှိ၍ဖြစ်သည်။ ဥပမာ– လုပ်အားခအနေဖြင့် အနည်းဆုံးဒေါ်လာ ၅၀၀ ပေးရမည်ဆိုသည့် ဥပဒေရှိ၍ အခြားနိုင်ငံများမှ ထိုဥပဒေကို လိုက်နာကြရသည်။ ထို့ကြောင့် ဖိလစ်ပိုင်အလုပ်သမားများကို ပိုက်ဆံပိုပေးရခြင်း၊ ပိတ်ရက်ပေးရခြင်းတို့ကြောင့် အလုပ်ရှင်များမှ သိပ်မခေါ်ချင်ကြပေ။ မလေးရှားနိုင်ငံတွင် အခြားနိုင်ငံသားအလုပ်သမားများမှာ အိမ်ရှင်နှင့်သာနေရခြင်း၊ ပြင်ပနှင့်ဆက်သွယ်ခွင့် မရခြင်းတို့ကြောင့်အလုပ်သမားများ အကြမ်းဖက်ခံရခြင်းနှင့် အိမ်ဖော်အလုပ်သမားအမျိုးသမီးများ မုဒိမ်းကျင့်ခံရလျှင်တရားဥပဒေအရ စောင့်ရှောက်မှုမရကြပေ။ ထို့ကြောင့် မလေးရှားနိုင်ငံတွင်လည်း မြန်မာအလုပ်သမားများမှာ အကာအကွယ်မဲ့ပြီး အချိန်မရွေး အန္တရာယ်ကျရောက်နိုင်သည့်အခြေအနေတွင် ရှိနေသည်။

အခြားအလုပ်များနှင့် နှိုင်းယှဉ်လျှင် တစ်ကမ္ဘာလုံးတွင် အိမ်ဖော်အလုပ်သည် အလုပ်အများဆုံးလုပ်ရသောအလုပ်ဖြစ်သည်။ ထို့ပြင် အိမ်ဖော်အလုပ်သည် အမျိုးသမီးငယ်အများစုလုပ်သည့် အလုပ်လည်းဖြစ်သည်။ အစိုးရမူဝါဒများတွင် နိုင်ငံသားများအတွက် ကလေးကြည့်ရှုပေးခြင်း၊ မိခိုသူများကို ထောက်ပံ့ပေးသည့်ဝန်ဆောင်မှုပေးရန် အားနည်းနေသေးသည့်အတွက် တစ်ကမ္ဘာလုံးတွင် အိမ်တွင်းအလုပ်လုပ်ရန်အတွက် အကူအညီများစွာ လိုအပ်နေကြသည်။ အမျိုးသမီးလူဦးရေမှာ ကုလသမဂ္ဂစာရင်းအရ တစ်ကမ္ဘာလုံးရှိလူဦးရေရဲ့ ၅၁ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ပြီး အမျိုးသမီးများ၏ လုပ်အားမှာ ၆၇ ရာခိုင်နှုန်းရှိသည်။ လက်တွေ့တွင်လည်း စာရင်းပြုစုမခံရသည့် အမျိုးသမီးများစွာရှိသည့်အတွက် ၆၀ ရာခိုင်နှုန်းကျော်ရှိနိုင်သည်။

အာရှတိုက်တစ်တိုက်လုံးတွင် ရွှေ့ပြောင်းအလုပ်သမားဦးရေမှာ ထက်ဝက်လောက်သည်အမျိုးသမီးများဖြစ်သည်။ အမျိုးသမီးအများစုမှာ ၎င်းတို့၏ လုပ်ငန်းခွင်တွင် ခေါင်းပုံဖြတ်ခံရခြင်း၊ အ ကာအကွယ်မဲ့ခြင်း၊ လုံခြုံမှုမရှိသည့် လုပ်ငန်းခွင်များတွင် လုပ်ကြရသည်။ ယဉ်ကျေးမှုကြောင့် အိမ်တွင်းလုပ်ငန်းခွင်တွင် အလုပ်လုပ်နေကြသော အမျိုးသမီးများ၏အလုပ်အားမည်သူမှအလုပ်အဖြစ်မမြင်ကြပေ။ အမျိုးသမီးများ၏ အလုပ်ကို အလုပ်အဖြစ်မမြင်၍ ၎င်းတို့လုပ်သော အလုပ်များကိုလည်း တန်ဖိုးထားခြင်း မရှိတော့ပေ။ ထို့ကြောင့် အိမ်တွင်းမှုအလုပ်၊ အိမ်ဖော်အလုပ်ကိုလည်း အလုပ်အဖြစ် သတ်မှတ်ရန်လိုအပ်ပါသည်။ သို့မှသာ အလုပ်သမားဥပဒေများအနေဖြင့် အိမ်ဖော်အလုပ်သမားများ၏ အခြေအနေများကိုလည်း ထင်ဟပ်စေနိုင်ပြီးကာကွယ်မှုများပေးနိုင်မည်ဖြစ်သည်။ ❑



# စီဒေါ

## အမျိုးသမီးများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ်

**ဦးဆောင်ဆွေးနွေးသူ**
**မက် (ပ်) ဖေါင်ဒေးရှင်းမှ ရီးနော့ နှင့် မိုင်မိုင်**

စီဒေါစာချုပ်သည် အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်ပေးထားသော သဘောတူစာချုပ်ဖြစ်ပြီး ကမ္ဘာ့ကုလသမဂ္ဂသို့ စီဒေါစာချုပ်လက်မှတ်ထိုးထားသည့် နိုင်ငံများမှ ပုံမှန်အစီရင်ခံစာတင်ကြရသည်။ ၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံမှ စီဒေါစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံ စစ်အစိုးရမှ အစီရင်ခံစာတင်သွင်းရာ အမျိုးသမီးများရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများ၊ အခြေအနေမှန်များကို ထည့်သွင်းဖော်ပြခြင်းမရှိပေ။ ထို့ကြောင့် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ စင်ပြိုင်အစီရင်ခံစာ တင်သွင်းခဲ့သည်။ ၂၀၁၀ခုနှစ်တွင်လည်း ထိုင်းနိုင်ငံမှစီဒေါသဘောတူစာချုပ်နှင့်ပတ်သက်၍ အစီရင်ခံစာတင်သွင်းခဲ့သည်။ ထိုအစီရင်ခံစာတွင် ထိုင်းနိုင်ငံတွင်းနေထိုင်လုပ်ကိုင်သည့် ရွှေ့ပြောင်းအမျိုးသမီးများ၏ အခြေအနေများကိုလည်း ထည့်သွင်းအစီရင်ခံရသည်။ ကမ္ဘာ့ကုလသမဂ္ဂမှလည်း ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများ၏ အခြေအနေကို စိတ်ဝင်စားနေသည့်အတွက်ကြောင့် မက်(ပ်) ဖေါင်ဒေးရှင်းမှ အမျိုးသမီးများ၏ အခြေအနေမှန်များကို တင်ပြရန်ဆုံးဖြတ်ခဲ့သည်။

ထို့ကြောင့် မက် (ပ်) ဖေါင်ဒေးရှင်းမှ လစဉ်အမျိုးသမီးဆွေးနွေးပွဲရှိသည့် ဒေသ ၆ ခုသို့ သွားရောက်ပြီး သင်တန်းများမတက်ဖူးသည့် အမျိုးသမီးများကို ဦးစားပေးခေါ်ယူ၍ အလုပ်ရုံဆွေးနွေးပွဲနှင့်သင်တန်းများပြုလုပ်ခဲ့ပြီးထိုအမျိုးသမီးများနှင့်အတူ အချက်အလက်များ စုဆောင်းခဲ့သည်။ ဤအလုပ်ရုံဆွေးနွေးပွဲတွင်လည်း ထိုင်းအစိုးရအား ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများအရေးနှင့်ပတ်သက်၍ အကြံပြုချက်များပေးနိုင်ရန် ဆွေးနွေးသွားခြင်းဖြစ်သည်။

**ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများ ရင်ဆိုင်နေကြရသည့် အဓိက အခက်အခဲပြဿနာ (၇) ချက်**

- ယောက်ျား၊ မိန်းမ လုပ်အားခ မတူညီခြင်း။
- ကိုယ်ဝန်ဆောင်အမျိုးသမီးများကိုခွဲခြားဆက်ဆံခြင်း
- အိမ်ဖော်အလုပ်သမားအလုပ်သမားများမှာနာရီပေါင်းများစွာ အလုပ်လုပ်ရခြင်း၊ စော်ကားခံရခြင်း၊ ခွင့်ရက်မရှိခြင်း။
- ကျန်းမာရေးစောင့်ရှောက်မှုတွင် ဘာသာစကား အခက်အခဲနှင့် ခွဲခြားဆက်ဆံခြင်း။
- လက်မှတ်မရှိသောကြောင့် ဆေးရုံသို့ ဆေးကုသမှုခံယူရန်အတွက်သွားသောအခါ သွားလာရခက်ခဲ၍ ငွေကုန်ကြေးကျကုန်ခြင်း။
- အကြမ်းဖက်ခံရလျှင် ရဲစခန်းသွား၍ စောဒကတက်ရန် ကြောက်ရွံ့ခြင်း
- အကြမ်းဖက်ခံရလျှင် ထိရောက်တဲ့အရေးယူမှု မရှိခြင်း (အုပ်စု ၇ ဖွဲ့ခွဲ၍အဓိကပြဿနာ ၇ ချက်အပေါ်စုပေါင်းဆွေးနွေးခြင်းလုပ်အားခမတူညီမှုအပေါ် ဆွေးနွေးခြင်း။
- အစိုးရမှ အလုပ်ရှင်တွေကြား အလုပ်သမားဥပဒေတွေလိုက်နာမှုရှိမရှိ ကွင်းဆင်းလေ့လာခြင်းတွေ ရှိသင့်တယ်။
- အလုပ်သမားပွဲစားများကို အစိုးရမှ ဥပဒေတိတိကျကျ ချမှတ်ပေးဖို့လိုအပ်တယ်။
- အစိုးရမှ အမျိုးသမီးတွေ လုပ်အားခမတူညီတဲ့အပေါ် သေချာစစ်ဆေးတဲ့ စုံစမ်းစစ်ဆေးရေးရှိသင့်တယ်။
- အမျိုးသမီးတွေကိုယ်တိုင် ဖုန်းဆက်အကြောင်းကြားတဲ့ အစီအစဉ်လည်းရှိသင့်တယ်။
- အစိုးရကတဆင့် တကယ့်လက်တွေ့ဆင်းမည့် စုံစမ်းစစ်ဆင်ရေးအဖွဲ့ကိုဖွဲ့ဖို့လိုတယ်။
- ဥပဒေကိုမလိုက်နာသောအလုပ်ရှင်များကို အရေးယူပေးသင့်တယ်။

# (၁၀) ကြိမ်မြောက်နှစ်ပတ်လည်အမျိုးသမီးနှီးနှောဖလှယ်ပွဲ မှတ်တမ်း



**ကိုယ်ဝန်ဆောင်အမျိုးသမီးတွေအပေါ် ခွဲခြားဆက်ဆံခြင်း**

– ကိုယ်ဝန်ဆောင်အမျိုးသမီးတွေ လုပ်ငန်းခွင်မှာ အလုပ်ထုတ်ခံရတယ်၊ ခွဲခြားဆက်ဆံခံရတယ်ဆိုရင် အမျိုးသမီးတွေ တိုင်ကြားပေးနိုင်မယ့်နေရာ ဖန်တီးပေးသင့်တယ်။ တိုင်ကြားတဲ့နေရာကလည်း အမျိုးသမီးတွေအတွက် အကောင်ထည်ဖော်ပေးလားဆိုတာလည်း စောင့်ကြည့်မှုရှိသင့်တယ်။

– ဘာသာစကားအခက်အခဲရှိတဲ့အတွက်ကြောင့် ဘာသာပြန်ရှိသင့်တယ်။

– ရွှေ့ပြောင်းအလုပ်သမားတွေကြားမှာ အလုပ်သမားအခွင့်အရေးဆိုင်ရာအခွင့်အရေးတွေ၊ ပညာပေးတွေကို ရေဒီယို၊ အသံလွှင့်၊ ရုပ်မြင်သံကြားကနေတဆင့်ပေးခြင်း၊ အလုပ်သမားတွေစုရုံးနိုင်မယ့် အလုပ်သမားရုံးမှာလည်း လက်ကမ်းစာစောင်တွေထားပေးခြင်း ဖြန့်ဝေခြင်းတွေ ပြုလုပ်သင့်တယ်။

– အလုပ်သမားကဒ်တွေ လုပ်ပေးသင့်တယ်။

– အလုပ်လုပ်နေရင်း ကိုယ်ဝန်ရှိသွားခဲ့တဲ့ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေကို ဘယ်လိုစီစဉ်ပေးမလဲဆိုတဲ့ ဥပဒေကို အတိအကျပြဋ္ဌာန်းထားစေချင်ပါတယ်။

– ရွှေ့ပြောင်းအလုပ်သမားကိုယ်ဝန်ဆောင်သည်အမျိုးသမီးတွေအတွက် မီးဖွားခွင့်နဲ့ခံစားခွင့်တွေကို ထိုင်းအလုပ်သမားတွေလိုပဲ အလုပ်ပျက်ခွင့် ၄၅ ရက်နဲ့ တခြားခံစားခွင့်တွေကိုလဲအတူတူရဖို့ ဥပဒေရှိစေချင်တယ်။

**အိမ်ဖော်အလုပ်သမားတွေဟာ နာရီပေါင်းများစွာအလုပ်လုပ်ရခြင်း၊ စော်ကားခံရခြင်း၊ ခွင့်ရက်မရှိခြင်းများအပေါ်ဆွေးနွေးခြင်း။**

– အိမ်ဖော်အလုပ်သမားတွေအတွက် တိကျတဲ့ဥပဒေတွေထုတ်ပေးဖို့တောင်းဆိုချင်တယ်။

– အရေးကိစ္စတခုခုဖြစ်လာရင် တိုင်ကြားရမယ့် ဖုန်းနံပါတ်တို့ ဆက်သွယ်ရန်လိပ်စာကို ရေဒီယို တီဗွီမှာ ဖြစ်ဖြစ် သတင်းအချက်အလက်ပေးသင့်တယ်။

– ပြဿနာဖြစ်လာလို့ တိုင်ကြားရင်နှောင့်နှေးခြင်းမရှိပဲ အရေးတယူ အမြန်ဆုံးဆောင်ရွက်ပေးသင့်တယ်။

– အိမ်ဖော်အလုပ်သမားများ မုဒိမ်းကျင့်ခံရလျှင် တိုင်ကြားနိုင်မှုရှိသင့်တယ်။

– အိမ်ဖော်အလုပ်သမားများအလုပ်လုပ်၍ အိမ်ရှင်မှ လစာမထုတ်ပေးတဲ့ပြဿနာကို ဖြေရှင်းပေးစေချင်တယ်။

– ကျန်းမာရေးကုသခွင့်၊ ၇ ရက်တကြိမ် (သို့မဟုတ်) တစ်လတစ်ကြိမ်အနားယူခွင့်၊ အလုပ်ချိန်ကိုတိကျစွာ သတ် မှတ်ခြင်းနှင့်အ ချိန်ပိုအလုပ်လုပ်ခြင်းအတွက်ဥပဒေများတိကျစွာရှိသင့်တယ်။

– အလုပ်သမားအရေးလုပ်ဆောင်ပေးသော အဲန်ဂျီအိုအဖွဲ့အစည်းများ၊ မြန်မာအဖွဲ့အစည်းများမှတဆင့် ကမ္ဘာ့ ကုလသမဂ္ဂသို့ တင်ပြတောင်းဆိုပေးသွားရန် လိုအပ်တယ်။

**ကျန်းမာရေးစောင့်ရှောက်မှုတွင် ဘာသာစကားအခက်အခဲနှင့် ခွဲခြားဆက်ဆံခြင်း**

– ဆေးရုံတွေမှာ ဘာသာပြန်ပေးနိုင်တဲ့ တရားဝင် အလုပ်သမားများ ထားရှိဖို့လိုအပ်တယ်။

– ဘာသာစကားနားမလည်တဲ့အတွက် ဆေးကုသခံယူခွင့်အချိန်မှီမရဘူး။

– ဆေးရုံလက်မှတ်ရတော့လည်း သူတို့ညွှန်ပြတဲ့နေရာကိုသွားဖို့ အခက်အခဲရှိတယ်။

– ဆရာဝန်နဲ့တွေ့တဲ့အခါဆရာဝန်ညွှန်ကြားမှုကို သေချာနားမလည်ဘူး။

– အလုပ်သမားတယောက်အနေနဲ့ တရားဝင်လက်မှတ်ရှိပေမယ့် ဆေးရုံသွားရင် အချိန်အကြာအောင်စောင့်ရတော့ တစ်ရက်စာအလုပ်ပျက်ရသလို လုပ်အားခလဲမရတော့ဘူး။

– ကိုယ်က အလုပ်သမားတယောက်ဖြစ်တဲ့အတွက် ဘာသာပြန် လုပ်ငန်းလုပ်ရင် ကျမတို့ကို လေးစားချင်မှလေးစားမယ်။ အပြန်အလှန် လေးစားတတ်အောင်စာသင်ခန်းမှာ သင်ကြားပေးလိုတယ်။

– ဆေးရုံတွင်ကုသရာ၌ တန်းတူအခွင့်အရေးရှိသင့်တယ်။



- ဆေးရုံတွင် ယဉ်ကျေးစွာပြုမူဆက်ဆံရန် လိုအပ်တယ်။ တန်းတူညီတူ ဆေးကုသခွင့်ရှိသင့်တယ်။
- ထိုင်းရဲ့ဥပဒေမှာ ရွှေ့ပြောင်းအလုပ်သမားတွေကို တရားဝင်အလုပ်လုပ်ခွင့်မရှိဘူး။ ဒါကြောင့် တကယ်လို့ တရားဝင်လုပ်ခွင့်ပေးမယ်ဆိုရင် ရွှေ့ပြောင်းအလုပ်သမားကို လုပ်ခွင့်ပေးဖို့၊ အလုပ်သမားတွေအနေနဲ့ ကျန်းမာရေးဆိုင်ရာအကြောင်းအရာကို ပြောဆိုဖို့ သက်သောင့်သက်သာဖြစ်စေမယ့် ဘာသာပြန်တွေ လိုအပ်တယ်။ ဥပမာ – အမျိုးသမီးကျန်းမာရေး အတွက်အမျိုးသမီးဘာသာပြန်တွေကို ထားသင့်တယ်။ အလုပ်သမားကြားမှာကျန်းမာရေးဆိုင်ရာကျွမ်းကျင်တဲ့၊ လုပ်နိုင်တဲ့အမျိုးသမီးတွေ အများကြီးရှိတယ်။

### ဆေးရုံသို့ သွားလာရန်ခက်ခဲသည့်အကြောင်းအရာ

- တရားဝင်လက်မှတ် လုပ်ပေးသင့်တယ်။ အထူးသဖြင့် နေထိုင်ခွင့်၊ သွားလာခွင့်လက်မှတ်ပေးသင့်တယ်။
- အဲဒီလက်မှတ်ဟာ ရွှေ့ပြောင်းနေထိုင်သူတွေပေးနိုင်တဲ့ ဈေးနှုန်းသတ်မှတ်ပေးသင့်တယ်။
- ထိုင်းမှာ အလုပ်လုပ်ခွင့်လက်မှတ်ကို ၁၉၀၀ ပေးရပြီး ကျန်းမာရေးကဒ်အတွက် တစ်နှစ်စာကို ဘတ် ၃၀ ပေးရပါတယ်။ သို့သော်လည်းပဲ အလုပ်လုပ်ခွင့်မရသေးတဲ့ ငယ်ရွယ်တဲ့လူငယ်တွေအတွက်တော့ လက်မှတ်လုပ်ခွင့်မရှိဘူး၊ ဒါ့ကြောင့် ကျန်းမာရေးစောင့်ရှောက်ခွင့် ၃၀ ဘတ်တန်ကဒ်မရဘူး။

### အကြမ်းဖက်ခံရလျှင် ရဲစခန်းမှာ စောဒကတက်ရန် ကြောက်ရွံ့ခြင်း

- ရဲစခန်းမှာ ဘာသာပြန်ထားပေးသင့်တယ်၊ လူမျိုးရေး နိုင်ငံရေး ခွဲခြားဆက်ဆံမှု၊ ဘက်လိုက်မှု၊ လာဘ်စားမှုတွေမရှိသင့်ဘူး။ မုဒိမ်းကျင့်ခံရတဲ့ အမျိုးသမီးတွေအတွက်တော့ ရဲစခန်းသွားပြီး အမှုဖွင့်တဲ့အခါမှာအမျိုးသမီးရဲမေတွေထားပေးသင့်ပါတယ်။ ဒါမှလည်းအမျိုးသမီးအချင်းချင်းပွင့်ပွင့်လင်းလင်း ဆွေးနွေးလို့ရနိုင်မှာဖြစ်ပါတယ်။
- ဘာသာပြန်မယ့်သူကလည်း အမျိုးသမီးကိုထားပေးရင် ပိုပြီးအဆင်ပြေမှာဖြစ်ပါတယ်။ အမျိုးသားဖြစ်မယ်ဆိုရင် ကိုယ်ကမုဒိမ်းကျင့်ခံရတာကို မပြောရဲပဲ ရှက်နေရပါတယ်။ အမျိုးသမီးရဲမေနဲ့ ဘာသာပြန်တွေကလည်း ကျမတို့အလုပ်သမားအမျိုးသမီးတွေရဲ့ အခြေအနေကို နားလည်သူဖြစ်ရမယ်ဆိုရင်ပိုပြီးတော့ အဆင်ပြေနိုင်ပါတယ်။
- ခွဲခြားဆက်ဆံမှု၊ လာဘ်စားမှုတွေ၊ ဘက်လိုက်မှုတွေ မရှိအောင်အမှုထမ်းတွေကို သင်တန်းတွေပေးသင့်တယ်။

### အကြမ်းဖက်ခံရသည့်အခါ ထိရောက်စွာ အရေးယူခြင်း

- အမျိုးသမီးကိစ္စဖြစ်၍ ရဲစခန်းမှာ အမျိုးသမီးရဲတွေ ထားပေးသင့်တယ်။
- မုဒိမ်းမှုအတွက် ခိုင်လုံတဲ့ဥပဒေတွေရှိသင့်တယ် ပြီးတော့ ပညာပေးအစီအစဉ်တွေကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ပေးသင့်တယ်။
- မုဒိမ်းကျင့်ခံရတဲ့ အမျိုးသမီးများအမှုကို လုံလုံခြုံခြုံ တိုင်ကြားခွင့်ရှိသင့်တယ်။
- အစိုးရအနေဖြင့် ရဲတွေ သေချာအမှုကိုင်တွယ်နိုင်အောင် သင်တန်းပေးဖို့လိုအပ်တယ်။
- ကျူးလွန်တဲ့လူက ထိုင်းဖြစ်နေရင် အရေးယူဆောင်ရွက်မှုနည်းပါတယ်။ မြန်မာလူမျိုးဖြစ်စေ၊ ထိုင်းလူမျိုးဖြစ်စေ ဘယ်လိုလူမျိုးမဆို ကျူးလွန်သူကို ထိထိရောက်ရောက်အရေးယူဆောင်ရွက်ဖို့လိုပါတယ်။
- တစ်ချို့သောရဲတွေက လက်မှတ်မရှိတဲ့ အမျိုးသမီးတွေကိုခေါ်အိပ်ပြီးလိင်ဆက်ဆံတယ်၊ ဒီလိုအခြေအနေကို အရေးယူပေးစေချင်တယ်။
- တိုင်ကြားလိုက်တဲ့ အမှုတွေကို ထိထိရောက်ရောက် အရေးယူမှုမရှိတဲ့ ရဲတွေကို အရေးယူရန်နှင့် သူတို့ကိုသင်တန်းပေးရန်လိုအပ်တယ်။

# (၁၀) ကြိမ်မြောက်နှစ်ပတ်လည်အမျိုးသမီးနိုးနှောဖလှယ်ပွဲ မှတ်တမ်း

(ခ) ညနေပိုင်းတွင်ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲများတွင် ပူးပေါင်းပါဝင်ခြင်း

# လိင်ပိုင်းဆိုင်ရာပညာပေး

**ဦးဆောင်ဆွေးနွေးသူ** **လစ်ဇ်**

**ဘာသာပြန်** **ယိင်းဟွမ်**

လိင်ပိုင်းဆိုင်ရာပညာပေးအလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာသူ အမျိုးသမီးများအား အမျိုးသမီးလိင်အင်္ဂါ ဆိုင်ရာ ပညာပေးဆွေးနွေးခြင်းနှင့် မျိုးဆက်ပွားခြင်းဆိုင်ရာ ကျန်းမာရေးပညာပေးကိုလည်း ထည့်သွင်းဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံ မှ အမျိုးသမီးများမှာ ယဉ်ကျေးမှုဓလေ့ထုံးစံများကြောင့် အမျိုးသမီးမျိုးပွားအင်္ဂါနှင့်ပတ်သက်၍ ရှက်စရာသဖွယ် ထင်မြင်ကြပြီး ၎င်းတို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများအကြောင်းပင် သေချာမသိသောကြောင့် နောက်ဆက်တွဲဆိုးကျိုးများအနေဖြင့် လိင်ပိုင်း ဆိုင်ရာ ကျန်းမာရေးအသိများ နည်းပါးခြင်း၊ လိင်အခြေပြု၍ မိသားစု၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်း၏ ခွဲခြားဆက်ဆံရခြင်းများ ကြုံတွေ့ကြရသည်။ ထို့ကြောင့် ဤဆွေးနွေးပွဲတွင် အမျိုးသမီးများမှ ၎င်းတို့၏ ခန္ဓာကိုယ်အကြောင်းကို ပွင့်ပွင့်လင်းလင်း ပိုမို လေ့လာသိရှိနိုင်ရန်၊ လိင်ပိုင်းဆိုင်ရာအသိပညာများ၊ ကျန်းမာရေးအသိပညာများ ရရှိစေရန်အတွက်လည်း ဦးဆောင်ဆွေးနွေး သူများနှင့် တက်ရောက်လာသူ အမျိုးသမီးများ ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ထိုင်းနိုင်ငံတွင်းရှိ ရွှေ့ပြောင်းအမျိုးသမီးများ တိုင်ကြားနိုင်သည့် ဝန်ကြီးဌာနများကိုလေ့လာပြီး အမျိုးသမီးများ၏ အခက်အခဲကို သက်ဆိုင်ရာဌာနအသီးသီးသို့တိုင်ကြားသည့် လှုပ်ရှားမှုပြုလုပ်ခြင်း

**ရွှေ့ပြောင်းအမျိုးသမီးများ အခွင့်အရေးနှင့်ပတ်သက်၍ တိုင်ကြားပြောဆိုနိုင်သည့် အစိုးရဝန်ကြီးဌာန (၈) ခု**

၁။ အလုပ်သမားဝန်ကြီးဌါန။
၂။ ကျန်းမာရေးဝန်ကြီးဌါန။
၃။ တရားရေးဝန်ကြီးဌါန။
၄။ ရဲ – ထိုင်းရဲ။
၅။ ပြည်ထဲရေးဝန်ကြီးဌါန။
၆။ နိုင်ငံခြားရေးဝန်ကြီးဌါန။
၇။ လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေးဝန်ကြီးဌါန။
၈။ နိုင်ငံတော် လူ့အခွင့်အရေးကော်မရှင်။

တက်ရောက်သူအမျိုးသမီးများထဲမှ ဝန်ကြီးဌာန ၈ ဦး နေရာအတွက် အမျိုးသမီး ၈ ဦးမှ ကိုယ်စားလှယ်အဖြစ် သရုပ်ဆောင်ခဲ့ပြီး ကျန်အမျိုးသမီးများမှ ဝန်ကြီးဌာနတိုင်းသို့ ၎င်းတို့တောင်းဆိုချင်သည့် အချက်များ၊ အခက်အခဲများကို ထိုဝန်ကြီးဌာနကိုယ်စားလှယ်များထံ သွားရောက်တိုင်ကြားဆွေးနွေးသည့် လှုပ်ရှားမှုကို ပြုလုပ်ခဲ့သည်။ ❑

**အဝတ်ခြင်းထဲတွင် အမျိုးသမီး၊ အမျိုးသားအကျီ၊ လုံခြည်၊ ထဘီ၊ အတွင်းခံများရောထားပြီး တက်ရောက်လာသူအမျိုးသမီးများအား ၎င်းတို့နေ့တစဉ်လှန်းသည့်အတိုင်း အဝတ်ပေးလှန်းသည့် လှုပ်ရှားမှုပြုလုပ်ခြင်း**

သင်တန်းသူများမှ အဝတ်များကို ၎င်းတို့စိတ်ကြိုက် လှန်းကြရာ အမျိုးသမီးထဘီနှင့် အတွင်းခံများကို အောက်ကြိုးတန်းတွင်လှန်းပြီး အမျိုးသားအဝတ်၊ ဘောင်းဘီနှင့် အမျိုးသမီး အပေါ်အင်္ကျီများကို အပေါ်ကြိုးတန်းတွင် လှန်းကြသည်။ အချို့မှာ အမျိုးသမီးအတွင်းခံဘောင်းဘီများကို ထဘီအောက်တွင်ပင် ပြန်ပြင်လှမ်းကြသူများရှိသည်။

**အဝတ်လှန်းပုံလှန်းနည်းကို သင်ပေးသူများမှာ**

– အမေ
– အမေ့ကို အဖွားသင်တယ်။
– အဖွားကိုလည်း အဖွားရဲ့ အမေသင်တယ်။

**မိန်းကလေးအတွင်းခံကို ဘာကြောင့် အခြားအမျိုးသား၊ အမျိုးသမီး အင်္ကျီနဲ့အတူ ရောပြီးမလှန်းတာလဲ၊**

– ပတ်ဝန်းကျင်က အမြင်မတော်ဘူးဆိုပြီး မကြိုက်ဘူး။
– ဘုန်းနိမ့်မှာစိုးလို့
– ဓလေ့ပျက်မှာစိုးလို့
– ဓမ္မတာသွေးပေလို့မကောင်းဘူးလို့ပြောကြတယ်။



**ဦးဆောင်ဆွေးနွေးသူမှ ပညာပေးဆွေးနွေးခြင်း**

ယဉ်ကျေးမှုဓလေ့ထုံးစံများကို အစဉ်အဆက် ကျင့်သုံးခဲ့သည့်အတွက် အမျိုးသမီးများအနေဖြင့် ထိုဓလေ့ထုံးစံများကိုလွယ်လွယ်နှင့်ပြင်လို့မရပေ။ မွေးကင်းစအရွယ်မှစ၍ မိသားစု၊ လူ့အသိုင်းအဝိုင်းမှ အမျိုးသမီး အမျိုးသားဟူ၍ လိင်ပိုင်းဆိုင်ရာ ခွဲခြားထားသည်။ သားယောကျ်ားလေး ဘောင်းဘီမဝတ်ပဲနေလျှင် 'ဒါမှငါ့သား' 'သားလေးက ချစ်စရာလေး' စသဖြင့် စနောက်ကြသော်လည်း သမီးမိန်းကလေး ငယ်လေးများ ဘောင်းဘီမဝတ်ပဲနေသည်ကိုတွေ့လျှင် မမြင်အပ်သည့်အရာအဖြစ် သတ်မှတ်ကြပြီး ဟန့်တားကြသည်။ ထို့ကြောင့် မိန်းကလေးများသည် ငယ်စဉ်ကတည်းမှစ၍ ၄င်းတို့၏ ကိုယ်အင်္ဂါ၊ လိင်အင်္ဂါနှင့်ပတ်သက်၍ ပွင့်လင်းမှုမရှိခဲ့ပေ။ ထိုအပြင် မကောင်းသည့်အရာ၊ မလုပ်အပ်၊ မကိုင်အပ်၊ မထိတွေ့အပ်သည့်အရာအဖြစ် ငယ်ငယ်ကလေးမှစ၍ လေ့လာခဲ့ကြရသည်။ မိန်းကလေးများ အရွယ်ရောက်သည့်အခါတွင်လည်း မိဘများကို ပိုင်းကူကြရပြီး အဝတ်လှန်းကူကြသည့်အခါ မိဘများလှန်းသည့်အတိုင်း၊ အဝတ်ခွဲခြားသည့်အတိုင်း သင်ယူခဲ့ကြရသည်။ ထိုအချိန်မှစ၍ မိန်းကလေးနှင့် ယောကျ်ားလေးတွင် ၄င်းတို့၏ အဝတ်ချင်း မတူညီသည့်အကြောင်း လေ့လာခဲ့ကြရသည်။ အမျိုးသမီး လိင်အင်္ဂါနှင့် ထိတွေ့သည့်အရာမှန်သမျှ ဘုန်းနိမ့်သည်၊ တခုခုလွဲနေသည်ဟု စဉ်းစားမိကြသည်။ ထိုမှတဆင့် ဓမ္မတာလာသည့်အခါတွင်လည်း မိဘများမှ ယောကျ်ားလေးများနှင့် မထိမတွေ့ရန် ဆုံးမသောကြောင့် အမျိုးသမီးအများစုမှာ ယောကျ်ားယူသည်အထိ ၄င်းတို့၏ လိင်အင်္ဂါနှင့်ပတ်သက်၍ မည်သည့်အတွေ့အကြုံမှ မရှိကြသ လို ၄င်းတို့၏ လိင်အင်္ဂါ မည်သို့ရှိသည်ကိုပင် မသိကြပေ။ (ယောကျ်ားလေးများမှာ ၄င်းတို့၏ လိင်အင်္ဂါအကြောင်းကို သိကြသည်)။

**အမျိုးသမီးခန္ဓာကိုယ်နှင့် လိင်အင်္ဂါပုံကို စုပေါင်းဆွဲပြီး အမျိုးသမီးများ၏ လိင်စိတ်နှင့်ပတ်သက်၍ ဆွေးနွေးခြင်း**

- အမျိုးသမီးအများစုဟာ စဉ်းစားတာများတဲ့အတွက် လိင်ပိုင်းဆိုင်ရာခံစားမှုအတွက် အချိန်သိပ်မပေးနိုင်ကြဘူး။
- အမျိုးသမီးတွေဟာ အခွင့်အရေးအမျိုးမျိုးတောင်းဆိုကြပေမယ့် လိင်ခံစားမှုအတွက်တော့ ဘယ်သူမှ မတောင်းဆိုကြဘူး။
- လိင်ခံစားမှုကြိုက်တဲ့သူဆို မိန်းမကောင်းအဖြစ်မထင်ကြဘူး၊ ဒါတွေဟာ အစဉ်အဆက်ယဉ်ကျေးမှုကြောင့်ဖြစ်ရတယ်။
- အမျိုးသမီးတွေဟာ သူတို့ရဲ့လိင်စိတ်ခံစားမှုကို မသိတဲ့အတွက် အမျိုးသားတွေနဲ့အတူနေတဲ့အခါ ဘာမှ ကျေနပ်နှစ်သိမ့်မှုမရှိတဲ့အပြင် စဉ်းစားစရာတွေနဲ့များနေတတ်တယ်။

- လူတိုင်း လိင်ဆက်ဆံမှု သာယာပျော်ရွှင်ဖို့ အခွင့်ရှိပေမယ့် အမျိုးသမီးတွေဟာ လိင်စိတ်ခံစားမှုရဖို့ အချိန်အကြာကြီးယူရတယ်။ ဒါပေမဲ့ ယောကျ်ားတွေက အချိန်တိုတိုနဲ့လည်းရတယ်။
- ယဉ်ကျေးမှုအရ အမျိုးသမီးတွေက ကိုယ့်ခန္ဓာကိုယ်ကို ပြန်လေ့လာဖို့ ခွင့်မပြုထားဘူး။ အမျိုးသားတွေ လိင်ဆက်ဆံတဲ့အချိန် သူတို့အတွက် ပျော်ရွှင်မှုတွေ ခံစားရပေမယ့် အမျိုးသမီးတွေအတွက် အာရုံခံစားမှုကို ထိတွေ့ခံစားမှုမရှိတဲ့အတွက် မခံစားရဘူး။လိင်ဆက်ဆံရင်းနဲ့ အမျိုးသမီးတွေက အလုပ်အကြောင်း စိတ်စားတာများတယ်။
- ယဉ်ကျေးမှုအရလည်း လိင်ဆက်ဆံတာ အမျိုးသမီးတွေပျော်ရွှင်မှုရအောင် သင်ပေးထားတာလည်း မရှိဘူး။

## သန္ဓေတားနည်းများ

၁။ သန္ဓေတားဆေးများစားခြင်း
- သန္ဓေတားဆေးပုံမှန်မစားလျှင် ကိုယ်ဝန်ရနိုင်သည်။
- သန္ဓေတားဆေး (၃) နှစ်ဆက်တိုက်စားတဲ့အတွက် ကလေးပြန်ရနိုင်ဖို့ နည်းနည်းခက်ပါတယ်။
- အချို့သောသန္ဓေတားဆေးများမှာ ဦးနှောက်ထိခိုက်နိုင်သည်။

၂။ အပ်စိုက်နည်းကိုအသုံးပြုခြင်း
- ဆေးပေါ်မူတည်ပြီး ခဏခဏသွေးဆင်းတာလည်း ရှိသည်။
- တခါတလေ စိတ်ပိုင်းဆိုင်ရာအရ ငိုချင်တာတို့ဖြစ်တတ်သည်။

၃။ ကွန်ဒုံးသုံးခြင်း
- ဘယ်လိုဆေးပဲသုံးသုံး ကွန်ဒုံးမသုံးရင် HIV ရောဂါရနိုင်သည်။
- သုတ်ရည်အပြင်ထုတ်ဆက်ဆံလျှင် ကိုယ်ဝန်မရနိုင်ဟုထင်ကြသော်လည်း လိင်တံထိပ်တွင်သုတ်ရည်အဆင်သင့်ရှိနေပြီးသားဖြစ်၍ ကိုယ်ဝန်ရရန် အလားအလာများရှိ၍ ကိုယ်ဝန်မလိုချင်လျှင် ကွန်ဒုံးသုံး သင့်သည်။

၄။ သားကြောဖြတ်ခြင်း
- အမျိုးသမီးများသာမက အမျိုးသားများလည်း သားကြောဖြတ်နိုင်သည်။ သို့သော်လည်းပဲ အမျိုးသားများက သားကြောမဖြတ်ချင်ကြပေ။

**တက်ရောက်သူများမှ မေးခွန်းများမေးခြင်း**

မေး ။ ။ သားကြောဖြတ်ပြီး ဘယ်နှစ်နှစ်လောက် အလုပ်ကြမ်းမလုပ်ရဘူးလဲ။

ဖြေ ။ ။ အနည်းဆုံးတော့ တစ်လလောက်ပေါ့။ ဒါပေမဲ့ သားအိမ်ခြစ်ထုတ်ရင် ၄–၅ လလောက် အလုပ်ကြမ်းမလုပ်ရဘူး။

မေး ။ ။ သွေးဆုံးပြီဆိုရင် ကလေးပြန်ရနိုင်သေးလား။

ဖြေ ။ ။ သွေးဆုံးသည်ဖြစ်စေ၊ မဆုံးသည်ဖြစ်စေ သွေးဆင်းရင်တော့ ကလေးပြန်ရှိနိုင်တယ်။ သို့သော် ၆ လလောက် သွေးဆုံးပြီးသွားရင် ကလေးပြန်မရနိုင်တော့ဘူး။



မေး ။ ။ အမျိုးသမီးတွေ အသက်ကြီးလာလို့သွေးကစားတဲ့ အချိန် ဘာဖြစ်လို့ အရမ်းခံစားရသလဲ။

ဖြေ ။ ။ ဦးနှောက်နဲ့ခန္ဓာကိုယ် အစိတ်အပိုင်း အားလုံးက ဆက်စပ်မှုရှိတဲ့အတွက် ကြောင့်ဖြစ်တယ်။

မေး ။ ။ အသက်ကြီးလာလို့ သွေးဆုံးသွားရင် လိင်ခံစားမှု မရှိတော့ဘူးလား။

ဖြေ ။ ။ အသက်ကြီးလို့လိင်စိတ်မခံစားရတော့ဘူးဆိုတာ မဟုတ်ဘူး။ အဓိက မိန်းမကိုယ်ရဲ့ အစေ့မှာရှိတဲ့ခံစားချက်ထိရင် လိင်စိတ်ခံစားလို့ရတယ်။ ❑

# ရွှေ့ပြောင်းခြင်း နှင့် အလုပ်သမားများအပေါ် ခေါင်းပုံဖြတ်ခြင်း

ဦးဆောင်ဆွေးနွေးသူ – အယ်လ်ဖီ၊ ရေဗက္ကာ

ရွှေ့ပြောင်းခြင်းနှင့် အလုပ်သမားများအပေါ် ခေါင်းပုံဖြတ်ခြင်းဆိုသည့် အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်သူအမျိုးသမီးများအနေဖြင့် ရွှေ့ပြောင်းခြင်း၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းနှင့်ပတ်သက်၍ ပိုမိုနားလည်စေရန်နှင့် တက်ရောက်သူများအချင်းချင်း အတွေ့အကြုံများဖလှယ် နိုင်စေရန်အတွက် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။

**ရွှေ့ပြောင်းသွားလာခြင်းဆိုတာဘာလဲ**

– ရွှေ့ပြောင်းခြင်းဆိုတာ တနေရာမှ တနေရာသို့ ရွှေ့ပြောင်းသွားလာခြင်းကို ဆိုလိုတယ်။
– နိုင်ငံတခုတည်းမှာဖြစ်နိုင်သလို နိုင်ငံပြင်ပမှာလည်း ဖြစ်နိုင်တယ်။
– လမ်းကြောင်းအမျိုးမျိုးကနေ သွားတာဖြစ်နိုင်တယ်။
– တယောက်တည်း ဒါမှမဟုတ် အုပ်စုနှင့်သော်လည်း ကောင်း အကူအညီနဲ့သော်လည်း ကောင်းသွားတာလည်းဖြစ်နိုင်တယ်။

**ဘာကြောင့် လူတွေ (အမျိုးသမီးတွေ) ပြင်ပကို ရွှေ့ပြောင်းလုပ်ကိုင်နေကြရတာလဲ**

– ကိုယ့်နိုင်ငံမှာ စားဝတ်နေရေးမပြေလည်ဘူး၊လုပ်ငန်းအတည်တကျမရှိဘူး၊ အစိုးရကလည်း မဖန်တီးပေးဘူး။ အဲဒါကြောင့် တခြားနိုင်ငံမှာ လာလုပ်ကြရတယ်။
– ပညာရေး၊ ကျန်းမာရေး ထောက်ပံ့မှုမရှိလို့ အပြင်ထွက်တယ်။
– စစ်အစိုးရတွေရဲ့ ဖိနှိပ်မှု၊ မတူညီတဲ့လစာတွေကြောင့် အပြင်ထွက်အလုပ်လုပ်တယ်။
– ဝင်ငွေနဲ့ အသုံးစရိတ်မမျှတခြင်း၊ စားဝတ်နေရေးမလုံလောက်ခြင်းတို့ကြောင့် ပြင်ပထွက် အလုပ်လုပ်ကြရတယ်။
– လယ်မြေသိမ်းခံရတယ်၊ လုပ်စရာအလုပ်မရှိလို့ အပြင်ထွက်လုပ်ကြတယ်။
– ပြည်တွင်းမှာ လုပ်စားမယ်ဆိုရင်တော့ ဖြစ်တယ်ဆိုပေမယ့်ရတဲ့ဝင်ငွေနဲ့ ထွက်ငွေ မလုံလောက်ဘူး၊ ဒီထက်ပိုတိုးတက်ချင်တဲ့အတွက်၊ အတွေ့အကြုံရချင်တဲ့အတွက် အပြင်ထွက်အလုပ်လုပ်တယ်။

**ရွှေ့ပြောင်းသွားလာမှုအပေါ် ချမှတ်သည့် သက်ဆိုင်ရာ အစိုးရများ၏ မူဝါဒများ**

– ရှမ်းပြည်နယ်တွင် အသက် ၂၅ နှစ်အောက်ဆိုရင် တစ်ယောက်တည်းခရီးသွားလာဖို့ သိပ်မလွယ်ကူပါဘူး။ အာဏာပိုင်တွေက ကန့်သတ်ထားပါတယ်။ အထင်သေးတဲ့သဘောလဲဖြစ်နိုင်ပါတယ်။
– ထိုင်းနိုင်ငံမှာဆိုရင် အသက်မပြည့်သေးလို့ဆိုပြီး နေရာတခုမှာထားပြီး ဘယ်ကိုမှပေးမထွက်ဘူး။ သူတို့ပြောတာကတော့ လုံခြုံမှုပေးတယ်လို့ ပြောတယ်၊တကယ်တော့ အမျိုးသမီးတွေကို တခြားမသွားအောင် ထိန်းချုပ်ထားတာဖြစ်တယ်။
– အချို့သောလူကုန်ကူးမှုတိုက်ဖျက်ရေးဥပဒေဟာ ကောင်းတာရှိသလို ဥပဒေကတစ်ချို့မကောင်းဘူး။ အင်ဒိုနီးရှာမှာဆိုရင် အစိုးရအေဂျင်စီကနေတဆင့် ဆက်သွယ်ပြီးမှ မိမိအလုပ်သွားလုပ်ချင်တဲ့နိုင်ငံကို သွားရတယ်။ ခွဲခြားဆက်ဆံမှုတွေပြုလုပ်တယ်။ အ



ထက်တန်းစားဆိုရင် လွယ်လွယ်ကူကူ သွားလို့ရတယ်။

– ဥပဒေက တကယ့်ဒုက္ခရောက်နေတဲ့လူတွေကို ကူညီပေးဖို့လိုတယ်။ လူတွေကို ကန့်သတ်စေတဲ့အရာမျိုးမဖြစ်သင့်ဘူး။
– ဖိလစ်ပိုင်မှာ အမျိုးသမီးငယ်၊ အမျိုးသားငယ်တွေ နိုင်ငံခြားကို အုပ်ထိန်းမှုမပါပဲ အလုပ်လုပ်ဖို့သွားပြီဆိုရင် သွားခွင့်ပိတ်ပင်တာမျိုးလုပ်တယ်။
– တချို့နိုင်ငံမှာဆိုရင် ရွှေ့ပြောင်းချင်တဲ့သူတွေ တကယ်သွားချင်ပြီလားဆိုတာ မေးမြန်းတာမျိုးရှိတယ်။

**တနေရာကနေတနေရာ ရွှေ့ပြောင်းသွားလာတဲ့နေရာမှာ အမျိုးသမီးဖြစ်တဲ့အတွက် ဘာစိန်ခေါ်မှုတွေ ရင်ဆိုင်ရလဲ။ ဘာတွေထိခိုက်မှုဖြစ်စေလဲ**

– ရွှေ့ပြောင်းအမျိုးသမီးတွေအတွက် အမျိုးသမီးဖြစ်လို့ဆိုပြီး အလုပ်လုပ်ကိုင်တဲ့နေရာမှာ ခွဲခြားဆက်ဆံခံရတယ်။ ဥပမာ– အမျိုးသမီးနဲ့သင့်တော်တယ်ဆိုတဲ့အလုပ်မျိုးမှာပဲ လုပ်ခွင့်ရှိတယ်။
– အမျိုးသမီးတွေအနေနဲ့ တရားဝင်လမ်းကြောင်းနဲ့ သွားလာခွင့်မှာ အဟန့်အတားရှိတယ်။
– အမျိုးသမီးတွေက ပွဲစားတွေနဲ့ တခြားနိုင်ငံကို သွားရတဲ့အတွက် ပိုက်ဆံပိုကုန်တာမျိုးရှိတယ်။

**အလုပ်လုပ်ရန် ခရီးလမ်းကြောင်းလာရာတွင် လုံခြုံမှုရှိအောင် ဘယ်လိုလုပ်မလဲ**

– ယာယီပတ်စ်ပို့လုပ်ဆောင်ပေးတဲ့ သတင်းအချက်အလက်ကို သေချာစုံစမ်းပြီး တရားဝင်တခြားနိုင်ငံသို့ ဝင်လာသင့်တယ်။
– ပွဲစားကုမ္ပဏီကနေတဆင့်သတင်းအချက်အလက်ကို စုံစမ်းသည်ဖြစ်စေ၊ တစ်ခြားနိုင်ငံတွင် အလုပ်လုပ်ဖူးသည့် အတွေ့အကြုံရှိသူဖြစ်စေ သူတို့တွေကို ဆက်သွယ်နိုင်မယ့် ဖုန်းနံပါတ်နဲ့ လိပ်စာတွေကို မြန်မြန်လုပ်ဆောင်သင့်တယ်။ မွေးစာရင်း၊ အိမ်ထောင်စုစာရင်းမရှိတဲ့သူတွေအတွက်တော့ ပတ်စပို့လုပ်ရတာခက်ခဲတယ်။
– သွားရမယ့်ကားကို လုံခြုံတယ် မလုံခြုံဘူးဆိုတာကို သေချာစုံစမ်းပြီးမှသွားသင့်တယ်။
– ကိုယ်အလုပ်သွားလုပ်မယ့်နေရာဒေသရဲ့ အခြေခံဘာသာစကားနည်းနည်းပါးပါးလေ့လာသင့်တယ်။ အရေးကြီးတဲ့စကားလုံးတွေ သင်ထားသင့်တယ်။
– အလုပ်သွားလုပ်မယ့်နိုင်ငံရဲ့ မြန်မာသံရုံးလိပ်စာ၊ ဖုန်းနံပါတ်တွေယူထားသင့်တယ်။

**တက်ရောက်သူများမှ ကြားဖြတ်မေးမြန်းခြင်း**

မေး ။ ။ မြန်မာသံရုံးကိုဆက်သွယ်ရင် တကယ်ကူညီပေးနိုင်မှာပဲ့မလား။ ကျမအနေနဲ့တော့ မြန်မာသံရုံးကမြန်မာနိုင်ငံသားတွေရဲ့အခက်အခဲကို ကူညီဖြေရှင်းပေးနေတာမျိုး မတွေ့ဖူးဘူး။

ဖြေ ။ ။ ဘာပဲဖြစ်ဖြစ် အနည်းဆုံး သတင်းအချက်အလက်မေးလို့ရတယ်။

**အလုပ်သမားများအပေါ် ခေါင်းပုံဖြတ် အမြတ်ထုတ်ခြင်းနှင့်ပတ်သက်၍ အုပ်စု (၄) စုခွဲပြီး သရုပ်ဖော်တင်ဆက်ခြင်း**

အုပ်စု ၁ နှင့် အုပ်စု ၂ ပေါင်း၍ ၄င်းတို့၏ လုပ်ငန်းခွင်အတွင်းတွင် ရင်ဆိုင်ရသည့် ဆိုးရွားသည့်အခြေအနေများကို အမှုအရာဖြင့် တင်ဆက်ခဲ့သည်။ ထိုသို့တင်ဆက်ရာတွင် အလုပ်ရှင်မှ အလုပ်သမားများကို အတင်းအဓမ္မ စေခိုင်းခြင်း၊ နားခွင့်မပေးခြင်း၊ အလုပ်မျိုးစုံခိုင်းခြင်း၊ ညဥ်းပန်းနှိပ်စက်ခြင်း စသည့်အမူအယာများကို အုပ်စုထဲပါဝင်သူများမှ တင်ဆက်သရုပ်ဖော်ခဲ့ကြသည်။



အုပ်စု ၃ နှင့် အုပ်စု ၄ မှာ ၄င်းတို့လုပ်ငန်းခွင်အတွင်းရရှိခံစားရသည့် ကောင်းမွန်သည့်အခြေအနေများကို သရုပ်ဖော်တင်ဆက်ခဲ့ကြသည်။ ထိုသို့တင်ဆက်ရာတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးမှ လစာရှိ ကိုယ်ဝန်ဆောင်မီးဖွားခွင့်ရရှိခံစားရသည့် သရုပ်ဖော်တင်ဆက်ခြင်းနှင့် လုပ်ငန်းခွင်အတွင်း အမျိုးသမီးများ ကျန်းမာရေးစောင့်ရှောက်မှု ရရှိခံစားရသည့် အကြောင်း သရုပ်ဖော် တင်ဆက်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။ ❑

# အာစီယံနှင့်
# လူ့အခွင့်အရေးဆိုင်ရာယန္တရားများ

ဦးဆောင်ဆွေးနွေးသူ – ဒလီးနာ နှင့် ဖိလစ်ပါ (APWLD)
ဘာသာပြန် – သွယ်ဇင်တိုး

အာစီယံနှင့် လူ့အခွင့်အရေးဆိုင်ရာယန္တရားများအလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်သူအမျိုးသမီးများအား ၄င်းတို့ရင်ဆိုင်ရသော အခြေအနေ၊ အခက်အခဲများကို မီးမောင်းထိုးပြစေခြင်းဖြင့် အလုပ်သမားအခွင့်အရေးဆိုင်ရာ မြှင့်တင်ပေးမှုများနှင့်ပတ်သက်၍ အာစီယံမှ တာဝန်ရှိကြောင်း သတင်းအချက်အလက်များပေးခဲ့သည်။ တဆက်တည်းတွင် အာစီယံ၏ လုပ်ထုံးလုပ်နည်းများထဲမှာရွှေ့ပြောင်းအမျိုးသမီးအလုပ်သမားများနှင့် တိုက်ရိုက်သက်ဆိုင်သော ဌာနများအကြောင်း မိတ်ဆက်ပေးခဲ့သည်။

**APWLD အကြောင်း မိတ်ဆက်ပေးခြင်း**

Asia Pacific Forum on Women, Law and Development (APWLD) အဖွဲ့သည် အာရှပစိဖိတ်ဒေသရှိ အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် လုပ်ရှားဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည်။ နောက်ခံသမိုင်းကြောင်းမတူညီသည့် အမျိုးသမီးအားလုံးအတွက် အလုပ်လုပ်သည့် အဖွဲ့ဖြစ်ပြီး နေရာဒေသတိုင်းရှိ အမျိုးသမီးများနှင့် အလုပ်လုပ်သည့် အဖွဲ့ဖြစ်သည်။ အဖွဲ့အစည်းအသီးသီးတွင်အမျိုးသမီးဘဝဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အကူဖြစ်စေသည့် လုပ်ထုံးလုပ်နည်းများ ပေါ်ပေါက်လာအောင်လှုပ်ရှားဆောင်ရွက်သည့်အဖွဲ့ဖြစ်သည်။

**တက်ရောက်သူအမျိုးသမီးမှ ၄င်းတို့၏ အလုပ်အကိုင်များကိုမိတ်ဆက်ကြခြင်း**

– နိုက်ကလပ်၊ အီတလီစားသောက်ဆိုင်၊ ပုဇွန်ရုံ
– အထည်စက်ရုံ၊ တောင်ယာ၊ ဗီဇာလုပ်တဲ့ကုမ္ပဏီ

**တယောက်ချင်းစီမှ ၄င်းတို့အတွက် အရေးကြီးဆုံးအခွင့်အရေးကိုပြောပြခြင်း**

– လုံခြုံရေး(ကာကွယ်မှုရပိုင်ခွင့်)၊ အလုပ်ရပိုင်ခွင့်၊ ကျန်းမာရေးစောင့်ရှောက်ရရှိခွင့်။
– လွတ်လပ်စွာသွားလာခွင့်၊ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်။
– ပညာသင်ကြားခွင့်၊ နားရက်၊ လူမှုဖူလုံမှုဘဝ။
– လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်။
– လွတ်လပ်စွာ ပြောဆိုခွင့်၊ စွမ်းရည်မြှင့်တင်မှု (ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု)။
– လွတ်လပ်စွာ စည်းရုံးပါဝင်ခွင့်၊ လွတ်လပ်စွာ စုဝေးစည်းရုံးခွင့်။
– နိုင်ငံသားဖြစ်ခွင့်၊ ငွေ၊ တန်းတူညီမှု၊ ညှဉ်းပမ်းနှိပ်စက်မှုမှ လွတ်မြောက်ခွင့်။
– သင့်တင့်လျောက်ပတ်တဲ့အလုပ်ချိန်ကို သီးသန်သတ်မှတ်ပေးဖို့။
– လွတ်လပ်စွာဆက်သွယ်ခွင့်၊ သတင်းအချက်အလက်စုဆောင်း ခွင့်၊ ဗဟုသုတရရှိခွင့်။

**အုပ်စုသုံးစုခွဲ၍ ထိုင်းနိုင်ငံတွင်းအလုပ်လုပ်နေသည့် ရွှေ့ပြောင်းအလုပ်သမားများ ရင်ဆိုင်နေရသည့် အခက်အခဲများကို ဆွေးနွေးခြင်း**

# (၁၀) ကြိမ်မြောက်နှစ်ပတ်လည်အမျိုးသမီးနှိုးနှော့ဖလှယ်ပွဲ မှတ်တမ်း

**အဖွဲ့ (၁)**

- လွတ်လပ်စွာရေးသားပိုင်ခွင့်မရှိဘူး (ပိတ်ပင်ခံရ)
- လွတ်လပ်စွာသွားလာပိုင်ခွင့်မရှိဘူး (ယဉ်ကျေးမှုအရ အမျိုးသမီးဖြစ်တဲ့အပေါ် မိဘတွေပိတ်ပင်ခံရ)
- လွတ်လပ်စွာပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်မရှိဘူး (အာဏာပိုင်တွေကသိမ်းဆည်း)
- လွတ်လပ်စွာ ဝတ်စားဆင်ယဉ်ခွင့်မရှိဘူး (ယဉ်ကျေးမှုအရ)
- လွတ်လပ်စွာပညာသင်ကြားခွင့်မရှိဘူး (ကျောင်းစရိတ်ကြီး၊ အစိုးရတွေက ထောက်ပံ့ပေးတာမရှိ)

**အဖွဲ့ (၂)**

- လွတ်လပ်စွာပြောဆိုပိုင်ခွင့်မရှိဘူး (ဥပမာ –နိုင်ငံရေးအကြောင်းပြောမိရင် ထောင်ကျခံရတယ်)
- လွတ်လပ်စွာ စည်းရုံးပိုင်ခွင့်မရှိဘူး (ဥပမာ–ရွှေဝါရောင်တော်လှန်းရေးမှာ ကျောင်းသား ၅ ယောက်ထက်ပိုမစုရဘူး)
- လွတ်လပ်စွာသွားလာခွင့် မရှိဘူး (အစစ်အဆေးတွေများ)
- လွတ်လပ်စွာ ကျန်းမာရေးကုသခွင့် မရှိဘူး (ဆင်းရဲ၊ ချမ်းသာပေါ်မူတည်ပြီးခွဲခြား၊ လက်မှတ်ရှိသူ၊ မရှိသူပေါ်မူတည်ပြီး ဆေးကုသခွင့်ခက်ခဲ)

**အဖွဲ့ (၃)**

- လွတ်လပ်စွာ ကျန်းမာရေးစောင့်ရှောက်မှု မရှိဘူး (ဆေးရုံမှာ ဆေးမရှိ၊ ငွေကြေးအခက်အခဲဖြစ်)။
- လုပ်အားခလစာ အပြည့်အဝမရဘူး (ဥပဒေထဲမှာပဲ ပြဋ္ဌာန်းထားတယ် လက်တွေ့ကျင့်သုံးပိုင်ခွင့်မရှိဘူး)။
- ယာယီလက်မှတ်လုပ်ဆောင်ထားပေးပေမယ့် လွတ်လွတ်လပ်လပ်သွားလာလို့မရဘူး။
- ဘဝလုံခြုံမှုမရှိ၍ လွတ်လပ်စွာသက်ရှင်နေထိုင်ပိုင်ခွင့်မရှိ။

**ဒီအခွင့်အရေးတွေကို ရရှိဖို့ ဘယ်သူ့မှာတာဝန်ရှိသလဲဆိုတာကို သရုပ်ဖော်ဇတ်လမ်းနဲ့ လုပ်ဆောင်သွားရန်။ ပြဿနာအများကြီးထဲမှာမှ တခုကိုရွေးပြီး သရုပ်ဖော်ပါ။**

- ပါဝင်တက်ရောက်သူထဲမှ အမျိုးသမီး ၈ ယောက်သည် လုံခြုံမှုနဲ့ပတ်သက်၍ ဖဲဝိုင်း၊ ရဲ၊ အလုပ်ရှင်ကကောင်မလေး ထိကပါးရိကပါးလုပ်နေတဲ့ သရုပ်ဖော်ခြင်း။
- ပါဝင်တက်ရောက်သူထဲမှ အမျိုးသမီး ၈ ယောက်သည် လုပ်ငန်းခွင်အတွင်း အလုပ်သမားများ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ ကာကွယ်မှုမရရှိပုံကို သရုပ်ဖော်ခြင်း။

**သရုပ်ဖော်မှုများအပေါ် တက်ရောက်သူများမှ ဆွေးနွေးခြင်း**

- အလုပ်သမားတွေအနေနဲ့ အလုပ်ရှင်ရဲ့ အမူအကျင့်တွေပြောင်းဖို့မလွယ်ကူဘူး။ (နှာဘူးကျတဲ့သူက နှာဘူးကျမှာပါပဲ)
- လက်တွေ့အခြေအနေအရ ပြောင်းလဲဖို့ကြိုးစားတဲ့နေရာမှာ တချို့အစိုးရဌာနတွေကိုယ်တိုင် ခံရတဲ့အမျိုးသမီးတွေကိုတောင် ပြန်နှောက်ယှက် အမြတ်ထုတ်တဲ့အရာမျိုးလည်းရှိတယ်။

**အခြားလူမှုအဖွဲ့အစည်းများအပြင် အမျိုးသမီးတွေကို ကာကွယ်ပေးဖို့ ဘယ်သူတွေရှိလဲ**

- ကိုယ်တိုင်လည်း တောင်းဆိုဖို့လိုတယ်။
- အစိုးရ၊ အလုပ်ရှင်၊ ရဲ၊ ဥပဒေ။
- လူထုအခြေပြုအဖွဲ့အစည်းများ။
- အိမ်နီးချင်းနိုင်ငံများ။
- နိုင်ငံတကာအဆင့် ကုလသမဂ္ဂ၊ အာစီယံ။

မိမိအနေဖြင့် အခွင့်အရေးချိုးဖောက်ခံရလျှင် အကယ်၍ နီးစပ်ရာအကူအညီတောင်း၍ မရသည့်အခါ အစိုးရအဆင့်တက်၍ အကူအညီတောင်းခြင်း၊ အကယ်၍ အစိုးရအဆင့်လည်း မကူညီပဲ လျစ်လျူရှုထားလျှင် နိုင်ငံတကာအဆင့်တက်၍ အကူအညီတောင်းလို့ရသည်။ အထူးသဖြင့် အာစီယံမှာ မိမိတို့၏အခွင့်အရေးများကို ကာကွယ်စောင့်



ရှောက်ပေးရန်တာဝန်ရှိတယ်။ လုပ်ငန်းစဉ်များမှာ ကြာသော်လည်း မိမိတို့၏အခွင့်အရေးများအတွက် အာစီယံတွင် တာဝန်ရှိသည်ကို သိထားရန်လိုအပ်သည်။

**အာစီယံအကြောင်းဆွေးနွေးခြင်း**

အာစီယံတွင် နိုင်ငံပေါင်း ၁၁ နိုင်ငံရှိပြီး ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ မြန်မာ၊ ကမ္ဘောဒီယား၊ အရှေ့တီမော၊ လာအို၊ ဗီယက်နမ်နှင့် ဘရူနိုင်းနိုင်ငံတို့ဖြစ်သည်။ မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်တွင် အာစီယံနိုင်ငံအဖြစ်ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။ အာစီယံ၏ဌာနချုပ်မှာ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တွင်တည်ရှိသည်။

အင်အားကြီးနိုင်ငံများစိုးမိုးမှု၊ လွှမ်းမိုးမှုနှင့် တရုတ်နိုင်ငံ၏ လွှမ်းမိုးမှုကို ကာကွယ်ရန်အတွက် ၁၉၆၇ ခု နှစ်တွင် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဖိလစ်ပိုင်၊ စင်္ကာပူနှင့် အင်ဒိုနီးရှားနိုင်ငံတို့မှ ဘန်ကောက်၌ ဘန်ကောက်ကြေညာစာတမ်းကို လက်မှတ်ရေးထိုးပြီး အာစီယံအဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အာစီယံ၏ ဦးတည်ချက်များမှာ စီးပွားရေး၊ ငြိမ်းချမ်းရေးနှင့် လွတ်မြောက်ရေးဖြစ်သည်။ အာစီယံ၏ ဖွဲ့စည်းမှုနှင့် ပါဝင်သောအစိုးရများကို ကြည့်ခြင်းအားဖြင့် အာစီယံတွင် အမျိုးသမီးများ ပါဝင်မှုမရှိပဲ အမျိုးသားများ၏ ဆုံးဖြတ်ချက်နှင့်သာ အစပြုခဲ့ကြောင်းလည်း သုံးသပ်နိုင်သည်။ ထို့ပြင် အာစီယံတွင် ပြည်တွင်းရေးများကို ဝင်ရောက်စွက်ဖက်ခြင်းမပြုရေးမူကို ကျင့်သုံးသည်။

**၂၀၁၀ ခုနှစ်၊ အာစီယံရည်မှန်းချက်**

- ၂၀၂၀ ခုနှစ်မှာ အာစီယံဟာ နိုင်ငံသားကို အခြေပြုတဲ့ဝန်းကျင်တခု စနစ်တခု ဖွဲ့စည်းဖို့ရည်မှန်းထား ပါတယ်။
- အာစီယံဒေသမှာ လူချမ်းသာကပဲ အကျိုးကျေးဇူးခံစားရတာမဟုတ်တဲ့ ကျေးလက်ဒေသက လူတွေပါ ခံစားရတာမျိုးဖြစ်ချင်တယ်။

**အာစီယံပဋိဉာဏ်စာတမ်း** (ASEAN Charter)

- စာတမ်းအတွင်းတွင်အာစီယံအဖွဲ့ဝင်နိုင်ငံများလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ထည့်သွင်းဖော်ပြထားသည်။
- အခန်း ၁၄ တွင် အာစီယံအဖွဲ့ဝင်နိုင်ငံအားလုံးသည် နိုင်ငံသားအားလုံး၏ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ပေးရန် တာဝန်ရှိကြောင်း ရေးသားထားသည် ဤအချက်ကိုကြည့်ခြင်းအားဖြင့် မိမိတို့၏ လူ့အခွင့်အရေးများ ပြည့်ပြည့်ဝဝခံစားရရန် အာစီယံ ၁၀ နိုင်ငံလုံးတွင်တာဝန်ရှိကြောင်း အတိအလင်းဖော်ပြထားသည်။
- နိုင်ငံသားများ၏ လူ့အခွင့်အရေးကို ကာကွယ်ပေးရန် အာစီယံတွင် ဌာန ၃ ခုဖွဲ့ထားသည်။ ၄င်းတို့မှာ (၁)လူ့အခွင့်အရေးဆိုင်ရာကော်မရှင် (AICHR) (၂) အမျိုးသမီးနှင့် ကလေးသူငယ်များ၏ အခွင့်အရေးကိုကာကွယ်မြှင့်တင်ပေးရေးကော်မရှင်(ACWC) နှင့် (၃) ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေး ကာကွယ်မြှင့်တင်ပေးရေး ကော်မရှင် (ACMW) တို့ဖြစ်သည်။ ဤဌာနတခုချင်းစီကို အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်တဦးစီဖြင့် ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သည်။ ထိုသက်ဆိုင်ရာအစိုးရ ကိုယ်စားလှယ်များမှ ၄င်းတို့၏အစိုးရအား လူ့အခွင့်အရေး၊ အမျိုးသမီးအခွင့်အရေးနှင့် အလုပ်သမားအခွင့်အရေးများဆိုင်ရာ ကာကွယ်ပေးမှုများရှိစေရန် ဖိအားပေးတိုက်တွန်းကြရသည်။

**၁။ အာစီယံလူ့အခွင့်အရေးဆိုင်ရာ ကော်မရှင်** (AICHR)

အာစီယံ လူ့အခွင့်အရေးကော်မရှင်ကို ၂၀၀၉ ခုနှစ်ကနေစပြီးဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင် ၁၀ နိုင်ငံမှ တစ်နိုင်ငံလျှင်ကိုယ်စားလှယ်တစ်ဦးဖြင့် ကိုယ်စားလှယ်ပေါင်း ၁၀ ဦးဖြင့် ဖွဲ့စည်းထားသည်။ ဤကော်မရှင်မှ သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံတွင်းမှ လူ့အခွင့်အရေးအခြေအနေများဆိုင်ရာ အစီရင်ခံစာတင်ရန်အတွက် အစိုးရထံတွင် အချက်အလက်များ တောင်းခံနိုင်ပြီး အချက်အလက်များအပေါ် အခြေခံ၍ သက်ဆိုင်ရာအစိုးရအား အကြံပြုချက်ပေးခြင်း၊ ၄င်းတို့၏မူဝါဒများအပေါ် ဖိအားပေးခြင်းတို့ကို လုပ်ဆောင်နိုင်သည်။ အာစီယံလူ့အခွင့်အရေးကော်မရှင်တစ်ခုလုံးအား ခြုံငုံသုံးသပ်ကြည့်လျှင်အမျိုးသမီးအခွင့်အရေးကို သီးသန့်အလေးထားအာရုံစိုက်ခြင်းမရှိပေ။

**၂။ အမျိုးသမီးနှင့် ကလေးသူငယ်များ၏ အခွင့်အရေးကို ကာကွယ်မြှင့်တင်ပေးရေးကော်မရှင်** (ACWC)

အမျိုးသမီးနှင့် ကလေးသူငယ်များ၏အခွင့်အရေးကို ကာကွယ်မြှင့်တင်ပေးရေးကော်မရှင်ကို ၂၀၁၀ ခုနှစ်တွင် စတင်ဖွဲ့စည်းထားပြီး အဖွဲ့ဝင် ၁၀ နိုင်ငံမှ အစိုးရကိုယ်စားလှယ် ၂၀ ဦးဖြင့် ဖွဲ့စည်းထားသည်။ ဤကော်မရှင်သည် အဖွဲ့ဝင် ၁၀ နိုင်ငံမှ လက်မှတ်ထိုးထားသည့် ကလေးအခွင့်အရေးနှင့် အမျိုးသမီးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်များကို အကောင်ထည်ဖော်မှုရှိမရှိ စောင့်ကြည့်အကဲ

ခတ်နိုင်သည်။ ဆုံးဖြတ်ချက်ချတိုင်းတွင် အမျိုးသမီးများ၏ အသံနှင့် ကလေးငယ်များ၏ အခြေအနေများ၊ အသံများ ထင်ဟပ်ပေါ်လွင်စေရန်လုပ်ဆောင်ပေးသည့်အဖွဲ့ဖြစ်သည်။ ဤကော်မရှင်အနေဖြင့် အမျိုးသမီးနှင့် ကလေးငယ်များကို ကာကွယ်မြှင့်တင်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒများချမှတ်အကောင်အထည်ဖော်ရန်အတွက် သက်ဆိုင်ရာအစိုးရအား အကြံပြုချက်များပေးနိုင်သော်လည်း နိုင်ငံအတွင်းသို့ တိုက်ရိုက်လုပ်ဆောင်၍မရပေ။ ဤကော်မရှင်သို့ အမျိုးသမီးများအနေဖြင့် တိုက်တွန်းစာများ ပို့ဆောင်နိုင်သည်။ သို့သော် ဤအဖွဲ့သည် ရွှေ့ပြောင်းအမျိုးသမီးများနှင့်ပတ်သက်၍ အာရုံစိုက်လုပ်ဆောင်ခြင်းမျိုးမရှိပေ။

**၃။ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေး ကာကွယ်မြှင့်တင်ပေးရေးကော်မရှင် (ACMW)**

ဤဌာနကို ၂၀၀၇ တွင် အာစီယံ ၁၀ နိုင်ငံမှ ခေါင်းဆောင်များတွေ့ဆုံပြီးနိုင်ငံတကာအလုပ်သမားကြေညာစာတမ်းကို လက်မှတ်ထိုးခဲ့ကြတဲ့အတွက် ဤဌာနကို ၂၀၀၇ ၌ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ဤကော်မရှင်အနေဖြင့် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံတကာ အလုပ်သမားကြေညာစာတမ်းပါအချက်များကို လိုက်နာဆောင်ရွက်ခြင်းရှိမရှိ စောင့်ကြည့်စစ်ဆေးနိုင်သည်။ ဤကော်မရှင်မှတဆင့် ဒေသတွင်းဖြစ်ပွားနေသည့် အလုပ်သမားအခြေအနေများဆိုင်ရာ သတင်းအချက်အလက်များကောက်ခံ၍ တင်ပြနိုင်သည်။

ထို့ကြောင့် အလုပ်သမားများအနေဖြင့် ဤကော်မရှင်နှင့် ဆက်စပ်လုပ်ဆောင်ရန်၊ သတင်းအချက်အလက်ပေးရန် အတွေ့အကြုံများလိုအပ်သလို ဤအဖွဲ့နှင့်လည်း ရင်းနှီးမှုရှိရန် အထူးပင်လိုအပ်သည်။

အုပ်စု ၃ စုခွဲ၍ အာစီယံရှိ ဌာန ၃ ခုမှ အစိုးရကိုယ်စားလှယ်များနှင့်တွေ့လျှင် သက်ဆိုင်ရာအစိုးရများသို့ သိစေချင်သည့် အချက်များကိုဆွေးနွေးခြင်း။

**လူ့အခွင့်အရေးဆိုင်ရာ ကော်မရှင် (AICHR)**

- အစိုးရက နိုင်ငံသားအားလုံးရဲ့ အခြေခံအခွင့်အရေးတွေကို ကာကွယ်ပေးဖို့နဲ့ မြှင့်တင်ပေးရန်။
- သက်ကြီးရွယ်အိုအားလုံးအတွက် ထောက်ပံ့ရန်။
- အစိုးရအနေနဲ့ ချမှတ်ထားတဲ့ ပေါ်လစီ ဥပဒေတွေကို လိုက်နာပေးရန်။

**အမျိုးသမီးနှင့် ကလေးသူငယ်များ၏ အခွင့်အရေးကို ကာကွယ်မြှင့်တင်ပေးရေးကော်မရှင် (ACWC)**

- ကလေးတိုင်း အခမဲ့ ပညာသင်ခွင့်ရရှိသင့်သည်။
- ဆေးရုံဆေးခန်းမှာအခမဲ့ဆေးဝါးကုသခွင့်ရရှိသင့်သည်။
- အမျိုးသမီးတွေ လွတ်လပ်စွာပါဝင်လုပ်ဆောင်နိုင်ခွင့်ကို သေချာစေရန်။

**ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေး ကာကွယ်မြှင့်တင်ပေးရေးကော်မရှင် (ACMW)**

- ရွှေ့ပြောင်းအလုပ်သမားတွေအတွက် နိုင်ငံတကာအဆင့်မှီ ရသင့်ရထိုက်တဲ့ အခြေခံအခွင့်အရေးတွေ တန်းတူရခွင့် (သူတို့နိုင်ငံသားတွေနည်းတူ)
- ဥပဒေတွေကို ထိထိရောက်ရောက် အရေးယူပေးရန်
- လုံခြုံရေးနဲ့ လွတ်လပ်စွာပြောဆိုပိုင်ခွင့် အာမခံချက်ပေးရန်။ ❑



# ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်အမျိုးသမီး နှင့် ကလေးများ၏ အခြေအနေ

ဦးဆောင်ဆွေးနွေးသူ –
ကရင်အမျိုးသမီးအစည်းအရုံးမှ နော်ကညောဖော၊ ဂျေဂျေ

ဤအလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာသူအမျိုးသမီးများအနေဖြင့် ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည်အမျိုးသမီးများ၏ အခြေအနေများကို သိရှိစေရန်ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ ဆွေးနွေးပွဲတွင် ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည်များဖြစ်ရသည့်အကြောင်းအရင်းနှင့် ၎င်းတို့၏ အခြေအနေများ၊ ဒုက္ခသည်စခန်းတွင်းမှ ဒုက္ခသည်များနှင့်ကွာခြားချက်၊ ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများနှင့်ပြည်တွင်း ရွှေ့ပြောင်းဒုက္ခသည်အမျိုးသမီး၏အခြေအနေများ အပေါ် နှိုင်းယှဉ်သုံးသပ်ချက်များကို အတူတကွ ဆွေးနွေးခဲ့ကြသည်။

**ဘယ်သူတွေက ပြည်တွင်းရွှေ့ပြောင်း ဒုက္ခသည်တွေလဲ**

– ပြည်တွင်းမှာ အစိုးရကနေပြီး ရွာမီးရှို့ဖျက်ဆီးပြီး အတင်းမောင်းထုတ်ခံရသူများ။
– စစ်တွင်းမှာ တခြားနေရာမှာ ရှောင်နေရတဲ့ ဒုက္ခသည်တွေ။
– ပေါ်တာဆွဲခံရမှာစိုးလို့ ရှောင်နေတဲ့သူတွေ။
– မိုင်းရှင်းလူသားဖြစ်ရမှာစိုးတဲ့သူတွေ။
– စစ်သားလုပ်ရမှာစိုးလို့ ထွက်ပြေးတဲ့သူတွေ။
– ရွာထဲဝင်ပြီး မုဒိမ်းကျင့်ခံရမှာစိုးလို့ ထွက်ပြေးတဲ့သူတွေ။
– လူမျိုးရေးကြောင့် ဖိနှိပ်ချုပ်ချယ်ခြင်းခံရတဲ့သူတွေ။
– ရွာသူရွာသားတွေ၊ တိုင်းရင်းသားတွေ။
– အစိုးရရဲ့ မူဝါဒတွေကို မကြိုက်လို့ ထွက်ပြေးလာရသူ၊ အစိုးရကို ပုန်ကန်သူတွေ။

**ရွှေ့ပုန်းရွှေ့ရှောင်ဒုက္ခသည်များ (IDP) ဖြစ်ရသည့် အကြောင်းအရင်းများ**

– စစ်ဘေး။
– စီးပွားရေး။
– ရေကာတာတည်ဆောက်ခြင်း။
– နိုင်ငံရေးမတည်ငြိမ်ခြင်း။
– ပညာရေးလွတ်လွတ်လပ်လပ်သင်ကြားခွင့်မရှိခြင်း။
– လွတ်လပ်စွာကိုးကွယ်ယုံကြည်မှု လွတ်လပ်စွာ မရှိခြင်း။
– သဘာဝဘေးအန္တရာယ်။
– လယ်ယာမြေတွေကို အတင်းအဓမ္မသိမ်းဆည်းခြင်း။
– စစ်အာဏာရှင်စနစ် (စစ်သားတွေက ပြည်သူတွေကို နှိပ်စက်တဲ့အတွက်)။
– အခွန်အဆမတန် ကောက်ခံခြင်း။

Burma Issue မှထုတ်သည့် ပြည်တွင်းရွှေ့ပုံရွှေ့ရှောင်ဒုက္ခသည်များ (IDP) ၏ ဘဝအခြေအနေများ ရိုက်ကူးထား သည့် မှတ်တမ်းတင်ဗွီဒီယိုခွေကိုကြည့်ခြင်းနှင့် ဆွေးနွေးခြင်း

**မှတ်တမ်းခွေနှင့် ပတ်သက်၍ အမေးအဖြေ**

မေး ။ ။ လူတွေ ဘာကြောင့် တန်းစီပြီး လျှောက်ကြတာလဲ၊ နောက်ပြီးဘာလို့တစောင်းကြီးလျှောက်ရတာလဲ။

ဖြေ ။ ။ တန်းစီပြီးလျှောက်တာက မိုင်းနင်းမိမှာစိုးလို့ပါ။ တစောင်းလျှောက်တာကတော့ ဗမာစစ်သားလာမလာ လှမ်းကြည့်ရခြင်းဖြစ်ပါတယ်။

မေး ။ ။ ခြေထောက်ပြတ်သွားတာကို ဘယ်လိုပြန်ကုလဲ။

ဖြေ ။ ။ IDP တွေနေတဲ့နေရာမှာ အရေးပေါ်ဆေးကုသတဲ့ အဖွဲ့ (Free Burma Rainger) ဆိုတာတယ်၊ အဲဒီအဖွဲ့မှာ အလုပ်လုပ်တဲ့သူတွေကို မဲဆောက်မှာ သင်တန်းပေးတယ်၊ တချို့အကူအညီ အမြန်မရတဲ့ သူတွေလည်းသေဆုံးကြပါတယ်။

မေး ။ ။ ဆန်ကို ဘယ်သူတွေကပေးတာလဲ။

ဖြေ ။ ။ ဆန်မဟုတ်ဘူး။ စပါးတွေပါ။ စပါးကျည်တွေထဲစပါးတွေကို သိုလှောင်ထားရတယ်။ ဒါတောင်မှ စစ်သား

တွေ ဖျက်ဆီးခြင်းမခံရတဲ့ စပါးကျည်ကမှ စပါးတွေကိုဝေမျှစားကြရတယ်။

မေး ။ ။ နယ်စပ်မှ ထွက်လာချိန်တွင် လှေစီးတာတွေ့ရတယ် ဘယ်သူက စီစဉ်ပေးတာလဲ။

ဖြေ ။ ။ ထိုင်းအစိုးရက စီစဉ်ပေးတာမဟုတ်ဘူး။ မြန်မာပြည်ထဲတွင်ရှိသော IDP ကရင်လူထုအခြေပြုအဖွဲ့အစည်းတွေက စီစဉ်ပေးတာဖြစ်ပါတယ်။ IDP က နေဒုက္ခသည်စခန်းသို့လာတဲ့နေရာမှာ ဒုက္ခသည်က လူကြီးတွေက စီစဉ်ပေးတာဖြစ်တယ်။

မေး ။ ။ ပြေးနေတဲ့ထဲမှာ ကလေးတွေများတယ်။ ကလေးတွေရဲ့ ပညာရေးကိုရော ရှေ့ဆက်သွားဖို့ဘယ်လိုများ အစီအစဉ်တွေရှိပါသလဲ။

ဖြေ ။ ။ အများစုသော ကလေးအတွေဟာ ပညာမသင်ရပါဘူး။ ပညာသင်ခဲ့ဖူးသူတွေက သူတို့တတ်ထားတာလေးတွေကို တဆင့်ပြန်ပြီး သင်ပေးကြတယ်။

မေး ။ ။ ဘာလို့စာမတတ်တာလဲ၊ ပြောင်းရွှေ့ရင်းနဲ့ သင်လို့မရဘူးလား။


ဖြေ ။ ။ အခြေအနေပေါ် မူတည်တယ်။ တချို့က နှစ်နဲ့ချီပုန်းနေရရင်တော့ ကျောင်းတွေဖွင့်ဖို့အတွက် စီစဉ်ပြုလုပ်ကြပါတယ်။ တနှစ်အတွင်းမှာ ၃ လေးကြိမ်လောက်ပြေးရင်စာသင်လို့အဆင်မပြေဘူး။ဒါပေမဲ့ အိုင်ဒီပီဖြစ်ပြီဆိုရင် ပထမဆုံးက လုံခြုံရေး၊ ဒုတိယက အစားအစာနှင့်ကျန်းမာရေး ပြီးမှ ပညာရေးကို ဦးစားပေးလို့ရတယ်။

မေး ။ ။ အဲဒီထဲမှာ ကရင်လူမျိုးတွေချည်းပဲလား။

ဖြေ ။ ။ မြန်မာနိုင်ငံအရှေ့ပိုင်းက နယ်စပ်တွေကတိုက်ပွဲဖြစ်တဲ့နေရာတွေမှာ ကရင်၊ ရှမ်း ပအို့တွေရှိကြတယ်။ ဒါပေမဲ့ ဒုက္ခသည် ၉ ခုထဲမှာ ကရင်ဒုက္ခသည်တွေက ပိုများတယ်။ ကယား၊ ကရင်၊ ကချင်၊ ရှမ်း၊ မွန်၊ ထားဝယ်လူမျိုးတွေကတော့ အိုင်ဒီပီထဲမှာ အများဆုံးပါပဲ။

မေး ။ ။ အခုလက်ရှိ အိုင်ဒီပီတွေကို ဘယ်သူတွေကကူညီနေလဲ၊ မှတ်တမ်းရိုက်တဲ့သူတွေကို ဘယ်သူက ကူညီပေးလဲ။ အကူညီပေးတဲ့ အဖွဲ့မရှိဘူးလား။

ဖြေ ။ ။ Free Burma Ranger အဖွဲ့လို့ခေါ်တဲ့ နယ်လှည့်ကျောပိုးအိတ်အဖွဲ့က ကူညီနေတယ်၊ စီဘီအိုအဖွဲ့တွေက IDP နယ်တွေဆင်းပြီး ကူညီဖို့ကြိုးစားတယ်။ ဒါပေမဲ့ မရောက်နိုင်တဲ့နေရာတွေလည်းရှိတယ်။ ကရင်အမျိုးသမီးအစည်းအရုံးအဖွဲ့လည်းသွားတယ်၊ တခြားလူထုအခြေပြုအဖွဲ့တွေလည်းကူညီကြတယ်။ IDP ကို အန်ဂျီအိုတွေက တိုက်ရိုက်ကူညီလို့မရဘူး၊ လူထုအခြေပြု လူ့အဖွဲ့အစည်းတွေက ကူညီပေးတာများတယ်။ ဘာသာရေး အလှူရှင်တွေ၊ တယောက်ချင်းအလှူရှင်တွေ၊ နိုင်ငံခြားရောက်နေတဲ့သူတွေ IDP အကြောင်းကြားရင် ချက်ချင်းကူညီတယ်။ ဒုက္ခသည်နဲ့ IDP (ပြည်တွင်းရွာပုန်းရွာရှောင်ဒုက္ခသည်များ) ကိုယှဉ်ကြည့်



ရင် အိုင်ဒီပီကို လူတွေပိုပြီး ကူညီကြတယ်။ ဥရောပနိုင်ငံတွေက IDP ကို ပိုပြီး ကူညီချင်ကြတယ်။ Free Burma Ranger ကလည်း အလှူရှင်တွေ သီးသန့်ရှိတယ်။

မေး ။ ။ ပြည်တွင်းမှာ အိုင်ဒီပီဘယ်လောက်လောက်ရှိလဲ

ဖြေ ။ ။ ၅သိန်းလောက်ရှိတယ်။ မြန်မာပြည်ဘက်မှာလည်း အိုင်ဒီပီတွေအတွက် ကူညီပေးတဲ့စခန်းရှိတယ်။ဒုက္ခသည်စခန်းကို လာခွင့်မရှိရင် အဲဒီစခန်းက ကူညီပေးတယ်။ ကယား၊ ကရင်၊ ရှမ်း လူမျိုးတွေမှာတော့ အနည်းငယ်ရှိကြပါတယ်။

မေး ။ ။ သူတို့တွေက ဒုက္ခသည်စခန်းကို ဘာကြောင့်မလာတာလဲ၊ ဘာလို့ဝင်ခွင့်မပြုတာလဲ။

ဖြေ ။ ။ ထိုင်းကဝင်ခွင့်မပေးတဲ့အတွက် တောထဲမှာပဲလိုက်ပုန်းနေရတယ်။ ထိုင်းအစိုးရရဲ့မူဝါဒနဲ့ အများကြီးဆိုင်တယ်။ ထိုင်းက မြန်မာအစိုးရနဲ့ စီးပွားရေးအရဆက်စပ်မှုတွေရှိနေတဲ့အတွက်ကြောင့် သူတို့ရဲ့မူဝါဒတွေက ပိုပြီးတင်းကြပ်လာတယ်၊ ပြီးတော့ ဒုက္ခသည်တွေကိုလက်ခံပြီဆိုရင် ပြန်ပို့ဖို့ခက်တဲ့အတွက်တော်ရုံလက်မခံတော့ဘူး။ တီဘီဘီစီတို့လို အန်ဂျီအိုတွေက ကူညီချင်ပေမယ့်လည်း ထိုင်းမူဝါဒက ပိုပြီးတင်းကြပ်လာတယ်။ နယ်စပ်တလျှောက်မှာ ဒုက္ခသည် ၁ သိန်း ၄ သောင်းမှာ ၈ သောင်းပဲ တရားဝင်သတ်မှတ်ထားတယ်။

မေး ။ ။ ပြည်တွင်းစစ်က မအေးသေးဘူးဆိုတော့ဘုရားသုံးဆူက ဒုက္ခသည်တွေပြန်ပို့ဖို့နဲ့ သူတို့အတွက် ဘယ်လိုစဉ်းစားချက်တွေရှိလာမလဲ၊ တရားဝင်ကဒ်တွေလုပ်ပေးဖို့ အခြေအနေရှိလား။

ဖြေ ။ ။ ထိုင်းနိုင်ငံက ဒုက္ခသည်နဲ့ပတ်သက်ပြီး ဘာလက်မှတ်မှ မထိုးထားဘူး။ ဒါပေမဲ့ လူသားချင်းစာနာထောက်ထားတဲ့အနေနဲ့ ကူညီတာတော့ရှိတယ်။ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးက ဘာအာဏာမှမရှိဘူး၊ ဒါပေမဲ့ ထိုင်းအစိုးရကလည်း သူတို့က အားလုံးကို လက်ခံမယ်လို့ စဉ်းစားမယ်ဆိုရင် မြန်မာ၊ ကမ္ဘောဒီးယားနယ်စပ်တလျှောက်က ဒုက္ခသည်တွေအကုန်လုံး အများကြီးဝင်လာမှာလည်း စိုးရိမ်ကြတယ်။ ကဒ်တွေလုပ်ပေးဖို့က သိပ်မရှိဘူး၊ ဒါပေမဲ့ လူထုအခြေပြုအဖွဲ့အစည်းတွေ၊ အန်ဂျီအိုတွေ တဖြည်းဖြည်း ဖိအားပေးရင်တော့ ပြောင်းလဲမယ့်အလားအလာတော့ နည်းနည်းလေးရှိတယ်။

**မှတ်တမ်းခွေကြည့်ပြီး ဘယ်လိုထင်ပါသလဲ၊ နောက်ပြီးဘယ်လိုခံစားရပါလဲ**

– အရမ်းအံ့သြတယ်၊ ဒီလိုလုပ်မယ်လို့ မထင်ခဲ့ဘူး။
– အစိုးရ တအားရက်စက်ရိုင်းစိုင်းတယ်ဆိုတာ ပိုသိလာတယ်။
– ကိုယ်ချင်းစာတယ်၊ သနားတယ်။
– ကိုယ်ကဒုက္ခဖြစ်ပြီထင်တာ၊ ကိုယ့်ထက် သူတို့က ပိုပြီးဒုက္ခရောက်နေတယ်။
– အမိုးမရှိ၊ အကာမရှိ၊ စားစရာမရှိတော့ သနားတယ်။ စိတ်မကောင်းဘူး။
– နိုင်ငံတော်အစိုးရက နိုင်ငံတကာစံချိန်စံညွှန်း ဥပဒေကို ချိုးဖောက်နေတယ်။
– လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်တယ်။
– အတင်းအဓမ္မ ပေါ်တာဆွဲခံရခြင်း၊ မတရားသဖြင့် သတ်ဖြတ်တာတွေခံရတယ်။
– ဆေးဝါးလုံလောက်မှုမရှိဘူး၊ ခြိမ်းခြောက်ခံရတယ်။ နေရာထိုင်ခင်းမရှိဘူး။
– လူကြီးတွေ ကလေးတွေမှာ လွတ်လပ်ခွင့်မရှိဘူး။ (မီးလည်း ထွန်းလို့မရ၊ ကလေးတွေလည်းငိုလို့မရ)
– ပေါ်တာဖမ်းခြင်းခံရတဲ့ ယောကျ်ားလေးတွေကို သူများ သတ်တာတွေရှိတယ်။ ခုနောက်ပိုင်း မိန်းကလေးတွေရော၊ ယောကျ်ားလေးတွေပါ ပေါ်တာဆွဲခြင်းခံရတယ်။

**ဒုက္ခသည်တွေက ဘယ်သူတွေလဲ**

– ရွာပုံးရွာရှောင်ဒုက္ခသည်နဲ့ ဒုက္ခသည်စခန်းက ဒုက္ခသည်တွေဟာ ထွက်ပြေးလာရတဲ့အကြောင်းအရင်းတွေကတော့အတူတူပဲ၊ ဒါပေမဲ့ ဒုက္ခသည်တွေက နယ်စပ်က ဒုက္ခသည်စခန်းတွေထဲမှာနေတဲ့သူတွေဖြစ်တယ်။
– မိမိနိုင်ငံတွင် နေထိုင်ခွင့်မရှိခြင်း၊ အိုးအိမ်ဖျက်စီးခံရခြင်း သို့မဟုတ် အကြောင်းအရာတခုခုကြောင့်ဖိနှိပ်ခံရ ခြင်းကြောင့် ထွက်ပြေးလာရတဲ့သူတွေဖြစ်တယ်။
– နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးကြောင့် တပါးနိုင်ငံကို ထွက်ပြေးလာရခြင်းဖြစ်တယ်။
– ဒုက္ခသည်စခန်းထဲမှာနေတဲ့သူတွေကို ဒုက္ခသည်လို့ သတ်မှတ်တာခံရတော့ သူများနိုင်ငံတွေမှာနေရတယ်။

## ရွှေ့ပြောင်းအလုပ်သမားတွေက ဘယ်သူတွေလဲ

- အခွန်ကောက်လို့၊ စီးပွားရေးမကောင်းလို့၊ နိုင်ငံရေးဖိနှိပ်ချုပ်ချယ်မှုကြောင့်သော်လည်းကောင်းပညာရေးကြောင့်သော်လည်းကောင်း တခြားနိုင်ငံသို့ ရွှေ့ပြောင်းပြီးအလုပ်လုပ်ကြတဲ့အလုပ်သမားတွေဖြစ်ပါတယ်။
- ရွှေ့ပြောင်းအလုပ်သမားတွေက အခြားနိုင်ငံရဲ့ လုပ်ငန်းခွင်တွေမှာ ပြောင်းရွှေ့လုပ်ကိုင်နေသူတွေ ဖြစ်တယ်။

## ရွှေ့ပြောင်းအလုပ်သမား၊ ဒုက္ခသည်များ၊ ပြည်တွင်းရွာပုန်းရွာရှောင် ဒုက္ခသည်များကြား ကွာခြားချက်

- ပြည်တွင်းရွာပုန်းရွာရှောင် ဒုက္ခသည်က မြန်မာပြည်တောတွင်းမှာနေတယ်။ နိုင်ငံအတွင်းမှာပဲလှည့်လည်ပုန်းအောင်းနေရတယ်။ နိုင်ငံရေးအမြင်မတူမှု၊ အစိုးရ၏တိုက်ခိုက်ခံရမှု၊ ပြည်တွင်းစစ်ကြောင့် ပြေးပုန်းနေရသူတွေဖြစ်တယ်။
- ဒုက္ခသည်တွေက အခြားနိုင်ငံဘက်ထဲမှာ ထွက်ပြေးခိုလှုံနေထိုင်တာဖြစ်တယ်။ ဘာသာရေးအရ၊ လူမျိုးရေးအရ၊ လူ့အခွင့်အရေးချိုးဖောက်မှုကြောင့် ထွက်ပြေးလာကြသူတွေဖြစ်သလို ပြည်တွင်း ရွာပုန်းရွာရှောင်ဒုက္ခသည်တွေကနေ ခိုလှုံခွင့်တောင်းခံကြသူတွေလည်းဖြစ်တယ်။
- ရွှေ့ပြောင်းအလုပ်သမားတွေက နိုင်ငံရေး၊ စီးပွားရေးလူမှုရေးအခြေအနေကြောင့် တခြားနိုင်ငံမှာ ပြောင်းရွှေ့အလုပ်လုပ်ကိုင်နေသူတွေဖြစ်တယ်။

## ဒုက္ခသည်တွေအပေါ် အဆိုးမြင်မှုများ

- အချောင်သမား၊ အခွင့်အရေးသမား၊ အကြံအဖန်သမား။
- နိုင်ငံခြားထွက်ချင်လို့ ဒုက္ခသည်စခန်းကိုလာကြတယ်။
- အလုပ်မရှိပဲ ကလေးပဲမွေးနေကြတယ်။
- အကြမ်းဖက်သမားတွေ။
- ကိုယ့်နိုင်ငံကိုတော့အထင်မကြီးပဲ သူများနိုင်ငံကို အထင်ကြီးပြီးထွက်လာသူတွေ (မျိုးချစ်စိတ်မရှိသူတွေ)



## အဆိုးမြင်ဆွေးနွေးချက်ကို ပြန်လည်ဆွေးနွေးခြင်း

- အချောင်သမား၊ အခွင့်အရေးသမားဆိုတာကို မှတ်တမ်းခွေတွေကိုကြည့်ခြင်းအားဖြင့် ပြေးလာတဲ့ဒုက္ခသည်ဆိုတာ အချောင်သမားလို့ ပြောလို့မရဘူး။ ဒုက္ခသည် မစစ်တဲ့သူတွေလည်း နေကြတယ်ဆိုတာမှန်ပေမယ့် တကယ့်ဒုက္ခသည်အစစ်တွေက သူတို့ရပ်သူတို့ရွာမှာပဲနေချင်ကြတယ်၊ နိုင်ငံခြားကိုတောင်မသွားချင်ကြဘူး။
- အလုပ်မလုပ်ပဲနေတဲ့သူတွေလို့လည်း ပြောလို့မရဘူး။ ဒုက္ခသည်စခန်းမှာ အလုပ်လုပ်ချင်လို့တောင်လုပ်ခွင့်မရှိကြဘူး။ ဒါပေမဲ့ ဒုက္ခသည်တွေက ထောက်ပံ့တဲ့ဆန်၊ ဆီ၊ ဆားကလွဲလို့ တခြားအစားအသောက်တွေရရှိဖို့ခက်ခဲတဲ့အတွက် အလုပ်မပေးလုပ်တဲ့ကြားက အလုပ်လုပ်ကြသူတွေအများကြီးရှိတယ်။ ပြီးတော့ တခြားလူထုအခြေအဖွဲ့အစည်းတွေမှာ လုပ်ကြသူတွေလည်း အများကြီးရှိကြတယ်။
- သူများနိုင်ငံကို အထင်ကြီးလို့ လာကြတဲ့ဒုက္ခသည်တွေမရှိဘူး။ သူတို့နယ်မြေတွေမီးရှို့ခံရလို့၊ မောင်းထုတ်ခံရလို့၊ ပြည်တွင်းစစ်ကြောင့်သာ သူတပါးနိုင်ငံမှာ ခိုလှုံနေကြရခြင်းဖြစ်တယ်။ ဒါပေမဲ့ နိုင်ငံခြားသွား

ချင်လို့ ဒုက္ခသည်စခန်းထဲ လာနေသူတွေလည်းရှိပြီး ဒုက္ခသည်အစစ်တွေနေရာမှာအစားထိုးပြီး နိုင်ငံခြားထွက်သွားတဲ့ သူတွေရှိတဲ့ အတွက် သေချာစိစစ်မှုတော့လုပ်သင့်တယ်။

– အရင်တုန်းကတော့ မျိုးဆက်ပွားပညာရေးတွေနည်းပါး တော့ ဒုက္ခသည်အတွင်းမှာ ကလေးတွေအများကြီးမွေးကြပေမယ့် အခုတော့ မျိုးပွားမှုဆိုင်ရာပညာပေးအစီအစဉ်တွေ အများကြီးရှိလာတဲ့အတွက် မိသားစုစီမံကိန်းတွေ လုပ်လာနိုင်ကြတယ်။

– အကြမ်းဖက်သမားတွေဆိုတာ အစိုးရက တမင်စွပ်စွဲခြင်းသာဖြစ်တယ်။

**ဒုက္ခသည်များအပေါ် အကောင်းမြင်ချက်များ**

– ဒုက္ခသည်စခန်းထဲရောက်ပြီဆိုတော့ ပြည်တွင်း ရွာပုန်းရွာရှောင်တွေလို ကြောက်စရာ၊ ပုန်းနေစရာမလိုတော့ဘူး။

– ပညာရေးအတွက် ပိုက်ဆံမကုန်ဘူး၊ ငွေကုန်ကြေးကျမရှိဘူး။ ဒါပေမဲ့ တရားဝင်အသိအမှတ်ပြုတဲ့ပညာရေးမရှိသလို ဒုက္ခသည်ကလေးတွေဟာ အထက်တန်းကျောင်းပြီးလို့ တက္ကသိုလ်ဆက်တက်ခွင့်မရှိဘူး။

– အသိပညာဗဟုသုတပေါတယ်။ ကျန်းမာရေးအတွက်လည်း ပိုက်ဆံမကုန်ဘူး

– စိတ်ဓာတ်ရေးရာ ကြံ့ခိုင်တယ်။

– ဒုက္ခသည်တွေကို သဘောထား အမြင်ကျဉ်းမြောင်းတယ်လို့ထင်ကြတယ်။ မသန်စွမ်းတဲ့လူတွေကိုဘယ်လိုပြုစုစောင့်ရှောက်မလဲဆိုတာကို သင်ကြားပေးတယ်။ ဒုက္ခသည်စခန်းမှာ ခေါင်းဆောင်ရွေးရင်ဒီမိုကရေစီနည်းကျ အသုံးပြုပြီးရွေးချယ်သွားတယ်။ လူ့အခွင့်အရေး၊ လိင်ကွဲပြားမှုအပေါ် မူတည်ပြီး ခွဲခြားဆက်ဆံတဲ့ အမြင်တွေကိုပပျောက်အောင် သင်ကြားပေးတယ်။

– အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေက အတတ်ပညာတတ်ကျွမ်းပိုင်းမှုဆိုင်ရာတွေမှာ ကူညီသင်ကြားထောက်ပံ့ပေးတယ်။ ဒါပေမဲ့ တော်တဲ့တတ်တဲ့လူတွေက တတိယနိုင်ငံကို ရောက်ရှိသွားတဲ့အတွက် လုပ်ငန်းတာဝန်ယူတဲ့နေရာမှာ အခက်အခဲဖြစ်တာမျိုးလည်းရှိတယ်။ ❑



# နှပျိုလန်းဆန်းခြင်းအစီအစဉ်များ

ဆွေးနွေးပွဲ ကာလအတွင်းတွင် တစ်နေ့တာ အစီအစဉ်များ၌ ပူးပေါင်းပါဝင်ဆွေးနွေးပြီး ညနေပိုင်း အလုပ်ရုံဆွေးနွေးပွဲများပြီးသည့်နောက် တက်ရောက်လာသောအမျိုးသမီးများအတွက် ညနေ ၃ နာရီခွဲမှ ၅ နာရီအတွင်းတွင်နှပျိုလန်းဆန်းခြင်းအစီအစဉ်ကို စီစဉ်ထားပေးပါသည်။ ၄င်းအစီအစဉ်တွင် မတူညီသောအစီအစဉ် ၆ ခုရှိပြီး တက်ရောက်သူအမျိုးသမီးများမှ ဆွေးနွေးပွဲကာလအတွင်း မိမိတို့ကြိုက်နှစ်သက်ရာအစီအစဉ်များတွင် နေ့စဉ်ညနေတိုင်းပူးပေါင်းပါဝင်ခဲ့ကြသည်။

**နှပျိုလန်းဆန်းခြင်းအစီအစဉ်များမှာ**

၁။ လက်မှုပညာ (ရင်ထိုးပြုလုပ်နည်း)။
၂။ ဗိုက်လှုပ်ကနည်း (Bellydancing)
၃။ အေရိုးဗစ်ကခြင်း။
၄။ ကိုယ်ခံပညာအခြေခံသင်ကြားခြင်း။
၅။ သစ်သီးဝလံအလှပြုလုပ်ခြင်း။
၆။ မြန်မာ့ရိုးရာအက။

**၁။ လက်မှုပညာ**

လက်မှုပညာအစီအစဉ် Dao (Studio Xang) အဖွဲ့မှ ဦးဆောင်၍ ရင်ထိုးပြုလုပ်နည်းကိုသင်ကြားပေးခဲ့သည်။ နေ့စဉ် ညနေတိုင်းတွင် တက်ရောက်သူအမျိုးသမီးများမှ ရင်ထိုးပြုလုပ်နည်းအခြေခံကို သင်ယူခဲ့ကြပြီး ၄င်းတို့ကြိုက်နှစ်သက်ရာ ရင်ထိုးအသီးသီးကိုလည်း ပြုလုပ်ဖန်တီးခဲ့ကြသည်။

**၂။ ဗိုက်လှုပ်ကနည်း** (Bellydancing)

ဗိုက်လှုပ်ကနည်းကို Rachael (Irrawaddy) သတင်းဌာနမှဦးဆောင်၍ သင်ကြားပေးခဲ့ပြီး တက်ရောက်သူ အမျိုးသမီးများမှ နေ့စဉ် ညနေတိုင်း အလှည့်ကျ ပါဝင်ခဲ့ကြပြီး ပျော်ရွှင်စွာ ကခဲ့ကြသည်။

**၃။ အေရိုးဗစ်ကခြင်း**

အေရိုးဗစ်အကကိုလည်း ယနှစ်များနည်းတူ ယခုနှစ်အမျိုးသမီးနိုးနှောဖလှယ်ပွဲကြီးတွင် နှပျိုလန်းဆန်းခြင်းအစီအစဉ်အောက်၌ထည့်သွင်းထားပါသည်။ အေရိုးဗစ်အကကို Khru Tip မှ သင်ကြားပေးခဲ့ပြီး တက်ရောက်သူအမျိုးသမီးများထဲမှ စိတ်ဝင်စားသူများက ပါဝင်ကခုန်ခဲ့ကြသည်။

**၄။ ကိုယ်ခံပညာအခြေခံသင်ကြားခြင်း**


ကိုယ်ခံပညာအခြေခံသင်တန်းကို ထိုင်းပုလိပ်တဦးမှ သင်ကြားပေးခဲ့ပြီး တက်ရောက်သူအမျိုးသမီးများထဲမှ စိတ်ဝင်စားသူများက နေ့စဉ်ပါဝင်ပူးပေါင်းခဲ့ကြသည်။ ကိုယ်ခံပညာသင်ကြားခြင်းတွင် အထူးသဖြင့် အမျိုးသမီးများအကြမ်းဖက်ခြင်းနှင့် နောက်ယှက်ခြင်းခံရလျှင် ကာကွယ်ရှောင်ရှားမည့်နည်းလမ်းများကို သင်ကြားပေးခဲ့သည်။

**၅။ သစ်သီးဝလံများကို အလှပုံဖော်ခြင်း**

Parima မှ သစ်သီးဝလံအလှပုံဖော်နည်းကိုဦးဆောင်သင်ကြားပေးခဲ့သည်။ Parima မှ သစ်သီးအလှဖန်တီးနည်းကို အခြေခံသင်ပြပေးပြီးနောက် စိတ်ဝင်စားသူအမျိုးသမီးများမှ သစ်သီးဝလံများကို ၄င်းတို့စိတ်ကြိုက်ပုံစံဖြင့် အလှဖန်တီးပြုလုပ်ခဲ့သည်။


**၆။ မြန်မာအက**


မြန်မာ့အကကို သီးညီနောင်အဖွဲ့မှ မင်းသမီးမြစပယ်ငုံနှင့် မင်းသမီးရွှေရည်ဝင်းတို့မှ သင်ကြားပေးခဲ့သည်။ မြန်မာအကတွင် အပျိုတော်ယိမ်းအကကို တက်ရောက်သူအမျိုးသမီးများ ပါဝင်ကနိုင်မည့် အလွယ်ဆုံးနည်းလမ်းများဖြင့် အခြေခံသင်ကြားပေးခဲ့သည်။ ❑



# နှစ် ၁၀၀ ပြည့် နိုင်ငံတကာအမျိုးသမီးများနေ့အထိမ်းအမှတ်အတွက် အမျိုးသမီးနိုး နှောဖလှယ်ပွဲအဖွဲ့၏ အထူးအစီအစဉ်

မတ်ချ်လ ၈၊ ၂၀၁၁ ရက်နေ့မနက်ပိုင်းတွင် ပုံမှန်အစီအစဉ်အရ အစီရင်ခံစာတင်သွင်းရန်ကျန်ရှိသော အချို့ဒေသများမှအမျိုးသမီးနှီးနှောဖလှယ်ပွဲအဖွဲ့များအစီရင်ခံစာတင်သွင်းပြီးနောက် အထူးအစီအစဉ်အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်မှ နိုင်ငံတကာအမျိုးသမီးများနေ့အမှတ်တရသတင်းစကား ဗွီဒီယိုခွေကိုကြည့်ရှုခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည် သတင်းစကားနားထောင်ပြီးနောက် တက်ရောက်လာသူများမှ ခံစားချက်များ ဖလှယ်ခဲ့ကြသည်။ ထို့နောက် ပုံမှန်အစီအစဉ်ဖြစ်သည့်မနက်ပိုင်းအလုပ်ရုံဆွေးနွေးပွဲသို့ အုပ်စုလိုက် တက်ရောက်ကြပြီး မွန်းလွဲပိုင်းတွင် နိုင်ငံတကာအမျိုးသမီးများနေ့ချီတက်ပွဲအတွက်ပြင်ဆင်မှုများပူးပေါင်းလုပ်ဆောင်ခဲ့ကြသည်။





မက်(ပ်) ပေါင်ဒေးရှင်းမှတဆင့် ရွှေ့ပြောင်းအလုပ်သမားများနှင့်ဒုက္ခသည်အမျိုးသမီးများထံသို့ပေးပို့သောဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံတကာအမျိုးသမီးများနေ့ အမှတ်တရသတင်းစကား ဗွီဒီယိုခွေကြည့်နေခြင်း

အနှစ်တစ်ရာမြောက် နိုင်ငံတကာအမျိုးသမီးများနေ့မှာ ကျမတို့ အဝေးရောက်သွားတဲ့ အမျိုးသမီးတွေကို စကားပါးခွင့်ရတဲ့အတွက်အင်မတန်မှ ဝမ်းမြောက်ဝမ်းသာနဲ့ ကျေကျေနပ်နပ်နဲ့ရှိရပါတယ်၊ ကျမတို့ ပြည်ပရောက်သွားတဲ့အမျိုးသမီးများဟာ ဒုက္ခအမျိုးမျိုးကိုရင်ဆိုင်နေရတယ်ဆိုတာလည်းသိပါတယ်၊ ဒုက္ခသည်တွေအဖြစ်နဲ့ပဲဖြစ်ဖြစ်။ ရွှေ့ပြောင်းအလုပ်သမားတွေအဖြစ်နဲ့ပဲဖြစ်ဖြစ် ပြည်ပကိုရောက်သွားတဲ့အခါကျလို့ရှိရင် ဘဝမှာ နေ့တဓူဝရုန်းကန်နေကြရတာပါ၊ ဒါကြောင့်မို့လို့ MAP Foundation လို အဖွဲ့အစည်းကို ကျမအင်မတန်မှ ကျေးဇူးတင်ပါတယ်၊ MAP Foundation ဟာ ဒေသခံတွေနဲ့ ကျမတို့ရဲ့ပြည်ပရောက်သွားတဲ့ ဒုက္ခသည်များ။ ရွှေ့ပြောင်းအလုပ်သမားများကြားမှာ အဆင်ပြေဖို့အတွက် အမျိုးမျိုးကြိုးစားကာ လုပ်ဆောင်နေတဲ့ အဖွဲ့အစည်းလို့ ကျမနားလည်ပါတယ်၊ ဒီလိုအဖွဲ့အစည်းများလိုအပ်တာတော့ မှန်ပါတယ်၊ ကျမအနေနဲ့လည်း ကျမတို့ရဲ့ ပြည်ပရောက်သွားတဲ့ ရွှေ့ပြောင်းအလုပ်သမားများ။ ဒုက္ခသည်များနဲ့ ဒေသခံပြည်သူများ အကြားမှာ ပြေလည်နိုင်ဖို့ အရေးကြီးတယ်။ အဲဒီလိုပြေလည်နိုင်ဖို့ ဘယ်လိုကြိုးစားပြီး လုပ်ဆောင်မလဲ ဆိုတာကို အမြဲပဲစဉ်းစားနေပါတယ်၊

ဥပမာအားဖြင့်ဆိုလို့ရှိရင် ကျမတို့ ပြည်ပရောက်သွားတဲ့ အမျိုးသမီးများဟာ အဲဒီဒေသအတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုသာမက ဒေသကိုလည်း အကျိုးပြုနိုင်တယ်ဆိုတာကို ကွက်ကွက်ကွင်းကွင်းပေါ်မယ်ဆိုလို့ရှိရင် ဒေသခံတွေအနေနဲ့လည်း ကျမတို့ရဲ့အမျိုးသမီးတွေအပေါ် မှာစိတ်ထားဟာ ပြောင်းသွားမယ်လို့ကျမတို့ထင်ပါတယ်၊ ဒီလို ကျမတို့အမျိုးသမီးတွေဟာဒေသကိုလည်း အကျိုးပြုနိုင်ဖို့ ရည်ရွယ်ချက်နဲ့ MAP Foundation ကနေပြီးတော့ အမျိုးသမီးတွေရဲ့ အရည်အသွေးတွေတက်အောင်လို့ လုပ်ပေးနေတယ်လို့ ကျမနားလည်ပါတယ်၊ ဒီကိစ္စဟာ လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စပါ၊ ကျမတို့ အမျိုးသမီးတွေကလည်း ကြိုးစားပြီးတော့ ဒီအခွင့်အရေးကို အကောင်းဆုံးဖြစ်အောင်သုံးမယ်လို့ ကျမမျှော်လင့်ပါတယ်။ ယုံကြည်ပါတယ်၊

ကျမပြောချင်တာကတော့ မျှော်လင့်ချက်ကိုတော့ ဘယ်တော့မှလက်မလွှတ်ပါနဲ့၊ ဒီနိုင်ငံကနေပြီးတော့ ထွက်သွားတဲ့အကြောင်းများဟာ ဘယ်လိုအခက်အခဲတွေကြောင့်လဲဆိုတာ တစ်ယောက်နဲ့တစ်ယောက် မတူပေမယ့် နောက်ဆုံး ဘယ်သူကမှ ထွက်သွားချင်လို့ ဒီလိုပုံစံနဲ့ထွက်သွားကြတာမဟုတ်ပါဘူး။ ကိုယ့်တိုင်းပြည်မှာ အခက်အခဲတွေများလွန်းလို့။ ကိုယ့်တိုင်းပြည်ရဲ့ဒုက္ခတွေဟာများလွန်းလို့ အခြားပြည်ပတိုင်းပြည်တွေကို သွားပြီးတော့ ရုန်းကန်ရတာဖြစ်ပါတယ်၊ ပြီးတော့ ကျမတို့ရဲ့ရည်ရွယ်ချက်ကတော့ ပြည်ပရောက်သွားတဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး လုံလုံခြုံခြုံ လွတ်လွတ်လပ်လပ်နဲ့ ကျမတို့နိုင်ငံကို ပြန်လာနိုင်မယ့်အခြေအနေတစ်ခု ဖန်တီးဖို့ပါပဲ၊ ဒီလိုကြိုးစားနေတဲ့တစ်ချိန်တည်းမှာပဲ ကျမတို့ရဲ့ အမျိုးသမီးများ။ အခုနယ်စပ်မှာရုန်းကန်နေရတဲ့ အမျိုးသမီးများရဲ့ဘဝဟာ ပိုပြီးတော့ ချောင်လည်အောင်လို့။ ပိုပြီးတော့သာယာအောင်လို့။ ပိုပြီးတော့ တိုးတက်မှုရှိအောင်လို့ တတ်နိုင်သမျှ ကျမတို့ကြိုးစားသွားမှာဖြစ်ပါတယ်၊ အဲဒီဟာအတွက်လည်း MAP Foundation လို အဖွဲ့အစည်းတွေနဲ့ ကျမတို့ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ချင်ပါတယ်၊ ဒီလိုဆောင်ရွက်ခြင်းအားဖြင့် ဒေသခံတွေအတွက်လည်း အကျိုးရှိနိုင်မယ်။ ကျမတို့ရဲ့ အမျိုးသမီးတွေအတွက်လည်းအကျိုးရှိနိုင်မယ်၊ ကျမတို့အမျိုးသမီးတွေဟာ အရည်အချင်းရှိတယ်လို့ ကျမယုံကြည်ပါတယ်၊ ဘဝမှာ ရုန်းကန်နိုင်တဲ့အရည်အချင်းဆိုတာ နည်းတဲ့အရည်အချင်းမဟုတ်ပါဘူး၊ ဒီလိုဘဝမှာရုန်းကန်နိုင်တဲ့ အရည်အချင်းရှိလို့လည်း စွန့်စွန့်စားစားနဲ့ ပြည်ပကိုသွားပြီးတော့ ဘဝသစ်ထူထောင်ဖို့ကြိုးစားကြတာပါ၊ ဒီလိုကြိုးစားတဲ့နေရာမှာ တစ်ချိန်လုံးရေရှည်အကျိုးအတွက်ကို စဉ်းစားစေချင်ပါတယ်၊ ရေရှည်ရည်မှန်းချက်ကို မျက်ခြေမပြတ် ရှိစေချင်ပါတယ်၊ ရေရှည်ရည်မှန်းချက်ကတော့ ကျမတို့နိုင်ငံ ပြန်ကိုပြန်လာပြီးတော့ ကျမတို့နိုင်ငံအကျိုးအတွက်တင် မဟုတ်ပဲနဲ့ ကမ္ဘာ့ပြည်သူပြည်သားများအကျိုးအတွက် ထမ်းဆောင်နိုင်မယ့် အမျိုးသမီးများဖြစ်အောင်လုပ်ဖို့ပဲဖြစ်ပါတယ်၊

အမျိုးသမီးများဆိုတော့ ကလေးတွေအကြောင်းမပြောလို့မဖြစ်ပါဘူး၊ အမျိုးသမီးနဲ့ကလေးဆိုတာ အမြဲပဲဆက်စပ်နေပါတယ်၊ ကျမတို့ ပြည်ပရောက်သွားတဲ့ ရွှေ့ပြောင်းအလုပ်သမားများ။ ဒုက္ခသည်များရဲ့ သားသမီးများဟာ ဘဝမှာတိုးတက်မှုရှိနိုင်မယ့် ပညာရေး။ အခွင့်အရေးတွေရဖို့ဆိုတာ အင်မတန်မှအရေးကြီးပါတယ်၊ အဲဒီဟာအတွက်လည်း MAP Foundation လို အဖွဲ့အစည်းများကူညီနေတယ်ဆိုတာ ကျမတို့နားလည်ပါတယ်၊ ကျမတို့အနေနဲ့လည်း ထပ်ပြီးတော့ တတ်နိုင်သမျှကူညီသွားပါ့မယ်၊ ကျမတို့ ကလေးတွေဟာ ပညာတတ်မှ ကလေးတွေရဲ့ အနာဂတ်တင်မကဘူး။ ကျမတို့နိုင်ငံရဲ့အနာဂတ်ဟာ ကောင်းမွန်မှာပါဆိုတာ ထူးထူးခြားခြား ပြောနေဖို့မလိုဘူးလို့ထင်ပါတယ်၊

ဒီတော့ထပ်ပြီးတော့ကျမပြောရမယ်ဆိုလို့ရှိရင် အခုနိုင်ငံတကာအမျိုးသမီးများနေ့မှာ ကျမတို့ရဲ့ပြည်ပရောက်သွားတဲ့အမျိုးသမီးများအားလုံး ကျန်းကျန်းမာမာ။ ချမ်းချမ်းသာသာ မျှော်လင့်ချက်အပြည့်အဝနဲ့ ဆက်လက်ပြီးတော့ ကိုယ်လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စတွေကို ဆောင်ရွက်သွားနိုင်ပါစေလို့ ကျမကနေပြီးတော့ ဆုတောင်းပါတယ်၊ ဒီ့ပြင်လည်း ကျမတို့ အားလုံးဟာ တစ်နေ့တစ်ချိန်တစ်ခါမှာ။ နောက် သိပ်မဝေးတော့တဲ့ တစ်နေ့တစ်ချိန် တစ်ခါမှာ ကျမတို့နိုင်ငံမှာ အားလုံးဆုံတွေ့ပြီးတော့။ အားလုံး လက်တွဲပြီးတော့ စိတ်ဓာတ် တက် တက်ကြွကြွနဲ့ ကျမတို့နိုင်ငံရဲ့အကျိုးအတွက်။ ကမ္ဘာကြီးရဲ့ အကျိုးအတွက် အတူထမ်းဆောင်နိုင်ကြပါစေလို့လည်း ကျမ ဆုတောင်းလိုက်ပါတယ်၊ အားလုံးကို ကျေးဇူးတင်ပါတယ်၊

# တက်ရောက်လာသူအမျိုးသမီးများမှ ဒေါ်အောင်ဆန်းစုကြည်သတင်းစကားအပေါ် ပြန်လည်တုံ့ပြန်ခြင်း

၁။ ကျမတို့ သတ္တိတွေရှိနေတာ သူ့ရဲ့လုပ်ဆောင်မှုက ကျမတို့ရဲ့ရှေ့ဆောင်လမ်းပြဖြစ်တယ်၊ ကျမတို့ရဲ့ တကယ့်ခေါင်းဆောင်၊ နိုင်ငံရဲ့ အမျိုးသားခေါင်းဆောင်ဖြစ်တဲ့အတွက်၊ သူ့လိုမျိုးနမူနာယူပြီး ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် ကြိုးစားရမယ်ဆိုတာ ယုံကြည်တယ်၊ ကျမတို့တိုင်းပြည်အတွက်တိုက်ပွဲဝင်တဲ့နေရာမှာ ခရီးလမ်းဆုံး မရောက်သေးပေမယ့် အားလုံးတိုက်ပွဲဝင်နေကြတယ်လို့ ယုံကြည်တယ်၊ အဲဒီအတွက်လည်း ဂုဏ်ယူပါတယ်။

၂။ ကျမအနေနဲ့ဝမ်းနည်းဝမ်းသာခံစားရပါတယ်၊ မမျှော်လင့်ပဲ ကျမတို့ရဲ့မိခင်ကြီးက ကျမတို့ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးများအတွက် အားပေးစကားပြောတာကြားရတဲ့အတွက် အင်မတန်ပဲ ခွန်အားရတယ်။ ကျမတို့လဲကိုယ့်ဘဝတွေကို ဆုံးရှုံးမခံပဲ မိခင်အောင်ဆန်းစုကြည်လိုပဲ ဘဝတိုက်ပွဲဝင်ကြဖို့တိုက်တွန်းချင်ပါတယ်။

၃။ ကျမလည်း ဝမ်းလည်းဝမ်းနည်း ဝမ်းသာခံစားရပါတယ်။

၄။ ကျမတို့ ဝမ်းနည်းဖို့မလိုတော့ပါဘူး၊ ဝမ်းသာဖို့ပဲရှိပါတော့တယ်၊ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အားပေးစကားထဲကလိုပဲ ကျမတို့ဒီနေ့ကစပြီး ဝမ်းနည်းမနေပဲ ရှေ့ဆက်အမျိုးသမီးများအတွက် အကျိုးပြုလုပ်ငန်းတွေကို အားကြိုးမာန်တက်အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းချင်ပါတယ်။

၅။ ကျမ အရမ်းကိုအံ့ဩမိတယ်။ ဒေါ်အောင်ဆန်းစုကြည်က ကျမတို့ဒုက္ခသည်အမျိုးသမီးတွေကို သတိရလိမ့်မယ်လို့ လုံးဝမထင်ခဲ့ဘူး၊ အခု ဒေါ်စုရဲ့ ကျမတို့ကိုနားလည်ပေးပြီး မေ့မထားပဲသတိရမှုတွေအတွက် ကျမပိုပြီးအားတက်လာတယ်၊ ကျမတို့ကို အသိအမှတ်ပြုပေးတဲ့အတွက် ကျမတစ်ကယ်ပဲ အမျိုးသမီးတွေအတွက် လုပ်ပေးကိုင်ပေးချင်စိတ်တွေ ပိုဖြစ်လာတယ်၊ ပိုပြီးခွန်အားရှိလာတယ်။ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း အရမ်းပဲကျေးဇူးတင်ပါတယ်။ ဒီလိုဒေါ်အောင်ဆန်းစုကြည်ရဲ့ မိန့်ခွန်းကို သယ်ဆောင်ပေးတဲ့ မက် (ပ်) ဖေါင်ဒေးရှင်းကိုလည်း အရမ်းကို ကျေးဇူးတင်ပါတယ်။ တခြားအမျိုးသမီးတွေကိုလည်း ပြန်ပြောပြမယ်၊ သူတို့လည်း ဝမ်းသာမှာပဲ။

၅။ ကျမနာမည်က မလှိုင်ပါ။ ကျမအသက် ၄၀ ရှိပါပြီ။ မြန်မာပြည်မှာမွေးပြီး ထိုင်းနိုင်ငံရောက်နေတာရာစုနှစ်အတော်ကြာနေပါပြီ။ အခုလိုဒေါ်အောင်းဆန်းစုကြည် အသံနဲ့ ကျမတို့အတွက် အေးချမ်းစွာ မိန့်ခွန်းစကားပြောနေတဲ့ပုံတွေ့ ရတဲ့အတွက် အရမ်းကိုဝမ်းသာတယ်။ အရင်တုန်းကဆိုသူ့ကိုစစ်သားတွေဝိုင်းနေတာပဲတွေ့ရတယ်။

၆။ ဒေါ်အောင်ဆန်းစုကြည် အချုပ်ခံရတာကြားတော့ မျှော်လင့်ချက်မရှိသလို ခံစားရတယ်။ လွတ်မြောက်လာပြီဆိုတာသိရတော့ အရမ်းကိုဝမ်းသာတယ်။ တကယ်ဆို ကျမတော့ မျှော်လင့်ချက်မရှိတော့ဘူးလို့ထင်ထားတာ ဒေါ်စုလွတ်လာတော့ ကျမမြန်မာပြည်ကိုပြန်ချင်စိတ်ပေါက်လာ



တယ်။ သူမလွတ်ခင်ကတော့ မြန်မာပြည်လည်း မပြန်ချင်ဘူး၊ ထိုင်းမှာပဲနေဖို့ အမြဲတမ်းကြိုးစားအားထုတ်ခဲ့တယ်၊ အခုတော့ မြန်မာပြည်မှာပဲ အခြေချဖို့ဆုံးဖြတ်လိုက်တယ်။

၇။ ကျမဟာ မြန်မာနိုင်ငံကလာပေမယ့် မြန်မာနိုင်ငံသားလက်မှတ် မှတ်ပုံတင်တော့မရှိဘူး၊ ကျမတို့နယ်မြေက အမည်းရောင်နယ်မြေ၊ တိုက်ပွဲဖြစ်တဲ့နေရာ၊ တိုက်ပွဲဖြစ်ရင် အမြဲပြေးရတယ်၊ ၂ နှစ်သမီးလောက်တည်းက ပြေးရတယ်၊ အရင်တုန်းက ဒေါ်အောင်ဆန်းစုကြည်ဆိုတာ မကြားဖူးဘူး၊ တွေ့လည်းမတွေ့ဖူးဘူး။ နယ်စပ်ဖက်ရောက်တော့ အမျိုးသမီးအဖွဲ့အစည်းတွေနဲ့တွေ့တယ်၊ လူငယ်တွေ ခွန်အားဖြစ်အောင်လည်းပံ့ပိုးပေးတယ်၊ သတင်းတွေဖတ်ရင် ဒေါ်စုအကြောင်းတွေ အမြဲကြားလာတယ်၊ သူပြန်လွတ်တဲ့ အချိန်မှာ ကျမသင်တန်းတက်နေတယ်။ ဘယ်လိုပြောရမှန်း မသိဘူး၊ အရမ်းဝမ်းသားတယ်။ အခုလို ဒေါ်စုရဲ့သတင်းစကားခွေပြပေးတဲ့ မက် (ပ်) ဖေါင်ဒေးရှင်းကိုလည်း အရမ်းပဲကျေးဇူးတင်ပါတယ်။

၈။ အောင်ဆန်းစုကြည်ရဲ့ နှုတ်ခွန်းဆက်စကားကိုကြားရပြီး ကျမအရမ်းပျော်ပါတယ်။ ပြီးတော့ မျှော်လင့်ချက်တခုရှိလာတယ်။ ကျမရန်ကုန်မှာ ကျောင်းတက်တုန်းက ကျမသူငယ်ချင်းတွေထဲမှ အကျဉ်းကျသူတွေလည်းရှိပါတယ်။ စက်တင်ဘာတော်လှန်ရေးနဲ့ပတ်သက်ပြီး ကျောင်းသူကျောင်းသားတွေပါရောဖမ်းတယ်။ အဲဒီအချိန် ဒေါ်စုကအကျဉ်းထောင်ထဲမှာ ရှိနေတဲ့အချိန် ကျမတို့ သူငယ်ချင်းတွေအားလုံးအတွက် မျှော်လင့်ချက်မရှိဘူး၊ ဘယ်တော့မှပြန်လွတ်မှန်း ဘယ်လောက်ထောင်ကျမလဲဆိုတာ မသိဘူး၊ ဒါပေမဲ့ ဒေါ်စုလွတ်မြောက်လာပြီးနောက်ပိုင်းမှာ ပိုပြီးမျှော်လင့်ချက်ရှိလာတယ်။

**နှစ်တစ်ရာပြည့် နိုင်ငံတကာအမျိုးသမီးများနေ့အခမ်းအနားတွင် အမျိုးသမီးနိုးနှောဖလှယ်ပွဲအဖွဲ့မှ သီဆိုမည့် သီချင်းလေ့ကျင့်ခြင်းနှစ်တစ်ရာပြည့်**

နိုင်ငံတကာအမျိုးသမီးများနေ့အခမ်းအနားတွင် အမျိုးသမီးနိုးနှောဖလှယ်ပွဲအုပ်စုမှသီဆိုဖျော်ဖြေရန် (Helen Reddy) သီဆိုထားသည့် (I am woman) သီချင်းကို နိုးနှောဖလှယ်ပွဲစတင်သည့် မတ်ချ်လ ၆ ရက်နေ့မှစ၍အခမ်းအနားမစတင်ချိန် မတ်ချ်လ ၈ ရက်နေ့ မွန်းလွဲပိုင်းအထိ အားလပ်သည့်အချိန်တိုင်းတွင် လေ့ကျင့်သီဆိုခဲ့ကြသည်။

**သီဆိုသည့်သီချင်းစာသား**

I Am Woman
(by Helen Reddy)

I am woman, hear me roar
In numbers too big to ignore
And I know too much to go back an' pretend
'Cause I've heard it all before
And I've been down there on the floor
No one's ever gonna keep me down again

Oh yes, I am wise
But it's wisdom born of pain
Yes, I've paid the price
But look how much I gained
If I have to, I can do anything
I am strong (strong)
I am invincible (invincible)
I am woman

You can bend but never break me
'Cause it only serves to make me
More determined to achieve my final goal
And I come back even stronger
Not a novice any longer
'Cause you've deepened the conviction in my soul

Oh, yes, I am wise
But it's wisdom born of pain
Yes, I've paid the price
But look how much I gained
If I have to, I can face anything
I am strong (strong)
I am invincible (invincible), I am woman

I am woman watch me grow
See me standing toe to toe
As I spread my lovin' arms across the land
But I'm still an embryo, With a long, long way to go
Until I make my brother understand

Oh, yes, I am wise
But it's wisdom born of pain
Yes, I've paid the price
But look how much I gained
If I have to, I can face anything
I am strong (strong)
I am invincible (invincible), I am woman

Oh, I am woman,
I am invincible, I am strong

I am woman,
I am invincible, I am strong, I am woman

# နှစ်တစ်ရာပြည့် နိုင်ငံတကာအမျိုးသမီးများနေ့ ချီတက်ပွဲတွင် ကိုင်ဆောင်မည့်စာတမ်း၊ ဆိုင်းဘုတ်များ ပြင်ဆင်ခြင်း

အမျိုးသမီးနှီးနှောဖလှယ်ပွဲတက်ရောက်ကြသော အနယ်အနယ်အရပ်ရပ်မှ အမျိုးသမီးများမှ နှစ်တစ်ရာပြည့် နိုင်ငံတကာအမျိုးသမီးများနေ့ချီတက်ပွဲတွင် ကိုင်ဆောင်မည့် စာတမ်းများ၊ ဆိုင်းဘုတ်များကို မတ်ချ်လ ၈ ရက်နေ့ မွန်းလွဲပိုင်းတွင်ပြင်ဆင်ခဲ့ကြသည်။ စာတမ်းများ၊ ဆိုင်းဘုတ်များတွင် အမျိုးသမီးများမှ ၄င်းတို့တောင်းဆိုချင်သည့် အချက်များ၊ အမျိုးသမီးများလိုအပ်သည့် အခွင့်အရေးများ၊ အချက်အလက်များကို မြန်မာ၊ ကရင်၊ ရှမ်း၊ ထိုင်း၊ အင်္ဂလိပ် စသည့် ဘာသာစကားအမျိုးမျိုးဖြင့် ရေးသားခဲ့ကြသည်။

**နှစ်တစ်ရာပြည့် နိုင်ငံတကာအမျိုးသမီးများနေ့ ချီတက်ရတွင်သံပြိုင်ရွတ်ဆိုမည့် ဆောင်ပုဒ်များလေ့ကျင့် ခြင်း**

အမျိုးသမီးနှီးနှောဖလှယ်ပွဲတက်ရောက်သည့် အမျိုးသမီးများမှ မွန်းလွဲပိုင်းအချိန် (ချီတက်ပွဲသို့မသွားခင်) တွင် ချီတက်ရာလမ်းတလျှောက် သံပြိုင်ရွက်ဆိုသွားမည့် ဆောင်ပုဒ်များကို ဘာသာ ၃ မျိုးဖြင့် ရွတ်ဆိုလေ့ကျင့်ခဲ့ကြသည်။ ဆောင်ပုဒ်၏သံစဉ်ကိုတော့ အဆိုတော် Shakira သီဆိုထားသည့် Waka Waka သီချင်းသံစဉ်ဖြင့် ရွတ်ဆိုခဲ့ကြ သည်။

**မြန်မာဘာသာဖြင့် ရွတ်ဆိုမည့်ဆောင်ပုဒ်**

အမျိုးသမီးများနေ့ ဟေး ဟေး
အမျိုးသမီးများနေ့ ဟေး ဟေး
အထိမ်းအမှတ်ပွဲ ကျင်းပလာ
ဒီနေ့မှာ နှစ်တရာပြည့်


**အင်္ဂလိပ်ဘာသာဖြင့် ရွက်ဆိုမည့်ဆောင်ပုဒ်**

Women eh eh ..
Women eh eh ..
One hundred years now
This is for us today ..



# တက်ရောက်လာသော အမျိုးသမီးများအတွက် ညစာစားပွဲကျင်းပခြင်း (မတ်ချ်လ ၉ ရက်နေ့ည)





၂၀၁၁ မတ်ချ်လ ၉ ရက်နေ့ညတွင် အမျိုးသမီးနှီး နှောဖလှယ်ပွဲကြီး (Women Get Together) မှ ညစာစားပွဲ ကျင်းပ ပြုလုပ်ခဲ့သည်။ ထိုညစာစားပွဲတွင် ဒေသအသီးသီးမှ တက်ရောက်လာသော အမျိုးသမီးနှီးနှောဖလှယ်ပဲအုပ်စုလေးများမှသက်ဆိုင်ရာ ယဉ်ကျေးမှုအကအလှများတင်ဆက်ဖျော်ဖြေခဲ့သည့်အပြင် သီချင်းသီဆိုဖျော်ဖြေခြင်းများလည်းရှိပါသည်။ ထို့ပြင် အမျိုးသမီးနှီးနှောဖလှယ်ပွဲကြီးအတွင်း ပြုလုပ်ခဲ့သည် ဖျော်ဖြေရေးအစီအစဉ်မှ မြန်မာအကအုပ်စု၊ ဗိုက်လှုပ်အကအုပ်စုတို့မှ လည်း သင်ကြားခဲ့သောအကများကို ပြန်လည်ဖျော်ဖြေခဲ့ကြသည်။ ထိုညစာစားပွဲတွင် အမျိုးသမီးနှီးနှောဖလှယ်ပွဲကြီးသို့ တက်ရောက်သော အမျိုးသမီးများအပါအဝင် ချင်းမိုင်အခြေ စိုက် အမျိုးသမီးအဖွဲ့ဝင်များ၊ မက် (ပ်) ဖေါင်ဒေးရှင်းမှ ဝန်ထမ်းများအားလုံးလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။



# အမျိုးသမီးနှီးနှောဖလှယ်ပွဲကြီး
# နောက်ဆုံးနေ့ အစီအစဉ်

ဒုက္ခသည်အမျိုးသမီးကြားမှာ ဘယ်လိုအပြောင်း အလဲလိုချင်လဲ၊ ဒီအချိန်ကနေ ၂၀၂၀ ခုနှစ်အတွင်းမှာ အလုပ်သမားတွေနဲ့ ဒုက္ခသည်အမျိုးသမီးတွေကြားထဲမှာ ဘယ်လို အပြောင်းအလဲမျိုးလိုချင်လဲ၊ ဘယ်အရာတွေက ပြောင်းလဲ သင့်တဲ့အရာတွေလဲ။

**တက်ရောက်သူအမျိုးသမီးများမှ ဆွေးနွေးဖလှယ်ခြင်း**

၁။ ကျမတို့အားလုံးမြန်မာပြည်ထဲကိုပြန်ရောက်ပြီးငြိမ်း ချမ်းတဲ့နိုင်ငံလေးတစ်ခုကို အတူတူတည်ဆောက်နိုင်မယ်လို့ မျှော်လင့်ပါတယ်။

၂။ သူများနိုင်ငံမှာ ဒုက္ခတွေနဲ့ ဖိနှိပ်ခံရတဲ့နေရာကနေ ပြီးတော့ ကိုယ့်နိုင်ငံထဲမှာ ဒီမိုကရေစီနဲ့ ငြိမ်းချမ်းတဲ့နိုင်ငံ အောက်မှာနေရမယ်လို့ မျှော်လင့်ပါတယ်။

၃။ ၁၀ နှစ်အတွင်းမှာ အလိုချင်ဆုံးအရာတခုက ဒုက္ခ သည်ရော၊ အလုပ်သမားအမျိုးသမီးတွေဟာ နိုင်ငံရေးဆွေး နွေးပွဲတွေမှာ၊ နိုင်ငံရေးဇာတ်ခုံမှာ၊ နိုင်ငံရေးစွမ်းရည်မြှင့်တင် ရေးတွေမှာ အမျိုးသားတွေနည်းတူ စားပွဲခုံတခုံတည်းမှာ တန်းတူထိုင်နိုင်တဲ့ အခြေအနေကိုရောက်မယ်လို့ မျှော်လင့် တယ်။

၄။ ရွှေ့ပြောင်းအမျိုးသမီးနဲ့ မြန်မာနိုင်ငံဆိုင်ရာ အမျိုး သမီးသမဂ္ဂအဖွဲ့အစည်းတစု ပေါ်ပေါက်စေချင်တယ်။ (အ လုပ် သမားအမျိုးသမီးသမဂ္ဂလိုမျိုး)

၅။ နောက်ထပ် ၁၀ နှစ်ဆိုရင် ဒီလိုနှီးနှောဖလှယ်ပွဲဟာ မြန်မာနိုင်ငံတွင်းမှာ လုပ်နိုင်မယ်လို့မျှော်လင့်တယ်။

၆။ တနေ့တချိန် မြန်မာပြည်ပြန်ရောက်ရင် ဒီလိုပဲ စည်း ဝေးပြန်ဆုံပြီး ငြိမ်းချမ်းစွာနဲ့ ပြန်လည်စည်းရုံးနိုင်မယ်၊ တွေ့ ဆုံနိုင်မယ်လို့ မျှော်လင့်တယ်။

၇။ မြန်မာပြည် ပါလီမာန်အတွင်းမှာ အထက်လွှတ်တော် အောက်လွှတ်တော်မှာ ဝန်ကြီးဌာနတွေမှာ အမျိုးသမီးတွေ ပါဝင်လာမယ်လို့ မျှော်လင့်တယ်။

၈။ ဒီအမျိုးသမီးနှီးနှောပွဲမှာပါဝင်တက်ရောက်သူတွေထဲ ကမှ အမျိုးသမီးဝန်ကြီးတွေ ဖြစ်လာမယ်လို့ မျှော်လင့်တယ်။

**၉၊ (ဂျက်ကီမှပြန်လည်ဆွေးနွေးခြင်း)**

ဒီမိုကရေစီနိုင်ငံဖြစ်ခဲ့သည့်တိုင်အောင် ရွှေ့ပြောင်း အလုပ်သမားတွေ၊ ဒုက္ခသည်တွေက ဆက်ရှိနေဦးမှာပဲ၊ အဲဒါ တွေပျောက်ဖို့ အချိန်အများကြီးစောင့်ရဦးမှာဖြစ်တယ်။ ဒီမို ကရေစီရပြီးလို့ မြန်မာနိုင်ငံ ချက်ချင်းကောင်းသွားမှာမဟုတ် ဘူး၊ ပြောင်းနိုင်တာတခုက ဒီမိုကရေစီရပြီးရင် ထိုင်းကိုလာတဲ့ ရွှေ့ပြောင်းတဲ့သူတွေဟာ သူတို့နိုင်ငံအကြောင်း ဥပဒေအ ကြောင်းတွေသိလာနိုင်မယ် ။

၁၀။ ရွှေ့ပြောင်းအလုပ်သမားအမျိုးသမီးတွေအနေနဲ့ ဂျက်ကီကို ကျမတို့နဲ့အတူရှိစေချင်တယ်၊ ဂျက်ကီတို့ရှိရင် ကျမတို့ အားရှိတယ်၊ မြန်မာနိုင်ငံ နေရပ်အများကြီးကိုလည်း လာလည်ဖို့ဖိတ်ခေါ်တယ်။

၁၁။ နောက်ထပ် ၅ နှစ်ဆိုရင် ထိုင်းနိုင်ငံမှာလိင်အလုပ်ကို အလုပ်အဖြစ် သတ်မှတ်မယ်လို့ မျှော်လင့်တယ်။ အဲဒါမှ လည်းမြန်မာနိုင်ငံကလာတဲ့ လိင်အလုပ်သမားတွေပိုပြီးအ ခွင့်အရေးရမှာဖြစ်တယ်။



# နောက်နှစ်မှာ ဘယ်လိုအပြောင်းအလဲမြင်ချင်လဲ


**တက်ရောက်သူများမှ ပြန်လည်ဆွေးနွေးခြင်း**

၁။ ရွှေ့ပြောင်းအလုပ်သမားဘပနဲ့ ဒုက္ခသည်တွေအပြင် ပြည်တွင်းအမျိုးသမီးတွေရဲ့ အပြောင်းအလဲကလည်း အရေးကြီးတယ်လို့ မြင်တယ်။ နောက်နှစ်မှာ ပြည်တွင်းက အမျိုးသမီးတွေကို များများဖိတ်ပြီး ဒီမှာလာဆွေးနွေးစေချင်တယ်၊ အခြေအနေတွေကို မျှဝေချင်တယ်။

၂။ စခန်းမှာနေတဲ့အတွက် စခန်းထဲမှာ လူသစ်တွေအများကြီးဝင်လာတယ်၊ စစ်မှုမထမ်းဥပဒေကြောင့် တက်လာတာများတယ်၊ နောက်နှစ် နိုးနှောဖလှယ်ပွဲတွေမှာ အမျိုးသမီးအသစ်တွေကို စွမ်းရည်မြှင့်တင်ပေးမယ်၊ သူတို့မသိသေးတာတွေ၊ သူတို့ကိုယ်တိုင် အကြမ်းဖက်မှုမသိတဲ့သူတွေကို သိလာအောင်၊ စွမ်းရည်မြှင့်တင်ပေးမယ်။

၃။ ဒုက္ခသည်အမျိုးသမီးတွေအတွက် အမျိုးသမီးတွေဟာ သတ္တိရှိလာမယ်၊ ယုံကြည်မှုပိုရှိလာပြီး ကိုယ့်အခွင့်အရေးအခြေအနေတွေကို ကိုယ့်အသိုင်းအဝိုင်းမှာ၊ နိုင်ငံတကာမှာ ထုတ်ဖော်ပြောဆိုရဲမယ်လို့ မျှော်လင့်တယ်။ ဒီလိုမျိုးဖြစ်ဖို့က အမျိုးသမီးကွန်ယက်အဖွဲ့တွေက အကူအညီရဖို့ကလည်း အရေးကြီးတယ်။ အမျိုးသမီးအဖွဲ့တွေဆီကနေ အကူအညီမတောင်းခင် ဒုက္ခသည်အမျိုးသမီးတွေရဲ့အခြေအနေတွေကို ကျမတို့ကအရင်ပြောပြဖို့လိုတယ်။ အဲဒါမှ ကျန်တဲ့သူတွေက ကူညီလို့ရမယ်၊ ဒုက္ခသည်ဆွေးနွေးပွဲတွေအခြေအနေဆွေးနွေးပွဲတွေလုပ်ရင် တက်ရောက်ပေးဖို့၊ ဒုက္ခသည်အမျိုးသမီးတွေအကြောင်းကိုလည်း အခြေအနေပေးရင်ပေးသလို ပြန်လည်မျှဝေပေးဖို့လိုအပ်တယ်။

၄။ ရွှေ့ပြောင်းအလုပ်သမားတွေတောင်းဆိုထားတဲ့လုပ်အားခတန်းတူရေးနဲ့ ဥပဒေတွေကို လက်တွေ့ကျင့်သုံးဖို့မျှော်လင့်တယ်။ ဒါပေမဲ့ ဒုက္ခတွေကတော့ ဒီလိုပဲကြုံနေရဦးမယ်လို့တော့ထင်ပါတယ်။ ဥပဒေမှာ သတ်မှတ်ထားတဲ့လုပ်ခလစာအတိုင်းလိုချင်တယ်။




၅။ အလုပ်သမားတွေအတွက် မက် (ပ်) ဖေါင်ဒေးရှင်းကနေ ကမ္ဘာ့ကုလသမဂ္ဂကို အစီရင်ခံစာတင်တဲ့အခါ အလုပ်သမားအခြေအနေကို ထည့်သွင်းရေးဖို့ အဲဒီအခါ ကမ္ဘာ့ကုလက အကြံပြုချက်တွေထွက်လာဖို့ (ထိုင်းအစိုးရကို) ပြီးရင် ထိုင်းအစိုးရကို ဘယ်လိုဖိအားပေးရမလဲဆိုတာပိုသိမယ်။

၆။ အလုပ်သမားတွေမှာ လက်မှတ်လုပ်ရတယ်၊ ပတ်စပို့လုပ်ရတယ်။ ဒါပေမဲ့ နယ်မြေပေါ် မူတည်ပြီးကြုံရတဲ့အခက်အခဲတွေဖြစ်နေတဲ့အကြောင်း ပြောချင်တယ်။ တချို့အလုပ်ရှင်တွေက ပတ်စပို့ကိုသိမ်းထားတော့ မိသားစုတွေ လုပ်ငန်းခွင်တွေ အတူတူလုပ်ချင်လည်းမရဘူး၊ ရွှေ့ပြောင်းသွားခြင်းမရှိတဲ့သူတွေအတွက်၊ အသိမ်းခံရတဲ့သူတွေအတွက်လည်း လုပ်ပေးစေချင်တယ်။ သွားချင်ရင်လည်း ခွင့်ပြုမှရတယ်။အဲဒါမျိုးမဖြစ်စေချင်ဘူး။ ကိုယ်ပိုင်အလုပ်ရွှေ့ခွင့်ရဖို့ အစီရင်ခံစာရေးတဲ့အခါ ထည့်သွင်းစေချင်ပါတယ်။

၇။ အလုပ်သမားတွေ ခေါင်းပုံဖြတ်ခံရတာ၊ လူကုန်ကူးခံရတာတွေပျောက်ကင်းဖို့နဲ့ လျော့သွားအောင်လုပ်ပေးဖို့ မျှော်လင့်ပါတယ်။

အမျိုးသမီးများအားလုံးပျော်ရွှင်ချမ်းမြေ့တဲ့ ဘဝကိုပိုင်ဆိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။ ❑










Chiang Mai Office

P. O. Box 7. Chiangmai University, Chiang Mai 50202.
Tel: 053 811 202. Fax: 053 271 551
E-mail: map@mapfoundationcm.org

Mae Sot Office

No. 1/5, Ameena Uthit Road, Mae Sot, Tak, 63110
Tel/Fax: 055-536-381
E-mail: map@mapfoundationcm.org

Website: www.mapfoundationcm.org listen online radio at www.mapradio.org